www.burmeseclassic.com

မိုးဃကါမင်းရင်

# အချစ်...နှင့် ဖဲကစားခြင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၂၇၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၇၀၁၀၆၀၉
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
ထုတ်ဝေသည့်ကာလ – စက်တင်ဘာလ၊ ၂၀၀၉
ကွန်ပျူတာစာစီ – ပွင့်/ စွမ်းအား
မျက်နှာဖုံးဒီဇိုင်း – Po Aung
၁၅၃၊ ရလမ်း၊ ၂ ရပ်ကွက်၊ လှိုင်
အဖုံးဖလင် – Eagle
အတွင်းပုံနှိပ်နှင့်မျက်နှာဖုံးပုံနှိပ် – ဦးသော်လွင်မြင့်
စန္ဒကူးပုံနှိပ်တိုက်၊ 9 (H)
နဝရတ်ရိပ်သာလမ်း၊ မရမ်းကုန်း
ထုတ်ဝေသူ – ဒေါ်မိုးကေခိုင်
– ချိုတေးသံစာပေ
– ရွှေနံ့သာကျေးရွာ ပုလဲမြို့ (၃)
– မင်္ဂလာဒုံ၊ ရန်ကုန်မြို့။
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၃၀၀ ကျပ်

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

မိုးသက်မင်းရှင် ၈၉၅.၈၃
အချစ်နှင့် ... ဖဲကစားခြင်း / မိုးသက်မင်းရှင်။ – ရန်ကုန်၊
ချိုတေးသံစာပေ၊ စက်တင်ဘာ၊ ၂၀၀၉။
စာ – ၁၇၆၊ ၁၃ စင်တီမီတာ × ၁၈ စင်တီမီတာ

# အချစ်

နှင့်

# ဖဲကစားခြင်း

( မိုးသက်မင်းရှင် )

စင်ရော်စာပေ
အမှတ်(၁၂/ခ)၊ သီရိမြိုင်လမ်းမ
(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



(ပိုဒ်ဦး)

**အခါမဲ့** သည်းသည်းမည်းမည်း ရွာချလိုက်သော မိုးကြောင့် ပြတင်းတံခါးကို ထပိတ်လိုက်၏။ ဆောင်းနှင့်အတူ ပါလာသော မိုးသည် ပတ်ဝန်းကျင်တစ်ခုလုံးကို အငြိုးတကြီးနှင့် တိုက်ခိုက်နေသလို သစ်ပင် သစ်ရွက်တို့သည် အေးမြသော မိုးရေစက်တို့ကြောင့် ခိုက်ခိုက်တုန်မျှ ချမ်းနေရှာရော့မည်။ တစ်ချက် တစ်ချက် ပါလာသော လေပြင်းတို့ကြောင့် ညသည် အထိထိ အခိုက်ခိုက်ဖြင့် ဒဏ်ရာရနေသလို ညည်းညူနေလေ၏။

မှန်ပြတင်းမှ မြင်နေရသော လျှပ်ပန်း လျှပ်နွယ်တို့ကို ငေးမောရင်း သူ့ရင် တစ်ခုလုံး တဆစ်ဆစ် နာနေဆဲ၊ ခန့်မှန်းရ ခက်လှသော

www.burmeseclassic.com

www.burmeseclassic.com



ဆောလုံးပွဲ တစ်ခုလို ပြောင်းလွှယ် ပြင်လွှယ်သည့် အမျိုးသမီး တစ်ဦး၏ စိတ်ကို ယခုထိ သူ နားလည်ရ ခက်နေ ဆဲ၊ ခံပြင်းစိတ် တို့သည် ချစ်စိတ်ကို ဖုံးလွှမ်းသွား လိုက်၊ ချစ်စိတ်သည် ခံပြင်းစိတ်ကို ဖုံးလွှမ်း သွားလိုက်နှင့်။

နားထဲမှာတော့ "ဟုတ်တယ် ငါ သူ့ကို ချစ်တယ်လို့ အဖြေပေးလိုက်ပြီ" ဟူသော စကားသံ သည် နံရံများစွာကို ရိုက်ခတ်ပြီး သူ့ထံသို့ အကြိမ်ကြိမ် ပျံလွင့်လာသလို။

ယောကျ်ားတစ်ယောက် ဖြစ်နေလျက် မိန်းမတစ်ယောက်လောက်တောင် မပြတ်သားနိုင် သည့် သူ့စိတ်ကိုပဲ အဖန်ဖန် အပြစ်တင်မိသည်။

"နေဝင်လတ် မင်း နွားကျလုံချည်လား၊ ကိုယ့်ကို လှည့်စားတဲ့လူကိုပဲ တမ်းတမ်းတတ ဖြစ်နေရအောင်မင်း ယောကျ်ားမဟုတ်ဘူးလား"

ဘယ်လိုပဲ သူ့စိတ်ကိုသူ ဆုံးမ စေကာမူ ဖဲဝိုင်းမှာ ဖဲရှုံးသော လူငယ် တစ်ဦးလို သူ့နှလုံးသားသည်လည်း ညစ်တွန်း တွန်းချင်နေ၏။ အချစ်ကို ရှုံးမဲ့ မချင်နေသည်။

စိတ်ထဲမှာတော့........

"......ဘေသီချို့ အချစ်ဆိုတဲ့ ဖဲဝိုင်းမှာ ကိုယ် ရိုးရိုး သားသား ကစားခဲ့ပါတယ်၊ ရိုးရိုးသားသား



သစ္စာရှိခဲ့ပါတယ်၊ ဒါနဲ့ ဆန့်ကျင်ဘက် တည်ရှိစွာ လုပ်ကြံ ခံခဲ့ရတော့ ကိုယ် ဒီ အချစ်လို့ အမည်တပ်ထားတဲ့ စိတ်ခံစားမှုကို မယုံကြည်ဘူး၊ ကိုယ်ကောင်းရင် ခေါင်းမရွှေ့ဆိုတဲ့ စကားကိုလဲ မယုံကြည်တော့ဘူး၊ နေ့တိုင်းကြည့်နေကြတဲ့ လူတွေရဲ့ အကြည့်တွေ၊ ပြောနေကြတဲ့ လူတွေရဲ့ အသံတွေ ·၊···ကိုယ် ယုံကြည်ထားခဲ့တဲ့ မင်းရဲ့ချစ်ခြင်းတွေ ငါမလိုချင်တော့ဘူး ဘေသီချို၊ ငါ စိတ်မလုံတော့ဘူး........."ဟုအကြိမ်ကြိမ် ရွတ်ဆိုနေဆဲ····။

အခါခါ ယှိမ်းနွဲ့နေခဲ့ဖူးသော ပန်းနွယ် တို့ကို ကြည့်ပြီး စိတ်ထဲမှာ ကိုယ့်ကိုကိုယ် နာကြည်း စိတ်က ဝင်လာ၏။ ငါဟာ အစွမ်းအစ မရှိတဲ့ ယောကျ်ားတစ်ယောက်လား၊ ဒါမှမဟုတ် ငါဟာ ရှုံးနိမ့်မှုကို မွေးဖွားလာသည့် လူတစ်ယောက်လား၊ မခံချင်စိတ်နဲ့ နာကြည်းစိတ်သည် ဆံဖျားထိ ထိုးတက် လာ၏။ ဒီအရှုံးကို ငါ မချေဖျက်နိုင်ဘူးလား၊ နားထဲ မှာ ကြားနေရသော စကားတစ်ခွန်းက အနှောင့်ပေါ် တုတ်ကျသလို။

"....အလကားပါကွာ၊ ဒီကောင် ထသား သူ့ရည်းစားလို့ ပြောနေတာ၊ ဟိုက သူ့ထွယ်ရာမှာ ဘဲတစ်ဗွေ နဲ့ တွဲနေတာ ကြာလှပြီ၊ ဒီကောင်ကသာ လိုက်ကပ်နေတာ ဖြစ်မှာပါ၊ ဘယ်ယှဉ်လို့ရမှာလဲ၊

www.burmeseclassic.com



ဟိုကောင်က ကားနဲ့ဖုန်းနဲ့ ဝေဿဝဥစ္စာ·····"

ဒီအရှုံးကို ပြန်ပြင်ဖို့၊ ဒီလိုစကားတွေကို ချေဖျက်ဖို့ အကြိမ်ကြိမ် စဉ်းစား၏။ အကြိမ်ကြိမ် ဆုံးဖြတ်၏။

ကေသီချို ဒီအရှုံးအတွက် မင်းပေးဆပ်ရမယ်၊ မရရအောင် ကိုယ်ပြန်လာမယ်၊ သေချာတာ တစ်ခုကတော့ ဖဲကစားသလို ကစားရပြီးရော၊ ကံစီမံရာဆိုတဲ့အဝိုင်း မဟုတ်တော့ဘူး၊ ဖဲနိုင်ဖို့၊ ဖဲနိုး၊ ဖဲချန်၊ ဖဲညစ် နောက်ဆုံး မရတော့ဘူးဆိုရင် ဖဲဝိုင်းပါ ဖျက်ဖို့ ကိုယ့်သိက္ခာကို ဦးတည်ပြီး အဓိကထားတဲ့ အချစ်ကစားပွဲ စစ်စစ်တစ်ခုကို ကစားတော့မယ် ဆိုတာပဲ·······။

ဒီလို ကစားနိုင်ဖို့ ကိုယ် သေသေချာချာ တစ်ခုပဲ ပြင်ဆင်လာတယ် ကေသီချို၊ အဲဒါ ဘာလဲဆိုတော့ "လိုအပ်သလို ဟန်ဆောင် နိုင်ဖို့" ဆိုတဲ့ စိတ်တစ်ခုတည်း ပါပဲ၊ ဒီပွဲမှာတော့ လူရွှင်တော်နှင့် မင်းသမီး တွဲကခါနီး လူရွှင်တော် ပြောလေ့ ပြောထ ရှိတဲ့ စကားလိုပဲ··

"ဘုရားတရားသာ တပေတော့ ကေသီချိုရေ"

♥ ♥ ♥ ♥



၁

"နင် အဲဒီလို ပြောလိုက်တော့ နေဇင်လတ် ဘယ်လိုဖြစ်သွားလဲ"

စိုးစိုးမြတ် စကားကြောင့် ကေသီချို အဲဒီနေ့က အဖြစ်ကို ပြေးမြင်၏။ ပြန်စဉ်းစားကြည့်ရင် သူမ လွန်သွားပြီလားဟု တွေးမိသည်။ တကယ်ဆို သူမက အချစ်ဆိုတာကို ခုထိ ဘာမှန်းလဲ မသိသေး။

ဒီတော့ အရုပ်ဝယ်သလိုသာ သဘောထား၏။ သူမလက်ထဲမှာ ရှိသည့် အရုပ်ထက် စတိုးဆိုင်မှာ ပြထားသည့် အရုပ်ကို ပို၍ သဘောကျတတ် ၏။

ခုလဲ သူမကို ပရိုပို့စ် လုပ်လာသည့် စိုးထိုက်အောင်က နေဇင်လတ် ထက် သူမစိတ်ထဲ ပို၍ ရင်ခုန်ဖို့ကောင်းသည်ဟု ထင်သည်။ ဒါကြောင့် နေဇင်လတ် မသိအောင် စိုးထိုက်အောင်ကို လက်ခံမိလိုက်၏။

ဒါပေမယ့် သူမစိတ်ထဲမှာ နေဇင်လတ်ကိုလဲ မဖြတ်ချင်၊ ချစ်သူသက်တမ်း ခြောက်လသာသာ ရှိသည်အထိ နေဇင်လတ်၏

www.burmeseclassic.com

ခပ်အေးအေး သူမအပေါ် အနှံ့တာခံလွန်းတာကို အားမလို အားမရ ဖြစ်နေသလို သူများ ရည်းစား တွေလို သဝန်တိုတာ၊ ဆိုးတာလဲ မရှိ။

ခုတော့ ရင်ခုန်ချင်လို့ ရည်းစား ထားတာ ကျောက်ဆစ်ရုပ်ကို ရည်းစားထားရသလို။

"ပထမတော့ ငါ့ကို အံ့ဩသလိုပေါ့၊ နောက်တော့ ငါ့ကို နှုတ်ဆက်ပြီး ပြန်သွားတာပေါ့"

"ဘာမှ မပြောသွားဘူးလား"

"ပြောသွားတာပေါ့၊ သူ မယုံနိုင်ဘူးတဲ့၊ ဒါပေမယ့် ငါစိတ်ချမ်းသာမယ်ဆိုရင် သူ ကျေနပ်ပါတယ် ဆိုပြီး ငါ့ကိုကြေကွဲပြသွားတာပေါ့"

"နင်ကလဲဟယ် သနားပါတယ်၊ နေဇင်လတ်က နင့်ကို တကယ်ချစ်တဲ့ ဥစ္စာ"

"ဟဲ့ ငါ့ကို ချစ်တာပဲ ရှိတာ၊ ဘာမှ အစွမ်းအစ ရှိတာ မဟုတ်ဘူး။ငါကသူ့ကို အားကိုးအားထား ပြုဖို့နေနေသာသာ ငါကတောင်သူ့ကိုပြန်ပြီးစောင့်ရှောက်ရမယ်ပုံ ပေါက်နေတယ်"

"ခုတော့ ပြောပြီပေါ့၊ စိုးထိုက်အောင်က နင့်အေးရောက် နေပြီဆိုတော့ ... နင့်ကိုလဲ ငါ အံ့ဩတယ် ကေသီချို၊ နေဇင်လတ်ကို တောင် မဖြတ်သေးဘဲ စိုးထိုက်အောင်ကို အဖြေပေးလိုက်တာ နေဇင်လတ်လို ယောကျ်ားမျိုးမို့လို့၊ တခြား ခပ်ထက်ထက် ယောကျ်ား မျိုးဆို နင် ပြဿနာတက်မယ်"

"ထားလိုက်ပါတော့ဟယ်၊ စိုးထိုက်အောင်ဆိုလို့ ကိုစိုးက ငါ့ကိုခုထဲကသဝန်တိုနေတယ်၊ငါ့ကို ဘယ်ယောကျ်ားနေ နဲ့မှစကားပြောတာ မကြိုက်ဘူး၊ ညတိုင်း ငါ့ကိုဖုန်းဆက်တယ်ငါ ဘယ်သွားလဲ ဘယ်လာလဲဆိုတာကအစ တစ်နေ့လုံး ငါဘာတွေလုပ်





နေလဲ အဆုံးမေးတယ်၊ နေဇင်လတ် ကိစ္စကိုလဲ မေးတယ်၊ ငါက ငါ့ကိုပရိုပိုစ်လုပ်ထားတဲ့ လူပါလို့ဖြေလိုက်တယ်"

"ကေသီချိုရယ် အမှန်အတိုင်း သိသွားရင် ပြဿနာ တက်နေဦးမယ်"

"ငါနဲ့ နေဇင်လတ် ရည်းစားဖြစ်တာ အပြင်လူဆိုလို့ နင်တို့ပဲ သိတဲ့ဥစ္စာ၊ ကိုစိုး ဘာသိစရာ ရှိလဲ"

"နင့်အိမ်ကရော..."

"ငါ့အိမ်က နဂိုထဲက နေဇင်လတ်ကို သိပ်သဘောကျတာမှ မဟုတ်တာ၊ ခုတော့ ပိုတောင် ကောင်းသေး"

ကေသီချို စကားကြောင့် စိုးစိုးမြတ် ရင်မောသွား၏။ သူမ သူငယ်ချင်း ခုလိုမျိုး ယောကျ်ားတွေကို ပေါ့ပေါ့တန်တန် သဘောထား နေခြင်းကို သူမ လုံးဝ သဘောမကျပေ။

တစ်နေ့မဟုတ် တစ်နေ့ ဒုက္ခ တွေ့လိမ့်မည်ဟု စိုးစိုးမြတ် တွေးလိုက်၏။ အေးလေ သူမကသာ ဒီလို စိုးရိမ်နေတာ။ ငွေကြေးကို တန်ဖိုးထားသော ဆိုရှယ်မိသားစုမှာ ရှိသားမှ ကြီးစားမှုတို့ထက် ပို၍ လက်ဆုပ်လက်ကိုင်မပြနိုင်သောချစ်ခြင်းကဘာမျှ တန်ဖိုး ရှိလိမ့်မည်မဟုတ်။

ကေသီချိုမှာ သူမ ထုံးစံအတိုင်း ကိုစိုး ခြင်းမိုးမွှန်အောင် သူမ လက်ရှိတွဲနေသည့် ကုမ္ပဏီတစ်ခုမှ မန်နေဂျာပေါက်စအကြောင်းကို နှုပြောလို့ခဆုံး ကြွားလို့မဆုံး။

ဒီစကားတွေကိုသာ အသံသွင်းထားပြီး နေဇင်လတ်ကို သွားဖွင့်ပြလိုက်လျှင် ဟိုကောင်နေဇင်လတ် ဘယ်လိုများဖြစ်သွားမည်။

သေချာသည်ကတော့ အနည်းနှင့်အများတော့ ခံစားရမည်မှာ အမှန်ပင်။ "အင်း..အချစ်..အချစ်" မဖြေနိုင်သော ပုစ္ဆာတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖြေမိသလို စိုးစိုးမြတ်မှာ ခေါင်းရှုပ်သွား၏။

"ဒါနဲ့ နင် သင်တန်းကို ရောက်သေးလား"

ကေသီချို အမေးစကားကြောင့် စိုးစိုးမြတ်မှာ အတွေးကမ္ဘာထဲမှ လွန့်လူးလာသည်။

"ရောက်တာပေါ့၊ နင့်ကိုတောင် ချိုချိုတို့ မေးနေကြသေးတယ်၊ ငါတို့ တစ်အုပ်စုလုံး ပျောက်နေတော့ဆက်မတက်တော့ဘူး လို့ ထင်နေကြတာ"

စိုးစိုးမြတ် အဖြေကြောင့် ကေသီချိုမှာ ပါးစပ်ထဲ ထည့်ဖို့ပြင်နေသည့် ခရမ်းသီးဖယ်ခြောက်ကို ပြန်ချလိုက်ပြီး.....

"ဟဲ့ ဆက်မတက်တော့ရအောင် သင်တန်းကြေးက အပြည့်သွင်းတာပဲ၊ ခုမှ သင်တန်းက တစ်ဝက်ပဲ ကျိုးသေးတဲ့ဥစ္စာ၊စာမေးပွဲက လိုသေးတော့ အေးအေးဆေးဆေးပဲ၊ ဒါနဲ့ သူတို့ စာမေးပွဲ ဖောင်တင်လိုက်ပြီလား"

"ငါတို့ အကုန်လုံး စုပြီး တင်ကြမဲ့ဥစ္စာ၊ ဘယ်တင်ရဦးမှာလဲ"

"ဒါဆို စုလိုက်လေ၊ ရှေ့တစ်ပတ်လောက် တင်လိုက်ရအောင် တော်ကြာ နောက်ကျသွားလို့ ဒဏ်ကြေးထိနေဦးမယ်၊ ဟော.. ဆရာဝင်လာပြီ"

ကေသီချို စကားကြောင့် အခန်းပေါက်ဝသို့ စိုးစိုးမြတ် လှမ်းကြည့်လိုက်၏။

စာရင်းကိုင်(၁)ဘာသာကို သင်သော ဆရာကြီး ဝင်လာတာကို တွေ့လိုက်ရသဖြင့် အခန်းသားအားလုံးမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

ဒီအေ ပတ်တူးတွင် စာရင်းကိုင်(၁) မှာ လွယ်မယောင်နှင့် အခက်ဆုံးဖြစ်သဖြင့် ဒီဆရာကြီး အချိန်မှာ ဘယ်သူမှ စကားမများရဲ



ဆရာ စာစသင်နေသည်မို့ နောက်မှ လိုက်မှတ်၍ များထောင်နေရင်း နေဖင်လတ် ဒီနေ့သင်တန်း လာမတက်ပါလား ဟု ကေသီချို တွေးမိလိုက် ၏။

ပြီးတော့မှ ငါနဲ့ ဘာဆိုင်တော့တာလဲဟု စဉ်းစားမိပြီး သူ့အတွေးကို သူ ရှက်မိသည်။

တစ်ခါတလေတော့လည်း ငါ အတွေးများ ကြီးသွား သလားဟု ကိုယ့်ကိုကိုယ် ပြန်စဉ်းစားမိ၏။

ထိုင်နေသည့်နေရာမှ လှမ်းမြင်နေရသော သခင်မြပန်းခြံသည် မနက်စောစော နှင်းမှုန်များ ကြားထဲတွင် ဣန္ဒြေရရ အိပ်စက်နေ၏။ လေအတိုက်မှာ ဝေ့ဝဲကျလာသော ကျောင်းဝင်ပေါက်ဝ အပင်ကြီးမှ အရွက်ကြွေများ၏ ဂီတသံကြားထဲတွင် စာရင်းကိုင် သင်တန်းကျောင်းကြီးမှာ အသက်ဝင်ဖို့ အားအင်ယူနေဆဲ။

ဘွဲ့ရပြီးသော်လည်း စွမ်းမံလို့ မဆုံးသည့် ပညာရေးကို ကြာတော့ သူမ စိတ်ပျက်လာ၏။ ဘဝကို ခပ်လွယ်လွယ်ပဲ မြေရှင်းချင်လာ၏။

ကေသီချို မှာ စာသင်နေရင်းနှင့် အတွေးတို့မှာ ဟိုတစ်စ ဒီတစ်စ ပြန့်ကြဲလျက်။ သိပ်မကြာခင်ကို ရိုး သူ့ကိုကြိုဖို့ ရောက်လာတော့မည်မို့ကျောင်း ဝင်ပေါက်ဝဘက်ကို ငေးကြည့်လိုက်၏။

ဒီလိုပဲ သူမနှင့် နေဖင်လတ်တို့ ကျလာဆဲ မြူနှင်းမှုန်တို့လို တစစ ပြယ်လွင့်မှာသာ အမှန်ပင်...။

တစ်ခါတလေကျတော့ အချစ်ဆိုတာ ဘဝရဲ့ အသက်ရှင်နေနည်းမှာ ဘာမှ အရေးမပါဟု ကေသီချို တွေးလိုက်ရင်း ချက်နှာကို မဲ့ပြုံး ပြုံးလိုက်မိ၏။

www.burmeseclassic.com



ဘေးမှာ ထိုင်နေသော ရိုးရိုးမြတ်မှာ တစ်ယောက်တည်း ပြုံးနေသော သူမသူငယ်ချင်းကို ကြည့်ရင်း ဝေါက်သွားပြီလား ပုံစံဖြင့် ကြည့်ကာ ရှေ့ဆက်နေသောစာကိုသာလိုက်၍ ဆက်ရေးနေတော့၏။

♣ ♣ ♣ ♣



"ဖဲရှုံးတဲ့လူအဖို့ ကိုယ်ရှုံးခဲ့တဲ့ဝိုင်းကို ပြန်ကစားတော့မယ်ဆိုရင် ပထမဦးဆုံး အရှုံးကို အသိအမှတ် မပြုဖို့ လိုပါတယ်၊ ပြီးတော့ ဘယ်လောက်ပဲ ပြန်ပြီးနိုင်လာပါစေ၊ စိတ်က ဝိုင်းဖြတ်အားတဲ့ အခါကို ရောက်ရင် ဝိုင်းထဲကနေ ယတိပြတ် ထွက်ခွာလာနိုင်ဖို့ လိုပါတယ်၊ ဒါက ရိုးရိုးတန်းတန်း မှန်မှန်ကန်ကန် ကစားတဲ့အခါမှာသာ သုံးဖို့လိုတာ....။

ဒါပေမယ့် ကိုယ့်ကို ညစ်ပတ်ပြီး ကစား တဲ့ ဝိုင်းကို ပြန်ကစားတော့မယ်ဆိုရင် သူတို့ထက် ပိုပြီး ညစ်ပတ်ဖို့ လိုတယ်၊ ဥပမာ- ဝိုင်းထဲမှာ ကစားနေတဲ့ ဖဲထုပ်ပုံစံကို ရှာပြီး အနည်းဆုံး ဖဲ နှစ်ချပ် သုံးချပ် ဝိုင်းထဲကို ဆောင်လာဖို့ပဲ၊ သဘော ကတော့ ဖဲနိုးဖို့ လိုတယ်ဆိုတာပါပဲ၊

အဲ..နောက်တစ်ခုက ပိုပြီးအရေးကြီးတယ်၊ ကိုယ့်ကိုညစ်ပြီး ကစားလိုက်တဲ့ လူတွေက ကိုယ့်ကို အရှုံး တစ်ကောင် ငတုံးတစ်ကောင်အဖြစ် ဆက်ထင် နေဖို့လည်း မှင်သေဖို့ လိုပါတယ်၊ ဒါ ဝိုင်းထဲကို ပြန်ဝင်တဲ့ အခါမှာနော်၊ ဒါမှ ဘေးကကြည့်တဲ့လူတွေက ကိုယ့်ကို အားမလို အားမရ ဖြစ်ပြီး ဒီလောက် တောင် နုံရသလားလို့ ဆဲမနေသာ ဖြစ်ရင်..."

www.burmeseclassic.com

## ၂

"**ခွေး**မသား နေဇင်လတ် မင်းကို ဒီလောက် အရူးလုပ်လွှတ်လိုက်တာတောင် မင်းက ခုထိ ဒီဟာမ တစ်ခုခုဖြစ်မှာကို စိုးရိမ်နေသေးတယ်၊ ဖြစ်ပါစေ ပိုးစိုးပက်စက် ဖြစ် ဒါမှ ကောင်းတာ"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ မြင့်ဆွေရာ၊ ချိုလေးက ဘာမှ နားလည်တာ မဟုတ်ဘူး၊ ဟိုကောင်က မယူဘဲ ပစ်သွားရင်ချိုလေးပဲ နစ်နာမှာ၊ ပြီးတော့ ငါနဲ့ ချိုလေးက ချစ်သူတွေ မဟုတ်တော့ ပေမယ့် တစ်နိုင်သလောက်တော့ ငါ ချိုလေးရေ့ မားမားမတ်မတ် ရပ်တည်ပေးချင်သေးတယ်"

"တောက်!.. မင်းကို ငါ ဘယ်လို နားလည်ပေးရမလဲ ကိုယ့် ကို အဖြေပေးတယ်၊ ပြီးတော့ နှစ်ဝက်လောက်တွဲပြီး နောက်တစ်ယောက်ကို ပြောင်းတွဲတယ်၊ဟိုကို လက်ခံပြီး မင်းကိုဖြတ်တယ်... မင်း ဒီလောက်တောင် နွားကျရချည်လား ...**ဒီမှာ နေဇင်လတ် !**.. မိန်းမတွေ အားလုံး ဒီလို ပုံစံမျိုးပါပဲလား





ဘာမှထူးပြီး မပိုပါဘူး၊ ဒါကိုများ တမ်းတမ်းစွဲ ဖြစ်နေရအောင် မင်းမှာ အနေ မရှိဘူးလား၊... ကိုယ့်ကိုမှ မညှာတဲ့ဥစ္စာ"

"ငါ သူ့ကို တကယ်ချစ်တာ မြင့်ဆွေ၊ ဘယ်လိုအကြောင်းကြောင့် ငါ့ကို ပစ်သွားသည်ဖြစ်စေ ပျော်လင့်ခွင့်ရှိသလောက်ငါ မျှော်လင့်နေမှာပဲ၊ခုလဲသူလက်ခံလိုက်တဲ့ ကိုစိုးထိုက်အောင်က မင်းတို့ ဘက်မှာနေတာ ဆိုတော့ ခုနငါပြောခဲ့သလိုကိုစိုးထိုက်အောင်နဲ့ မင်း ဝင်ပြီး ပူးပေးစမ်းပါ၊ဒါမှချိုလေး အပေါ် သူ ဘယ်လိုသဘောထားလဲဆိုတာ ငါသိရမှာ"

"**ကျွတ်!**..ဘယ်လိုသတ္တဝါလဲ ကွာ၊ မင်းပြောသလို ဝင်ပူးလိုက်ပြီဆိုပါတော့ ဟိုကောင်က ငနုံအ မှ မဟုတ် တာ၊ တစ်နေ့မဟုတ် တစ်နေ့ မင်းနဲ့ ငါ သူငယ်ချင်းဆိုတာ သိသွားမှာပေါ့"

"ဒါကိုတော့ မပူနဲ့ မြင့်ဆွေ၊ မင်းနဲ့ ငါနဲ့က သင်တန်းမှာပဲ သိကြတာလို့ ချိုလေးတို့အုပ်စုက ထင်ထားကြတာ၊ မင်း စိုးထိုက်အောင်ကို ဝင်လုံးပြီဆိုတာနဲ့ မင်းနဲ့ငါ.. ခပ်ခွါခွါနေလိုက်ကြမယ်၊ တစ်ပတ် တစ်ခါ မင်းမင်းထွန်းတို့ အိမ်မှာတွေ့ကြမယ်လေ"

နေဇင်လတ် စကားကြောင့် မြင့်ဆွေ စိတ်ထဲ တစ်ခုကို သွားတွေးမိလိုက်၏။

ဒီကောင် ရူးများ ရူးနေပြီလား၊ ဒါမှမဟုတ် ဘာတွေ များ ကြံနေပါလိမ့်။

"နေဇင်လတ် မင်း စိတ်တော့ ကောင်းပါတယ်နော်၊ ရည်းစား ဖြတ်ခံလိုက်ရတာနဲ့ သွေးလေချောက်ခြားပြီး ထင်ရာမြင်ရာတွေလျှောက်လုပ် နေတာလား၊ မလွယ်ဘူးနော် တချို့ကိစ္စတွေက မင်းပြောသလို လွယ် ဘူး၊ ငါက စိုးထိုက်အောင်ကိုလုံးရတာ ဘာမှ ပြဿနာ မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



●

.....ဘာလို့လဲဆိုတော့ လမ်းထဲမှာသောလုံးကန်နေကျမို့ အရင်ထဲက သိနေတာ။ ငါက တစ်ခုပဲ စဉ်းစားနေတာမင်းဘာအကြံအစည် ရှိလို့လဲ-သေါက်တတ်ကရ တွေ လျှောက်ကြံမနေနဲ့နော်...၊ မင်းနဲ့ငါရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ အသုံးချရအောင်.. မင်းဟာမလေးကအဲဒီ လောက် တန်ဖိုးရှိတဲ့ မိန်းမ တော့တ်ဘူး...”

“ဒီလိုတော့ မပြောပါနဲ့ မြင့်ဆွေရာ...”

နေဇင်လတ်မှာ စကားကို ဆက်မပြောတော့ဘဲ စားပွဲခုံပေါ် ကျလာသည့်တာဒံရွက်ကိုတောက်လိုက်သည်။

ချာလပတ်လည်၍ထွက်သွားသော သစ်ရွက်ကြွေလေးနောက်သို့ လိုက်ကြည့်ရင်း မြင့်ဆွေမှာ သူ့စကားအတွက် သူငယ်ချင်းဖြစ်သူကို အားနာသွား၏။

နေဇင်လတ် အစား မခံနိုင်လွန်း၍သာ မနေနိုင် မထိုင်နိုင် ဝင်၍ ပြောမိခြင်း ဖြစ်သော်လည်း ကာယကံရှင်ကိုယ်တိုင်က ကိုယ့်ကို ဒီလောက်လုပ်ထားတာတောင် မနာနိုင်သေး။

ကိုယ့်ကို လှမ်းသွားသည့်လူအတွက် ပြန်ပြီး စိုးရိမ်ပူပန်ပြ နေသေးသည်။ ဟင်း....ခက်ပါတယ်၊လောကမှာ ဒီလို လူစားမျိုးကလဲ ရှိသေးသကိုး။

လက်ဖက်ရည်ခွက်ထဲ အနည်းငယ်သာ ကျန်တော့သည့် လက်ဖက်ရည်ကို ကုတ်ကပ်သောက်လိုက်ရင်း နေဇင်လတ်မှာ မြင့်ဆွေကို တစ်ချက်ကြည့်လိုက်၏။

သူ လိုချင်သော အနေအထားသို့ရောက်ပြီလားဆိုတာ ပြန်သုံးသပ်ကြည့်လိုက်၏။ နည်းနည်းတော့ ထပ်ဖြည့်လိုက်ဦးမှ ဟု။

“မြင့်ဆွေ မနေ့က မင်း သင်တန်းသွားသေးလား”

“သွားတယ် ဘာဖြစ်လို့လဲ”



●

“ချိုလေး ငါ့ကို မေးသေးလား၊ ငါမတက်တာ တစ်ပတ် လောက်ရှိနေပြီ”

“မင်းကို မေးဖို့ နေနေသာသာ သူ့ကောင်နဲ့သူ ပျော်နေတာနဲ့ သတိတောင်ရမှာ မဟုတ်ဘူး၊ ဟိုကောင်ကလဲ ဒီလောက်အစောကြီး ကျောင်းကို လိုက်ပို့ရတယ်လို့ တော်တော် ဝီရိယကောင်းနေတယ်၊ နေဇင်လတ်.. မင်းကောသိချို့ အပေါ် ဘယ်လိုပဲ သဘောထားထား ငါ ဘာမှမပြောလိုဘူး၊... ဒါပေမယ့် သင်တန်းနဲ့ င်းကိစ္စကိုတော့သွားမရော မီစေနဲ့၊ခုစာ တွေက ပါတ်ဝမ်း(Part 1) တုန်းကလို နီးမှ ကပ်လုပ်လို့ရတဲ့ စာတွေ မဟုတ်ဘူး၊ မင်းတို့ ငါတို့က ဒီ ဒီအေ (D.A)ရမှလုပ်ငန်းခွင် မှာ ရာထူးတက်ပြီး လူရာဝင်မှာ၊ ကိုယ့်ဘဝလဲ ကိုယ်သိဦး”

“အေးပါကွာ၊ ငါ မနက်ဖြန်က စပြီး ကျောင်း ပြန်တက်မှာပါ၊ ငါ ပြောတာလဲ မမေ့နဲ့နော်၊ ကျောင်းမှာ မင်းနဲ့ငါ ခပ်တန်းတန်းပဲ နေရအောင် ဒါမှ ဘယ်သူမှ မရိပ်မိမှာ”

မြင့်ဆွေမှာ သောက်လက်စ စီးကရက်ကို စားပွဲခုံပေါ် ထိုးချေ ပြီး...

“မမေ့ပါဘူး ငနွားရာ၊ မင်းသာ ဒီထက်ပိုပြီး ရောဂါမဆိုး ဖို့သာ သတိထား”

မြင့်ဆွေစကားကြောင့် နေဇင်လတ်မှာ မချိုပြုံး ပြုံးရင်း လက်ဖက်ရည်ဖိုးရှင်းရန် စားပွဲထိုးကို လှမ်းခေါ်လိုက်၏။

ပိုက်ဆံရှင်းပြီး သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်မှ ထွက်တော့ ဝတ်ဝန်းကျင် ဩတ္တသ တစ်ခုလုံး အအေးဓာတ်တို့ လွှမ်းခြုံနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

မြင့်အေ့ကိုလိုင်းကားပေါ်တင်ပေးပြီး အပြန်လမ်းတစ်လျှောက် လျှောက်လာရင်း နေဇင်လတ် ရင်ထဲ ခါးသီးသော အမုန်းတရားတို့က တငွေ့ငွေ့ တောက်လောင်လျက် ။

ပြောင်းလွယ် ပြင်လွယ်သော မိန်းမတစ်ယောက်၏ ချစ်ခြင်းကြောင့် ကျရှုံးခဲ့ရသော သိက္ခာတရားသည် သူမဆီမှ ဆုံးရှုံးခဲ့ရသော ချစ်ခြင်း တရားထက်တော့ ပိုနေပေလိမ့်မည်။

အိမ်ထဲသို့ ဝင်သည့် ခြံဝင်းတံခါးကို ဖွင့်၍ဝင်ပြီး တံခါးကို ပြန်ပိတ်ကာ ခြံအဝင်အဝ ပေါင်းမိုးပေါ် အညွန့်အခက် တင်ထား၍ စိုက်ပျိုးထားသည့် စံပယ်အိုးပွတ်ပင်မှ ပွင့်နေသည့် စံပယ်ကိုင်းတစ်ခုကို ဘာရယ်မဟုတ် ချိုးယူလိုက်ပြီး မွှေးကြည့်လိုက်၏။

စပယ်ရနံ့သည် ဂန္ဓာရုံမှတဆင့် နှလုံးသည်းပွတ်ထိ စီးဆင်းသွား၏။ သူ..လိုချင်သည်မှာ သည်လို ဖြူစင်မွှေးပြံမှုမျိုး ။ မရတော့ကော ..ပြဿနာမရှိ။

♥ ♥ ♥ ♥



♣

ပိုကာဖဲကစားပြီဆိုလျှင် ကိုယ့် အပေါ်အိမ်မှာ ဘာဖဲတွေ ရှိနေသည် ဆိုတာ သိဖို့ မှန်းဆနိုင်ဖို့ လိုသည်။ ဒါ အရေးကြီးဆုံး ဖြစ်သည်။ အရေးကြီးတာက ဖဲ ဝိတ်မိနေဖို့၊ ဒီလိုပဲ ချစ်ခြင်းမှာ သူမရဲ့ ပြင်းဆန်ခွင့်နဲ့ သူမ ဝိတ်မိနေစေဖို့...။

"ချစ်ခြင်းဟာ ဓာတ်လမ်းတစ်ပုဒ်ဆိုရင် ပါဝင်လှုပ်ရှားမယ့် ဇာတ်ကောင်တွေကို ရွေးဖို့ လိုပါတယ်၊ ဒါမှ ကိုယ် ကြိုက်နှစ်သက်သလို 'က' လို့ ရမှာပါ၊ ကိုယ်ဟာ ဒီဇာတ်မှာ ခြယ်လှယ်မယ့် သူလား/ ခြယ်လှယ်ခံရမယ့် သူလား၊ ဒါကို သေသေ ချာချာ သိဖို့လိုပါလိမ့်မယ် ......။

သေချာတာတစ်ခု ကတော့ ဆုံးဖြတ်ပိုင်ခွင့်ဟာ ကိုယ့်ဆီမှာ မရှိရင် ရှိအောင် ဘယ်လိုလုပ်မလဲ... ပြဿနာက အဲဒါ ပါပဲ...။

လွယ်လွယ်လေးပါ "ဖဲချိုး ဖဲဝေ" လုပ်တဲ့အခါ နိုင်အောင် ကစားမယ့်လူတွေက နှပ်ကြောင်းရအောင် ဖန်ပေးလိုက်သလို လုပ်ပေး နိုင်ဖို့ပါပဲ၊ ဝေပေးရမယ့်လူတာလဲ ဖဲနှပ်ကြောင်း အတိုင်း..."

♣



www.burmeseclassic.com

www.burmeseclassic.com

## ၃

နေဗင်လတ် စာသင်ခန်းထဲ ဝင်လာတော့ ရုတ်တရက် အသံများ ဆိတ်ငြိမ်သွား၏။

သူဝင်လာသည့် အချိန်က နာမည်ကြီး တန်ဖိုးတွက် စာရင်းကိုင် (costing) အချိန်။ ဆရာမှာ ဌာနဆိုင်ရာ တစ်ခုမှ အရာရှိကြီး တစ်ယောက်မို့ သူ့အချိန်နောက်ကျလျှင်လုံးဝမကြိုက်။

ဆရာကို ခွင့်တောင်းသည့်အနေဖြင့် လက်ညှိုးထောင်ပြပြီးသင်တန်းခန်းမထဲသို့ဝင်လာကာ အနီးဆုံးလွတ်သည့် နေရာသို့ ဝင်ထိုင်ဖို့ ပြင်လိုက်၏။

"ခုန ဝင်လာတဲ့ မောင် ကျောင်းသား၊ မထိုင်နဲ့ဦး ဘယ်အချိန် ရှိပြီလဲဆိုတာ နာရီကို တစ်ချက် ကြည့်လိုက်ဦး"

ဟိန်းခနဲ ထွက်လာသော အသံကြောင့် နေဗင်လတ် ထိုင်ခုံ ထိုင်ဖို့ ပြင်နေရာမှ တွန့်ခနဲ ဖြစ်သွားပြီး စတိတ်စင်ပေါ်မှ ဆရာကို မော့ကြည့်လိုက်၏။ စူးရဲသော ဆရာ့ မျက်ဝန်းတွေကို မဝံ့မရဲ ရင်ဆိုင်ရင်း





"ရှစ်... ရှစ် နာရီ ထိုးပါပြီ ဆရာကြီး"

"ဘာလဲ ရိုးကောလ် လာထိုးတာလား? စာလာသင်တာလား?"

"စာလာသင်တာပါ ဆရာ"

"ဒီအချိန် စာသင်တဲ့ အချိန်လားကွ၊ သင်ပေးရမယ့် ငါတို့က မိုးမလင်းခင်ထဲက ရောက်အောင်လာရတယ်၊ သင်ရမယ့် မင်းတို့က သင်တန်းချိန်ကို မှီအောင်မလာနိုင်ဘူး၊ ကဲ ပြော မနက်စောစော မလာနိုင်ရအောင်မင်းမှာကလေးရှိ နေလို့လား"

ဆရာ၏ ခပ်ရွဲ့ရွဲ့အမေးစကားကြောင့် ဝေါကနဲ တစ်ခန်းလုံး ခိုင်းပြီ ရယ်ကြသည်။ နေဗင်လတ် စိတ်ထဲ ရှက်သွားသော်လည်း အတွေးတစ်ခုကဝင်လာသည်။ဒီအချိန် ထည့်လိုက်ရင်...။ သူ့ စာသင်တန်းရှေ့ခန်းရှိ ကေသီချိုတို့ရှေတန်း ရှိရာသို့ မျက်ခနဲ တစ်ချက် ဆွေကြည့်လိုက်ပြီး

"မရှိပါဘူး ဆရာ၊ ညက အလုပ် အချိန်ပို ဆင်းရလို့ပါ"

သူ့ စကားကြောင့် ဆရာမှာ အနည်းငယ်တွေဝေသွားဟန်နှင့် သူ့ကို ကြည့်ကာ

"မင်းက အစိုးရဝန်ထမ်း မဟုတ်လား၊ ဒီအချိန် ဘတ်ဂျတ်ပိတ် ချိန်လဲ မဟုတ်ပါဘူး"

"မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် ညဘက် စားသောက်ဆိုင် တစ်ခုမှာ အချိန်ပိုင်း စာရင်းကိုင် ဝင်လုပ်နေရလို့ နေက် မနိုးတာပါ ဆရာ"

သူ့ စကားကြောင့် ကေသီချိုတို့ရှေတန်း တစ်တန်းလုံး သူ့ကို အံ့သြဟန်ဖြင့် လှည့်ကြည့်ကြ၏။

"ဪ ဘာပဲဖြစ်ဖြစ် စာသင်မယ်ဆိုရင်တော့ စောစော လာမှ့တော့ လိုမယ်၊ ခုသင်နေတဲ့ တန်ဘိုးတွက်စာရင်းက ကွယ်တာ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး၊ အဆက်အစပ်မရှိဘဲ သင်လို့ရတာ မဟုတ်ဘူး၊ ပြီးတော့ ဒီပညာက နောင် မင်းတို့ အပြင်မှာ ထွက်လုပ်တဲ့အခါ ဒီပညာကိုပဲ သုံးရမှာ…အားလုံးလဲ သေသေချာချာ မှတ်ထားကြ၊ နောက် စာသင်ချိန်နာရီဇက်ကျော်ရင် စာသင်ခန်းထဲဝင်မလာ နဲ့ ကျောင်းခေါ် ချိန် လို ချင် ရင်… စာသင် ပြီးမှ…လာထိုးလှည့်၊ ကဲ ဒီတစ်ခါတော့ထားလိုက်တော့ နောက်တစ်ခါဆို မရဘူး၊ မောင်…ဘယ်သူ”

“နေဇင်လတ် ပါ ဆရာ”

“အေး မောင်နေဇင်လတ် ထိုင်တော့ စာဆက်သင်မယ်”

စာဆက်သင်နေသော ဆရာကို ကြည့်ပြီး နေဇင်လတ် မသိမသာ ပခုံးတစ်ချက်တွန့်လိုက်၏။ ဆရာကတော့ စက်ရုံထွက်တန်ဘိုး ထွက်ချက်ပုံ အချိုးကို ဆက်ပြီး စိတ်ဝင်တစား ထွက်ပြနေသည်။

ရှေ့ဆုံးတန်းမှာ ထိုင်နေသော ကေသီချိုတို့အုပ်စုမှ ဝင်းမော်မှာ နေဇင်လတ်ကို လက်ညှိုးကွေးဆန့်လုပ်ပြီး သရော်ပြ၏။

နေဇင်လတ် မရယ်မပြုံးမျက်နှာဖြင့် ကြည့်လိုက်ပြီး ခေါင်းငိုက်စိုက်ကာ စာကို ရေးနေလိုက်သည်။

သူ့ ပုံစံကြောင့် ဝင်းမော်မှာ စာရေးနေသည့် ကေသီချိုကို တတောင်ဆစ်ဖြင့် တို့လိုက်ရင်း

“ဟဲ့ ကေသီ နေဇင်လတ် ဘယ်လိုဖြစ်တာလဲ ဆရာဒီလောက် လေးဆူလိုက်တာနဲ့ကြက်ကြီး လည်လိမ်ထားသလိုဖြစ်နေ ပါလား”

ကေသီချိုမှာ ဝင်းမော် စကားသံကို ရှေ့မှာ စာသင်နေသည့် ဆရာ ကြားသွားမလားဟု စိုးရိမ်တကြီး ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့် ဝင်းမော်ဘက်လှည့်ကာ…



“ဟဲ့ ဆရာ ကြားသွားဦးမယ်၊ တော်ကြာ ငါတို့ဘက်ကိုပါ လှည့်ဆူနေဦးမယ် တိတ်တိတ်နေ”

ဟု ပြောကာ တဆက်တည်း နောက်ဆုံးတန်းမှာ ထိုင်နေသည့် နေဇင်လတ်ကိုမသိမသာအကဲ ခတ်လိုက်၏။

ခုတော့လည်း စာကို စိတ်ဝင်တစား လိုက်မှတ်နေသော နေဇင်လတ်ပုံစံမှာ သူမနှင့် ဘာမှ ဖြစ်ပျက်ခဲ့သည့် ပုံမရ။

တန်ဘိုးထွက် စာရင်းစာအုပ်ပေါ်တွင် နောက်ဆုံး ထွက်ချက်၍ ရလာသည့် အချိုးရာခိုင်နှုန်းကို ချရေးပြီးနောက် သင်တန်းချိန်ပြီးလျှင် သွားထိုင်ကြမည့် လက်ဖက်ရည်ဆိုင်သို့ နေဇင်လတ်ကိုပါ ခေါ်သွားမည်ဟု ကေသီချို စဉ်းစားလိုက်၏။

“ကဲ ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်လိုက်ကြတော့၊ မနက်ဖြန် ဆရာ့အချိန်ကို ဆိုင်ခွဲစာရင်း သင်မယ့် ဆရာ ဝင်လိမ့်မယ်၊ နောက်တစ်ပတ် ဆရာ သုံးရက်ဆက်ဝင်မယ်၊ ခုသင်တာ နားမလည်တာရှိရင် လာမေးကြ၊ မေးစရာမရှိရင် ပြန်လို့ရပြီ”

ဆရာ၏ အတန်းဖြုတ်သည့် စကားကြောင့် တစ်ခန်းလုံး သိမ်းကြဆည်းကြနှင့် လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

နေဇင်လတ် လွယ်အိတ် ထဲသို့ စာအုပ်တချို့ကို ထိုးထည့်လိုက်ပြီး အခန်းထဲမှ ထွက်ဖို့ ပြင်နေသော ဆရာကြီးဆီသို့ ခပ်မြန်မြန် လျှောက်ကာ…

“ဆရာ…ဒီ ထပ်ဆင့်တွက်ချက်ပုံအချိုးက ဘယ်ကရလာ တာလဲ မသိဘူး ဆရာ ကျွန်တော်သိပ်မရှင်းလို့” ပြောကာ ခုနသင်လိုက် သည့် စာအုပ်ကို ဆရာကိုပြ၏။

နေဇင်လတ် အသံကြောင့် ဆရာကြီးမှာ စာအုပ်ကိုကြည့်ပြီး စက်ရုံထွက်တန်ဘိုး အခြေခံ စပြီး ယူရသည့်နေရာမှစ၍ ပြန်ရှင်းပြ၏

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်သွားဖို့ စောင့်နေကြသော ကေသီချိုတို့ လေးယောက်မှာ နေဇင်လတ် စာမေးနေသည်ကို ရပ်စောင့်ရင်း အချိန်တော် ကြာလာတော့ စိတ်မရှည်တော့။

"ဟဲ့ ကေသီ စောင့်မနေနဲ့တော့ ပြီးတော့မှာ မဟုတ်တော့ဘူး။ ငါတို့ ရှေ့ဝင်ချိန် နောက်ကျနေလိမ့်မယ်"

"ဟုတ်တယ်…၊ လက်ဖက်ရည်ဆိုင်ကပဲ စောင့်နေတော့ မယ် ထွက်လာလို့ တွေ့တော့မှသာ လှမ်းခေါ်လိုက်မယ် ငါတို့ ဆာနေပြီ စောင်ချိန်မီအောင် လာရတာ အိမ်က ဘာမှ စားလာခဲ့တာ မဟုတ်ဘူး"

စိုးစိုးမြတ် စကားကို သန္တာကဝါ ဝင်ထောက်ပြီး ပြောလိုက်သဖြင့် ကေသီချိုမှာ ဝင်းမော်ဘက်သို့ လှည့်ကာ

"အေး ဒါဆိုလဲ နင်တို့သဘောပဲလေ ငါက ခါးခါးသီးသီး နေဇင်လတ်ကို ရှောင်နေသလို ဖြစ်နေမှာ စိုးလို့ပါ"

ကေသီချို စကားကြောင့် စိုးစိုးမြတ်မှာ သူတော်ကောင်းမကြီးကို လာတွေ့နေပါလား ဟူသော မျက်နှာအမူအရာနှင့် ကေသီချိုကို ကြည့်ကာရွှဲ၍…

"ဟဲ့ ဒါနဲ့ နင့် မန်နေဂျာကိုကို မလာဘူးလား၊ တော်ကြာ ငါတို့ ဝိုင်းမှာ ဟိုကောင်ကို တွေ့တာနဲ့ နင့်ကို ပြဿနာရှာနေဦးမယ်"

"ဒီနေ့ ကိုစိုး မအားဘူးလို့ မနေ့ကတည်းက ပြောထားတယ်၊ သူတို့အလုပ်မှာ အစည်းအဝေးရှိလို့ ညနေကျမှ အလုပ်ကို လာကြိုမယ်လို့ ပြောထားတယ်"

"မသိပါဘူး… ဒီနေ့ မလာနဲ့လို့များ ပြောထားလားလို့… အင်း… ခက်ပါတယ် ရှိတဲ့လူများကျတော့ တစ်ပြိုင်တည်းရည်းစား နှစ်ယောက်ရတယ်၊ ငါတို့များကျတော့ ကံကြမ္မာမျက်နှာက်ဘယ်ဘက် လှည့်နေသလဲ မသိပါဘူး"



စိုးစိုးမြတ်စကားကြောင့် ကေသီချို မျက်နှာ ရဲခနဲ ဖြစ်သွားသဖြင့် ဝင်းမော်မှာ…

"စိုးစိုးရယ် အားမငယ်ပါနဲ့ part (1)က ပန်ချာပီကြီး ရှိတာပဲ၊ နင်… ခုလိုချင်ပြော ငါ လိုက်ခေါ်ပေးပါ့မယ်၊ ဒီလိုတော့စိတ်ပျက်အားလျှော့တဲ့ စကားတော့ မပြောပါနဲ့ ငါ … မကြည့်ရက်လို့ပါ"

ဝင်းမော်၏ စကားကြောင့် စိုးစိုးမြတ်မှာ တွန့်ခနဲ ဖြစ်သွားပြီး စိတ်ဆိုးဟန်ဖြင့်…

"အဲဒီဟာကြီးကို နင်ပဲ ယူ ငါကတော့ မယူဘူး ဒီလောက် ရုပ်ပျက်ဆင်းပျက်ကြီးကို"

"ဘာလဲ နင်က နေဇင်လတ်တို့လို ဟာမျိုးကိုပဲ ရှာနေတာလား၊ ဟိုကအသည်းတွေဟက်တက်ကွဲနေတာ၊ ကုစားပေးမလို့လား"

"ဟဲ့… နေဇင်လတ်က ငါ့ကို မကြိုက်လို့ပေါ့၊ ကြိုက်လို့ကတော့ ဒီကောင်မလို မလုပ်ဘူး… အငြိမ် တွဲပစ်လိုက်မှာ…"

စိုးစိုးမြတ် စကားကြောင့် ကေသီချိုမှာ ရင်ထဲ လှပ်ခနဲ ဖြစ်သွားပြီးမှ ဘာမှမဆိုင်သည့်ပုံ ဖမ်းကာ…

"ဟဲ့ ဟဲ့ ဘာမှမဆိုင်ဘူးနော်၊ ငါ့ကို ဆွဲထည့်မနေနဲ့၊ ငါ့နှက စတ်လမ်းက ပြီးနေပြီ၊ မတော်တဆ ကြားသွားရင် ဟိုကောင် မာန်တက် နေဦးမယ်"

ဝင်းမော်တို့သုံးယောက်မှာ ကေသီချို၏ ပစ်ပစ်ခါခါစကားကြောင့် တအံ့တဩနှင့် ကေသီချိုကို…

"နင် တကယ် ဘာမှ မခံစားရဘူးလား ကေသီချို"

"တကယ်ပေါ့ဟဲ့၊ ရည်းစားထားတာပဲ တစ်ယောက်ပဲ ရွေးထားရမယ်လို့ ဘယ်သူက ပညတ်ထားလို့လဲ၊ လိုက်သာစားနေရ ရင်…"

www.burmeseclassic.com

www.burmeseclassic.com



ကောသီချို အမြေကြောင့် ဝင်းမော်တို့ သုံးဦးလုံး ခေါင်းတစ်ခါခါ ဖြင့် အံသြနေကြသည်။ လက်ဖက်ရည်ဆိုင်သို့ ရောက်သည့်အထိ ကောသီချို၏ အတွေးအခေါ်များက သူတို့၏စိတ်ကို လွှမ်းမိုးထားဆဲ။

ကောသီချိုနှင့်တွဲသာတွဲနေရသည် ။ဒီလို ယောက်ျား လေးတစ်ယောက်ကို ပစ်ပစ်ခါခါလုပ်တတ်သည့် စိတ်၊ မတည်ငြိမ်သည့်စိတ်၊ သာရာကို နားချင်သည့်စိတ်ကိုသူတို့မကြိုက်။

နေဇင်လတ်သာ သူတို့အစ်ကို၊ ဒါမှမဟုတ် သူတို့မောင်သာ ဖြစ်နေလျှင် သူတို့ ကောသီချိုကို နားကြည်း မိမှာအမှန်။

ဒီလိုအတွေးများနှင့် သူတို့ရှိနေကြစဉ် နေဇင်လတ်မှာတော့ ဆရာကို စာမေးပြီးသည်နှင့် ကောသီချိုတို့ မတွေ့အောင် သင်တန်းနှင့် စာရင်းစစ်ချုပ်ရုံး ဆက်ထားသည့် မလွယ်ပေါက်ကနေ ထွက်ကာ စာရင်းစစ်ချုပ်ရုံးဝင်းအတွင်းရှိ သက်သာကန်တင်းမှာ ဝင်ထိုင်နေ၏။

နေဇင်လတ်စိတ်ထဲ ကောသီချိုကို တွေ့လိုက်ရသည်နှင့် တင်းထားသည့် စိတ်တို့ ပြိုလဲမတတ်ဖြစ်ရ၏။

ပေါ့ပျက်ပျက် လက်ဖက်ရည်ကို သောက်နေရင်း ဒီပွဲ သူ့ထင်သလို နိုင်ပါ့မလားဟု စိတ်ထဲက ထင့်နေမိ၏။

ဆရာကို သူပြောလိုက်သော ညဘက် အချိန်ပိုင်းစာရင်းကိုင် ဝင်လုပ်နေသည်ဟု ဖြီးထားတာယုံတွင် ရှိအောင် သူနှင့် ဆက်စပ်သမျှလူတွေကို လိုက်ပိတ်ထားရဦးမည်ဟု စိတ်ထဲ တွေးလိုက်၏။

ကောသီချိုထံသို့ သူ့အကြောင်းတွေကို သူမပြောဘဲ သိရသည့် ပုံစံမျိုးဖြင့် ဘယ်လိုရောက် အောင် ပို့ရမလဲဟု စဉ်းစားလိုက်၏။

လက်ကနာရီ ကြည့်တော့ ကိုးနာရီ ခွဲတော့မည်။ ဒီနေ့ ဘဏ်ကို သွားပြီး ဘဏ်ကိုက်ညှိရှင်းတမ်း ပို့ပေးရမှာမို့ အချိန်ဖြုန်းလို့ ရနေသေးသည်။



ဟိုဟိုဒီဒီတွေးရင်း ကန်တင်းမှ သူထွက်လာတော့ ဆယ်နာရီ ကျော်နေပြီ။ ကျောင်းရှေ့က လက်ဖက်ရည် ဆိုင်မှာ ကောသီချိုတို့အုပ်စု မရှိတော့။

နေဇင်လတ်စိတ်ထဲ ကိုယ့်ကိုတိုယ် အားမလို အားမရ ဖြစ်နေဆဲ၊ သူ့ရှေ့မှာ ကောသီချိုနှင့် ယောက်ျားလေး တစ်ယောက်ကို တွေ့လိုက်ရမှာကို မကြည့်ရဲ၊ မမြင်ရဲ။

နောက်နေ့ တွေ့တော့ ဒီထက်ပိုပြီး ခံစားချက်တွေကို မျိုသိပ်ပြီး ဟန်ဆောင်ဖို့တော့ လိုလိမ့်မည်ဟု တွေး၏။

သူ့ရှေ့သို့ ထိုးဆိုက်လာသော (၁၅၄) ဒိုင်နာကား ပေါ်သို့ တက်လိုက်သည်။

တွေးလက်စ အတွေးတို့ကို လက်စဖြတ်ပြီး ကျောင်းရှိရာသို့ လှမ်းကြည့်လိုက်တော့… သုံးထပ် သင်တန်းကျောင်းဆောင်သည် ဣန္ဒြေရရ…။

သို့သော် သူ့ရင်ထဲမှာတော့ အကဲမရစွာဖြင့်…။

◆◆◆◆

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ပိုကာကစားနေရင်း စိတ်ကောင်းလေးတွေ ဝင်တတ်ပါတယ်..။

ဥပမာ–ဒီဖဲ ငါ့မှာ ပိုနေတာပဲ သုံးလို့မရမဲ့အတူတူ အောက်အိမ်ကို ပစ်ချပေးလိုက်တာ ကောင်းပါတယ် ဆိုတဲ့ စိတ်ကူးလေးပေါ့.....၊

အဲဒါ သွားမလုပ်နဲ့ မှားသွား လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အနိုင်ရ အောင် ကစားနေတာ၊ ကိုယ်အောက်အိမ်က ဝေဖဲ (ခံဖဲ) ကောင်းနေရင်၊ ဒါမှမဟုတ် တစ်ချက်ရိုက် ဖြစ်နေရင် ကျိုကော် ခေါက်ထားနဲ့ရင် သေပြီ!

အဲဒီတော့ ခေါ်စပ်တဲ့စကား၊ ခန့်မှန်း၍ သင့်တဲ့ စကားနှစ်ခုကို သုံးရမှာပဲ၊ ဘာလဲဆိုတော့ ဝိဝဿနာသမားတွေ သုံးလေ့ရှိတဲ့ စကားတစ်ခွန်း ရှိတယ် "အမှတ်..အမှတ်..သတိ မပြတ်" ဆိုတဲ့ အချိန်တိုင်း သတိကပ်နေဖို့ပဲ ။

ဆိုလိုတာကတော့ အချစ်ကို ကစားတဲ့ အခါ တစ်ခါတစ်ရံ လာတတ်တဲ့ လိုက်လျော ပေါ့ရှေ့မှု (ဝါ) ကိုယ့်ကို ပြားယောင်းတဲ့ အခွင့် အရေးကို မသောယာမိစေဖို့ပဲ သဘောကတော့ "ရန်သူကို ရန်သူလို မြင်စေရမယ်" ဆိုတဲ့ စကားလို ပေါ့....။

ဒါမှ ရှုံးထားသမျှ.....။



၄

ဒီနေ့ အပြီး ရေးဆွဲပေးရမည့် လုပ်ငန်းအသုံးစရိတ် ထိန်းချုပ်ဇာရင်းကို ပြေပြာတစ်ခုချင်း အလိုက် ရေးထည့်နေစဉ်...

"ကိုနေဇင်လတ် ဖုန်းလာတယ် ခင်ဗျား မဒီ ဆီက"

နေဇင်လတ် စိတ်ထဲ ဒိတ်ခနဲ ဖြစ်သွား၏။ တစ်ပတ်တိတိ သင်တန်းတက်နေသော်လည်း နည်းမျိုးစုံဖြင့် သူငယ်ချင်းများကို ဖတ်မြေး နေသဖြင့် ဒီတစ်ပတ်ထဲ ဘယ်သူနှင့်မှ စကားမပြောဖြစ်ခဲ့။

အတာတ်နိုင်ဆုံ ကိုယ်ဘက်က ဘာခံစားနေရသလဲ၊ ဘာဖြစ်နေသလဲဆိုတာကို ဘယ်သူ့ကိုမှ မသိအောင် ဖုံးအုပ်ထားရသည့်မို့ ခံစားထိခိုက်ရသည် အလဲလဲအဖြိုဖြိုနှင့်မို့။ ဒီအကြောင်း တွေးမိအောင်နေဇင်လတ်အလုပ်ထဲကိုသာ စိတ်ထဲနှစ်ထားရ၏။

ခုလဲ သူ့ကိုဘာများ ဖုန်းဆက်ဖြီး နှိပ်စက်ဦးမလဲဟု နေဇင်လတ် တွေးမိ၏။ ဖုန်းရှိရာသို့ လျှောက်သွားပြီး သားချထားသည့် ဖုန်းကို ကောက်ကိုင်ကာ.....

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို… ကျွန်တော် နေဇင်လတ်ပါ"

"ကိုဇင် ကေသီပါ"

"ပြော…ဘာတွေရှိလို့လဲ"

"လေသံတလှချည်လား၊ ဒီက စကား အကောင်းပြောမလို့ ဥစ္စာ"

နေဇင်လတ် စိတ်ထဲ ဟိုနေ့က ပြောတဲ့ကိစ္စ နောက်တာဟု ပြောမလား ၊မဖြစ်နိုင်သော မျှော်လင့်သည့်စိတ်က ဟုန်းခနဲ ထလာ၏။

ပြီးမှဒါကလေးကစားတာမှမဟုတ်တာအသက်တွေ နှစ်ဆယ် ကျော်နေပြီဟု တွေးမိကာ……

"ပြောလေ ဒီမှာ ညွှန်မှူး အလုပ်နိုင်းထားလို့ မပြီးသေးလို့"

"ကိုဇင် မနက်ဖြန် စနေ သင်တန်းပြီးပြီးချင်း မပြန်နဲ့ဦး သူငယ်ချင်းတွေ ဆုံကြရအောင်"

"ဟာ…မဖြစ်ဘူး၊ ရုံးမှာ ဂျူတီကျတယ်ကိုးနာရီခွဲ ဝင်ရမှာ"

"ဘာဖြစ်နေတာလဲ ကိုဇင်… ကေသီတို့ကို ရှောင်နေတာ လား… ကိုဇင် အဲဒီလို လုပ်တာနဲ့ အားလုံးက ကေသီကို မကောင်း ပြောကြလိမ့်မယ်၊ ကိုဇင်ကို ပြောထားသွားပဲသူငယ်ချင်းတွေလိုပဲ ဆက်နေပေးပါလို့ နှိုမိဆို ကိုဇင်နဲ့ ကေသီကို အားလုံးက…"

နေဇင်လတ် စိတ်ထဲ ထောင်းခနဲဒေါသထွက်သွားသည်၊ တော်တော် မသိသား ဆိုးရွားလှသည့်မိန်းမပါလား။

ဒီလောက် ကိုယ့်အတွက် ကိုယ်ကြည့်သည့် မိန်းကလေးကိုမှပဲ ငါက သွားချစ်မိရသည်လို့။

"တော်…၊ တော်… ကေသီချီ ဘာမှ ဆက်ပြောမနေနဲ့တော့ ရှောင်နေတာလဲ မဟုတ်ဘူး၊ ကိုယ့်ဘဝ ကိုယ်သိတယ်၊အရင်ကထို အချိန်ပေးလို့ မဖြစ်နိုင်လို့…. ပြီးတော့ ငါရှိနေရင်နင်တို့ မျက်နှာပူနေ



ဦးလို့၊ မအားလဲ မအားလို့ မလာတာ… ၊ထားပါတော့ ဒင်ဖြစ်စေချင်သလို ငါပြန်နေပေးမယ်၊ဒါပေမယ့် မနက်ဖြန် တော့ ငါမအားဘူး၊ ဂျူတီရှိ တယ်၊ ဒါပဲမဟုတ် လား…."

"နေဦး…နေဦး…မပြီးသေးဘူး…ကိုဇင် ညဘက် ဘယ်ဆိုင် မှာစာရင်းကိုင်လုပ်နေတာလဲ၊ဘာလို့ ကေသီတို့ကိုကြို့မပြော တာလဲ"

နေဇင်လတ် ခေါင်းထဲ အန္တရာယ် သတိပေးသံတို့ မြည်လာ၏ ဒီမိန်းမ ဘာကြံဦးမလို့ပါလဲ…။

"ဘာဆိုင်တော့လို့လဲ…၊ ကိုယ့်ဘဝနဲ့ကိုယ် ဖြစ်နေပြီပဲ…၊ လစာမလောက်လို့ အပြင်ထွက်ပြီး အလုပ်လုပ်တာ သတင်းစာ ထဲနေ ကြော်ငြာရဦးမှာလား"

"ကိုဇင် အဲဒီလိုတော့ မပြောနဲ့…၊ ကေသီတို့က စိုးရိမ် စိတ်နဲ့ မေးတာ"

နေဇင်လတ်စိတ်ထဲ ပရိယာယ်တွေ ဝင်လာသည်။ နည်းနည်း တော့ အီ ထားဦးမှ…ဟု ။

"ဩော်…တော်သေးတာပေါ့၊ လူတစ်ကိုယ်လုံး ထင်သလို ရိုက်နက်ပြီးမှ နာသွားလားဆိုတဲ့ ကရုဏာမျိုးပေါ့…၊ ကျေးဇူးတင်ပါတယ် ကေသီချို၊ ကိုယ့်ကို မစိုးရိမ်ပါနဲ့….ကိုယ်က မြေကြီးက လာတဲ့ ကောင်ပဲ မိုးပေါ်က တိမ်နဲ့ ခဏထိတွေ့ခွင့်ရခဲ့တာ ကိုပဲ တစ်သက်လုံး အိပ်မက်မက်နေ မယ့်လူပါ၊ မင်း…ရင်ထဲက လူတစ်ယောက်အတွက်သာ စိုးရိမ် ပေးလိုက်ပါ ၊ကိုယ့်အတွက် မလိုပါဘူး…"

"အဲဒီလိုတော့ မပြောပါနဲ့ ကိုဇင်ရယ်၊ ကေသီ တောင်းပန် ပါတယ်"

စိတ်ထဲရှိတာကို ပြောလိုက်ရပြီးမှ လိုရာမရောက်မှာကို

www.burmeseclassic.com

www.burmeseclassic.com

နေဇင်လတ် တွေးမိလိုက်၏၊ ဒီလောက်ဖဲ ပြောတာ ကောင်းမည်ဟု စိတ်ထဲ စဉ်းစားမိ၏။

"ထားပါတော့ ကေသီရယ်၊ ကိုယ့် ကုသိုလ်ကံပဲပေါ့၊ ကဲကဲ တနင်္လာနေ့ကျမှ တွေ့ကြတာပေါ့ ဟုတ်လား၊ အဲဒီကျမှပြောကြတာပေါ့၊ ဒါပဲ ၊ ကိုယ်ဖုန်းချတော့မယ်"

နေဇင်လတ် ဖုန်းချလိုက်ပြီး သူ့အခန်းထဲသို့ ပြန်လျှောက်လာရင်း သူဆင်ထားသမျှ စတ်ကွက်အတိုင်း သူ ကနိုင်ပါ့မလား ဆိုတာကို ကိုယ့်ကိုကိုယ် သံသယဝင်မိ၏။

တကယ်ဆိုသူလုပ်တာကဘဲဥနှစ်လုံး ထိပ်ချင်းပြိုင်ထုသလိုများ ဖြစ်နေမလားဟု တွေးမိသည်။

ကေသီချိုအနားမှာ သူ ရေရှည် နေနိုင်လိမ့်မည် မဟုတ်။ ကြာလျှင် သူ့အကြံ ပေါ်လိမ့်မည်ဟု နေဇင်လတ် စိုးရိမ်မိ၏။

ဘာပဲပြောပြော သူ့ရင်ထဲမှာ သူမ ရှိနေသေးတာကိုတော့ လိမ်၍မရ။

မီးနဲ့ဆော့မိတဲ့ ဖယောင်းရုပ်လိုများ သူ…ဖြစ်နေမလားဟု ကြိမ်ဖန်များစွာ စဉ်းစားမိလေသည်။

♠ ♠ ♠ ♠



…………………………………………

…………………………………………

ကေသီချို ဖုန်းကိုကိုင်ပြီး တွေတွေကြီး ရပ်နေမိသည်။ စိတ်ထဲမှာလည်း မပျော်သလို…။

ပြီးတော့ သူမထင်ထားတာက ဒီလိုပုံစံမျိုး မဟုတ်.၊ ဘာမှ ဘာထူးသလဲ မေးဖို့ စောင့်နေသော ဝင်းမော်မှာ နေဇင်လတ်များ ဘာပြောလိုက်လို့လဲဟု တွေးရင်း ငြိမ်ကျသွားသော ကေသီချိုကို

"ဟဲ့ ဟိုက ဘာပြောလိုက်လို့လဲ ဒီလောက် စဉ်းစားနေရအောင်"

ဝင်းမော် အသံကြောင့် ကေသီချိုမှာ အတွေးရေယာဉ်ကြောမှ ထွက်လာပြီး ပစ္စုပ္ပန်သို့ ရောက်လာကာ

"ဘာမှ မဟုတ်ပါဘူးဟာ မနက်ဖြန် ဂျူတီရှိတယ်တဲ့ အဲဒါ တနင်္လာနေ့ကျမှပဲ အေးအေးဆေးဆေး တွေ့ကြမယ်တဲ့"

"ဟယ် ဒီသောက်ကောင်က ကြီးကျယ်လိုက်တာ၊ ဒါနဲ့ နင်တို့ ပြောနေတာ ကြာပါတယ်၊ ဘာတွေ ပြောနေကြတာလဲ"

ကေသီချို စိတ်ထဲ ခုနပြောသည့် စကားအားလုံး ပြောသင့်၊ မပြောသင့် စဉ်းစားလိုက်၏။

နေဇင်လတ် ပြောသမျှသာ အကုန်လုံးပြော ပြလိုက်ရင် …သူမကိုပဲ အကုန်လုံး ဝိုင်းပြီး အပြစ်တင်ဦးမည်။ မပြောတော့ပါဘူးလို့ပဲ စဉ်းစားလိုက်ပြီး…

"ဘာမှ မဟုတ်ပါဘူးဟာ အရင်လိုပဲ အိမ်ကို ပုံမှန် ဝင်ထွက်ဖို့ ပြောတာပါ"

ဝင်းမော်မှာ ကေသီချို စကားကြောင့် မချိုမချဉ် ပြုံးကာ


www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ နင်ပဲ သူထက်သာတာတွေ့လို့ လက်ခံလိုက်ပြီပဲ ဉစ္စာ၊ ဟိုက မျက်နှာပြောင်တိုက်ပြီး နင့်အိမ်ကို ဘယ်လာရဲပါ့မလဲ၊ စဉ်းစဉ်းစားစားလဲ လုပ်စမ်းပါ ကေသီချိုရယ် ၊ နင့်ဟာကရှေ့က မှန်းလဲ လိုချင်သေးတယ်၊ လက်ထဲကဟာလဲ မလွှတ်ချင်ဘူး ဖြစ်နေတယ်"

ဝင်းမော် စကားမှာ ကေသီချိုရင်ထဲမှ ဆန္ဒကို ဒတ်ခနဲ နေအောင် မှန်နေသဖြင့် ကေသီချိုမှာ ရုတ်တရက် ဘယ်လိုမှ ပြန်လှန် ပြောရန် မလွယ်ဘဲ ဖြစ်သွား၏၊ ပြီးတော့မှ-

"ဝင်းမော်ရယ်၊ နင်နဲ့ငါနဲ့က သူငယ်ချင်းအရင်းကြီးပါဟာ ဒီအေ (DA)တက်မှ သိကြတာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ငါ့ဘက်က မနေဘဲ နေဖင်လတ် ဘက်က ဝိုင်းပြီး နာနေကြ တာလဲဟာ"

ဝင်းမော်မှာ ကေသီချိုကို ကြည့်ရင်း တစ်ချက် ခေါင်းယမ်း လိုက်ကာ

"ကေသီ ငါတို့က နေဖင်လတ် ဘက်က ဝိုင်းနာနေတာ မဟုတ်ဘူး၊ နင့်လုပ်ပုံ အချိုးမဟုတ်လို့ စိတ်ပျက်နေတာ၊ ဖြစ်ပြီးတာတော့ ငါ ဘာမှ မပြောလိုဘူး-နောက်ထပ်ဘာမှဆက်ပြီး နေဖင်လတ်နဲ့ နင်…ပူးပြီး ရှုံးရှုံး မနေသင့်တော့ဘူး ၊ …ဘာလို့လဲဆိုတော့ နင်က မြန်မာမိန်းကလေး၊ ကြိုက်တဲ့လူကို ရွေးလို့ရတယ်၊ ဒါပေမယ့် မပြတ်မသားနဲ့ နှစ်ယောက်လုံးကို မြွေမသေ တုတ်မကျိုး လုပ်ရင်ကျော်မကောင်း ကြားမ ကောင်း ဖြစ်လိမ့်မယ် …အဲဒီအခါကျရင် နင်မဲ နာမည်ပျက်လိမ့်မယ်၊မတော်တဆ နေဖင်လတ်နဲ့ နင်ကို…. ကိုစိုးထိုက်အောင် တွေ့သွားရင် ဘယ်လို ပြောမလဲ …..သူ့ရည်းစားကို ဖြတ်လုတယ် ဖြတ်သုတ်တယ်လို့ မထင်ဘူးလား၊ အဲဒီလိုထင်ရင် နေဖင်လတ်က တကယ် အလုခံလိုက်ရတဲ့လူ နေဖင်လတ် ဘယ်လိုခံစားရမလဲ နင့်



နှစ်ဖက်လုံးကို မျှမျှတတ တွေးစမ်းပါ ဟာ"

ပြောရင်း ကုမ္ပဏီ စာရင်းခန်းထဲသို့ စိတ်ပျက်လက်ပျက်ဖြင့် ဝင်သွား၏။

ကေသီချိုမှာ စိတ်ထဲ လေးလံနောက်ကျိကာ ဘာကိုလုပ်ရ ဆုံးဖြတ်ရမလဲဆိုတာကိုမှ ဝေခွဲမရ ဖြစ်သွားသည်။

စိတ်ထဲမှာလည်းသူမ ရည်းစား ပြောင်းထားတာ ဒီလောက်တောင် လေးနက်ပါ့မလားဟု သံသယ ရှိမိ၏။

တကယ်တော့ သူမနေထိုင်ရာ ပတ်ဝန်းကျင်သည် ငွေကို ဘုရားသခင်လို ကိုးကွယ်သော အဝန်းအဝိုင်းတစ်ခုမို့ လူတစ်ယောက် သူမအပေါ် ချစ်တာထက် သူမဘဝကို ဘယ်လောက် အာမခံချက် ပေးနိုင်မလဲဆိုတာကိုသာ အလေးထား တွက်ချက်တတ်သည်က ……သူမ စိတ်ထဲ အရိုးစွဲနေပြီ ဖြစ်သည်။

♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

ဖဲကစားတဲ့အခါ အထူးသဖြင့် ဖဲခွဲတဲ့အခါမျိုးမှာပေါ့ ဖဲချပ်ကို ပုံမှန် အောက်က ခွဲနေကြတဲ့အခါ ခပ်တည်တည်နဲ့ အပေါ်ကနေ ခွဲဖို့ လိုသလို တစ်ခါတလေ နှစ်ချပ်ပူး ခွဲဖို့လဲ လိုပါတယ်၊

အဲဒါ ဘာကြောင့်လဲဆိုတော့ ဖဲလမ်းကြောင်းပြောင်းဖို့ပဲ-ဒီလိုပါပဲ အချစ်မှာလည်း တစ်ခါတလေ ပုံမှန်ထင်ထားတာတွေကို ပြောင်းပြန်လုပ်ဖို့ အစဉ်အလာကို တော်လှန်ဖို့လဲ လိုအပ်ပါတယ်၊

ဘယ်လိုမျိုးလဲဆိုတော့ ကိုယ့်ရဲ့အရှုံး (သူ့ရဲ့အနိုင်) ကို အသိအမှတ် မပြုရဘဲ ....၊

အလွယ်ကူဆုံး ပြောရ ရင်တော့ ဘောလုံးရှိုးကစားတယ် ဆိုကြပါတော့ သူ့ဘက်က ကစားသမားတွေ မယှဉ်နိုင်အောင် သိပ်တောင်းနေရင် နောင်လဲ ရှုံးမယ့်အတူတူ ကိုယ်ပိုးသာ ကိုယ်ပဲ ရှုံးလိုက်ပါတော့၊..

ဒါမှ အားကြီး မာန်တက် ကစားနေတဲ့ တစ်ဘက်လူ စိတ်ပျက်သွား လိမ့်မယ်.၊

"........ဒီလိုပါပဲ အချစ်မှာ ကိုယ့်ပြိုင်ဘက်က သိပ်စွမ်းနေရင် ကိုယ်က ပိုပြီး အလေ့ ကျသေးဖို့ လိုပါတယ်၊ ဒါမှ ပြိုင်ပွဲကရတဲ့ အနိုင်ကို သူ ဝုဏ်မယူတတ်မှာ....."





# ၃

စိုးထိုက်အောင် စိတ်ထဲ ကေသီချိုကို စိတ်မချ ဖြစ်နေသည်။ ဈက်ခုံးနှစ်ခု ဆက်လုခမန်း ကွေးညွှတ်နေသည့် စင်ရော်တောင် မျက်ခုံးမျိုးမှာ အင်္ဂါရပ်ကျမ်းအရ အနေနီးသူနှင့် ရလိမ့်မည်ဟု ဖော်ပြထားသည်မို့ သူ့စိတ်ထဲ ကေသီချိုတို့ အုပ်စုထဲမှာပါနေသည့် အသားခပ်လတ်လတ် ဆံပင် မတိုမရှည်ပုံစံကောင်နှင့် နီးစပ်သွားမှာကို စိုးရိမ်နေမိ၏၊

လက်ရှိ စိုးထိုက်အောင် တာဝန်ယူနေသည့် အလုပ်ကမားကတ်တင်း (ဈေးကွက်ရှာ) မန်နေဂျာမို့ ကုန်ပစ္စည်းတစ်မျိုးအတွက် ဈေးကွက် ရှာနေရသည်မို့ ယခုတစ်ပတ် အလုပ်က များနေသဖြင့် တေသီချို သင်တန်းသို့ ပုံမှန်မရောက် ဘဲ ညနေဘက်မှသာ အလုပ်မှ ကြုံဖြစ်သည်သာများ၏၊

ဒီရက်ပိုင်း အတွင်း ကေသီချိုမှာ သူ့အပေါ် ဂရုတစိုက်ရှိလှသည်မို့ စိုးထိုက်အောင် စိတ်ထဲ သူ့ငယ်ချင်းတစ်ယောက်

www.burmeseclassic.com


ကြားယောင်မိ၏၊

" မိန်းကလေးတွေ အထူးသဖြင့် ကိုယ့်ရည်းစား ကိုယ့်ကို ဂရုတစိုက် ရှိနေပြီဆိုရင် သတိထားတော့၊ ဘာလို့လဲဆိုတော့ တစ်ခုက သူ မဟုတ်တာလုပ်ထားတာ သိမှာစိုးလို့ ဖြစ်နိုင်သလို၊ နောက်တစ်ခုက ကိုယ့်ကို ပြဿနာရှာမှာမို့လို့ အချိုသတ်နေတာလဲ ဖြစ်နိုင်တယ် "

လမ်းထဲမှ ဒီအေ တက်နေသော ကောင်လေးတစ်ယောက်ကို ကေသီချိုကို သွားကြိုရင်း တွေ့မိသည်မို့ အလုပ် နားသည့်တစ်ရက် တွေ့ပြီး သူ့ကောင်မလေးအကြောင်းကို မေးကြည့်ပြီး စောင့်ကြည့်ပေးဖို့ အကူအညီ တောင်းမည်မလား ဟု စဉ်းစားလိုက်၏။

ထိုင်နေသောစားပွဲခုံကိုလက်နှင့် တတောက်တောက် ခေါက်နေရင်း နာရီကို ကြည့်လိုက်၏၊ ကေသီချိုတို့ ကုမ္ပဏီ အလုပ်ဆင်းချိန်ရောက်ပြီ။

ဒီလက်ဖက်ရည်ဆိုင်နှင့် ကေသီချို လုပ်နေသည့် ကုမ္ပဏီ အဆောက်အဦက ဝါးလွယ်ခုတ်မို့ ဤနေရာမှ မပျက်ဘဲ လက်ဖက်ရည်သောက်ရင်း စောင့်လို့ရသည်မို့ တော်သေး၏။ နို့မို့ဆို ကုမ္ပဏီရှေ့မှာ ကြောင်ကီး ကြောင်အနှင့်.. မလွယ်။

တွေးနေဆဲ မျက်ဝန်းထဲ အရိပ်တစ်ခု ဝင်လာသဖြင့် မော့ကြည့်လိုက်ရာ ကေသီချိုကို မျက်နှာ အလိုမကျဟန်ဖြင့် တွေ့လိုက်ရ၏။

"ဘာတွေ ဒီလောက်တွေးနေတာလဲ ဒီမှာ လာတာတောင် မတွေ့ဘူးလား"

"မဟုတ်ပါဘူး ငယ်လေးရာ၊ အလုပ်ကိစ္စ တွေးနေတာနဲ့ ငယ်လေး ဝင်လာတာကို မတွေ့မိလိုက်တာ၊ လာ ထိုင်ဦး တစ်ခုခု အအေးဖြစ်ဖြစ် လက်ဖက်ရည်ဖြစ်ဖြစ် သောက်ပြီးမှ သွားကြတာပေါ့"

"အင်း...၊ သိပ်အကြာကြီးတော့ မထိုင်တော့ဘူး၊ အိမ်မှာ





သနွာတို့၊ ဝင်းမော်တို့နဲ့ ချိန်းထားတယ်၊ စာစုတွက်ဖို့ အဲဒါနောက်ကျ နေဦးမယ်"

စိုးထိုက်အောင် စိတ်ထဲ အလိုမကျ ဖြစ်သွား၏။ ဒီညနေ သူမကို ခေါ်ပြီး ဒဂုံစင်တာ သွားမလားဟု စဉ်းစားထားရာ ဒီလိုပုံစံဆို ဖျက်ရလို ဖြစ်နေ၏။

အနားမှ ဖြတ်သွားသော စားပွဲထိုးကို ခေါ်၍ ကေသီချိုအတွက် အအေးတစ်လုံး မှာပေးပြီး

"စာစု တွက်ရအောင် စာမေးပွဲက လိုသေးတယ် မဟုတ်လား"

စိုးထိုက်အောင်၏ မကျေမနပ် အသံကြောင့် ကေသီချိုမှာ မျက်မှောင်ကြုတ်သွားကာ...

"ကိုစိုးကလဲ ဒီအေ အကြောင်းလဲ မသိဘဲနဲ့ တခြားစာမေးပွဲလို နီးမှ ကပ်လုပ်လို့ရတာ မဟုတ်ဘူး ကြိုပြီး လုပ်ထားမှ ဖြစ်မှာ၊ ဒါတောင် ကျူရှင်မတက်သေးလို့ ကျူရှင်သာတက်ရရင်ခုလို ကိုစိုးနဲ့ အေးအေး ဆေးဆေး ထိုင်လို့ရမှာ မဟုတ်ဘူး"

နဂိုကတည်းက မကျေမနပ် ဖြစ်နေသော စိုးထိုက်အောင်မှာ စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားပြီး

"ဘာလဲ.. ညနေကို နောက်လာလို့ မရဘူးလို့ ကြိုပြီးတဲ့ သဘောလား"

ထိုအခါမှ ကေသီချိုမှာ သူမ ပြောလိုက်သည့်စကား ဘယ်ထိ ရောက်သွားသလဲ ဆိုတာကို စဉ်းစားမိလိုက်ပြီး ရှာမှာသလိုနှင့်-

"ဟာ ..ဒီလိုပြောတာ မဟုတ်ဘူး၊ ငယ်လေးပြောတာက တစ်မျိုး၊ အာ.. ဘယ်လို နားလည်အောင် ပြောရမလဲမသိဘူး၊ ဟိုလေ ..ကိုစိုး ငယ်လေးကို လာကြိုရင် လွဲမှာစိုး....ဟာ ..ဒီလိုလဲမဟုတ်ဘူး ငယ်လေးက ဒီအေ စာမေးပွဲကပိုခက် တယ်ဆိုတာ ပြောချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ရှပ်ရက်ခက်အောင် ငြင်းပြီး ဆင်ခြေပေးနေသော ကေသီချိုကို ကြည့်ပြီး စိုးထိုက်အောင် စိတ်ထဲ ဒေါသဖြေချင်သလိုလို ဖြစ်သွားသော်လည်း တမင်မျက်နှာကြောတင်းဟန်ပြုကာ..

"ထားပါတော့ မနက်က ကိုစိုး မလာတော့ ယယ်လေးရှုံး မတက်ခင် ဘယ်သွားသေးလဲ"

"လဖက်ရည်ဆိုင် ထိုင်တယ်လေ"

"ဘယ်သူတွေ ပါသေးလဲ၊ ယောကျ်ားလေးတွေ ပါသေးလား"

စိုးထိုက်အောင်၏ တရားခံစစ် စစ်မေးသော လေသံကြောင့် ကေသီချို စိတ်ထဲ စချင်စိတ် ပေါက်လာပြီး.....

"ပါတာပေါ့ နေဇင်လတ်တောင် ပါသေးတယ်"

"ဘာ !.. ပြောထားရဲ့သားနဲ့ ဘယ်ယောကျ်ားလေးနဲ့မှ လဖက်ရည်ဆိုင်မထိုင်ပါနဲ့ ဆိုတာ၊ဘာလဲကိုစိုးစကားကိုအလေးမထားတော့ဘူးပေါ့ သဘောလား"

"ခစ်..ခစ်..ခစ် နောက်တာ၊ ဘယ်သူမှ မပါ..ပါဘူး၊ ကိုစိုး ယယ်လေးကို ဘယ်လောက်သဝန်တိုလဲလို့ စမ်းကြည့်တာ၊ ကြည့်စမ်း နှာခေါင်းကြီးက ဒေါသဖြစ်လာရင် ရှုံ့မွ ရှုံ့မွနဲ့ နီရဲလာတယ်အသည်းယားစရာကြီး ....ကဲဟာယ် .."

ပြောပြောဆိုဆို ကေသီချိုမှာ လက်မြန်ခြေမြန်ဖြင့် စိုးထိုက်အောင် နှာခေါင်းကို ဆွဲလိမ်လိုက်ရာ-

"အား..!၊ ရှီး.."

"ဟယ်...ပေကုန်ပြီ ၊ဟား ရွံလိုက်တာ နှာရည်တွေနဲ့ ...ကိုစိုး ညစ်ပတ်တယ်"

စိုးထိုက်အောင်မှာလည်း နှာစေးသလို နှာခေါင်းပိတ်သလို ဖြစ်နေရာမှ ရုတ်တရက် နှာခေါင်းဆွဲလိမ်ခံလိုက်ရသဖြင့် လန့်သွားပြီး



အော်လိုက်ရာမှ နှာရည်ညှစ် ထုတ်လိုက်သလိုဖြစ်ကာ နှာခေါင်းလာညှစ်သည့် ကေသီချို လက်မှာ နှာရည်တို့နှင့် ပေကျံသွား၏။

ဘေးဝိုင်းမှာ ထိုင်နေသော လူငယ်များမှာ နဂိုကတည်းက ပုရအိုက်ရတဲ့အထဲ အနောက်တိုင်းဝတ်စုံ ဝတ်ထားသည့် စိုးထိုက်အောင်ကို ကြည့်မရသည်မို့ ခုလိုအဖြစ်ကို တွေ့လိုက်ရသည့်အခါ အားရပါးရ ဝိုင်းဟားကြသည်။

ကေသီချိုမှာ ဘေးမှဝိုင်းရယ်သံကြောင့် ရှက်ရမ်းရမ်းပြီး ပေနေသည့်လက်ကို စိုးထိုက်အောင်အင်္ကျီနှင့် သုတ်ပြီး သူမ လက်ဆွဲအိတ်ကိုဆွဲပြီး ဆိုင်မှထသွား၏။

စိုးထိုက်အောင်မှာ ဒေါသဖြစ်ရအောင်လည်း ဘေးဝိုင်းမှ အပ်စုက လေးယောက်... သူက တစ်ယောက်။ ကေသီချိုနောက်သို့ ပြေးလိုက်ရအောင်ကလည်း ဒီကောင် တွေက နောက်ကနေ ဝိုင်းရယ်မှာနှင့်မို့ ...ဒေါသကို အနိုင်နိုင်ထိန်းကာ စားပွဲပေါ် တင်ထားသည့် ကားသော့ကို ကောက်ကိုင်၍

"ဟေ့...ပိုက်ဆံရှင်းမယ် ဘယ်လောက်လဲ"

ခေါ်သံကြောင့် ပြေးလာသော စားပွဲထိုးမှာ စိုးထိုက်အောင်မေးသံကြောင့် ယောင်ပြီး စူပွနီရဲနေသည့်စိုးထိုက်အောင် နှာခေါင်းကြီးကို ကြောင်ကြည့်ကာ -

"နှာခေါင်းကျပ်ပါ"

"ဘာ! "

"နှာခေါင်းကျပ်..ဟာ မဟုတ်ဘူး မဟုတ်ဘူး လေးရာကျပ်ပါ ဆရာ"

ဘေးဝိုင်းမှ လူငယ်များမှာ စားပွဲထိုး မှားပြောသောစကား

www.burmeseclassic.com

www.burmeseclassic.com



မြောင်း ချွန်ချွန်အောင် ရယ်ကြလေသည်။

"ဟား… ဟား… ဟား… ဟား… ဟား…"

စိုးဆိုက်အောင်မှာ နောက်တွင်ပါလာသော ရယ်သံများကို ခေါင်းနှစ်ရင်း ကောသီချို့နောက်သို့ အမြန်လိုက်လေ၏။

နေ့ခုတ်ခြဲကဲ့ထဲမှာ သူ့ပုံစံက ဒီလောက်ဆောင် ရယ်စရာများ ဖြစ်နေလားဟု နှာရှုံ့ လိုက်ရင်း မသက်မသာဖြင့် စိုးဆိုက်အောင်မှာ တွေးမိလိုက်လေ၏။

◆ ◆ ◆ ◆



"ကဲ ပြော နှင် ငါတို့ကို ဘာလို့ ရှောင်နေတာလဲ"

စိုးစိုးမြတ် စကားကြောင့် နေဇင်လတ် ကောသီချို့ မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်၏။

ကောသီချို့ မျက်လွှာချသွားသဖြင့် နေဇင်လတ်မှာ သူ့မကို သနားသွားပြီး နေပါစေလေ သူ့ကို ထိခိုက်အောင် မပြောတော့ပါဘူးဟု တွေးလိုက်၏။

ခုလဲ သင်တန်း ဆင်းဆင်းချင်း စောင့်ပြီး ခေါ်နေကြသဖြင့် ဘယ်လိုမှ မရှောင်သာပါဘဲ ကန့်လန့် တန့်လန့် နှင့် ပါလာရခြင်း ဖြစ်သည်။

သူကိုယ်တိုင်လည်း တစ်နေ့ မဟုတ် တစ်နေ့ တွေ့ရမည့် အတူတူ မထူးပါဘူးဟု တွေးကာ ဘာမှ ပိုမပြောတော့ဘဲ ပါလာခြင်း ဖြစ်သည်။

"ဟဲ့ ပြောလေ ငါတို့ မေးနေတာ"

သန္တာ၏ အသံကြောင့် နေဇင်လတ် ပစ္စုပ္ပန်သို့ စိတ်က ချက်ခြင်း ပြန်ရောက်လာ၏။

"မရှောင်ပါဘူးဟာ၊ ငါ အပြင်အလုပ်ကိစ္စနဲ့ ရှုပ်နေလို့ပါ"

"နှင့်အကြောင်း ငါတို့အသိဆုံးပါ ဇင် ရာ၊ ဒီစာရင်း သင်တန်းကျောင်းကို ကျောင်းစောင့်တွေထက်ပိုချစ်တယ် ဆိုတာ၊ နင် မလာတာ အကြောင်း ရှိရမယ်မဟုတ်ဘူးလား ပြော"

ချောင်ပိတ်ဖမ်းသော စကားမို့ နေဇင်လတ် ဘယ်လိုဖြေရမလဲ ဟု အတွေးကြပ်သွား၏။ ပြီးမှ စကားလုံး တစ်လုံးချင်းကို သတိကြီးစွာ ထိန်းလျှက် ရွေးမှာချထားသည့် လဖက်ရည်လက်ကျန်ကို တွန်းအောင် မော့သောက်လိုက်ပြီးမှ…..

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ ငါ.. တကယ်မအားလို့ပါ၊ ငါ့အခြေအနေက နင်တို့လို အိမ်မက် မက်လို့ရတဲ့ အခြေအနေ မရှိဘူး၊ ဒီနှစ်ထဲမှာ အဆောတ ဖင်စင်ယူရတော့မှာ...။ ငါ့ဝင်ငွေကလဲ လောက်လောက် လားလား ရှိတာမဟုတ်ဘူး..."

နေဇင်လတ် စကားကို ခဏဆိုင်းပြီး ကေသီချိုတို့ကို တစ်ချက် ကြည့်လိုက်၏။

ကေသီချိုတို့ လေးယောက်မှာ သူ့စကားကို ခံစားချက် ဖြင့် နားထောင်နေမှန်း တွေ့ရမှ စာတ်ကို နာအောင် ထပ်ဆင်ဖို့ သူ ကြိုးစားလိုက်၏။ ရင်ထဲကခံစားချက်ကြောင့် ထူးပြီး တော့ ဆင်စရာ.. မလိုတော့...။

"..ဒီတော့ ညဘက် လုပ်လို့ရမယ့် အလုပ်တစ်ခုကို ကြိုးစား ထား ရတာပေါ့...အလုပ်က ညဘက်ဆိုတော့ တစ်ခါတလေမနက် တစ်နာရီ လောက်ထိ နေပေးရတယ်၊ မနက်ကျတော့အိပ်ရာက မနည်းထပြီး ဒီကိုလာ.. ပြီးတာနဲ့ ရုံးကို တန်း တက်၊ညနေ အိမ်ပြန် ပြီးတော့ စားသောက်ဆိုင်ဆိုတော့ မအားတော့ဘူး ဖြစ်နေတာပေါ့..."

စကားကို ပြီးအောင် မပြောသေးဘဲ ခေတ္တဆိုင်းကာ ဗန်းခြံ မျက်နှာချင်းဆိုင်ရှိ အထက်တန်းကျောင်းဘက်သို့ ငေးကြည့်လိုက်ရင်း ဆွေးဆွေးမြွေမြွေလေသံဖြင့်....။

"ဟင်း.. မအားတာလဲ ကောင်းပါတယ်.... နို့မို့ဆို..."

နေဇင်လတ်၏ တိုးဝင်သွားသော အသံနောက်မှာ အပြစ်တင်ရှုံ့ တာစုထားကြသော စိုးစိုးမြတ်တို့ ၊ ဝင်းမော်တို့၊ သန္တာတို့မှာ ဝေဒနာ ကူးစက်ကာ နှုတ်ဆိတ်သွား၏။

ကေသီချိုမှာတော့ နေဇင်လတ်၏ "နို့မို့ဆို"... ဆိုသော စကားနောက်က ကျယ်ဝန်းသော ကြွက်ခွဲသော အိပ်ပွါယ်ကို ရင်ထဲမှာ



ဒတ်ခနဲ နေအောင် ဖတ်မိလိုက်တာမို့ ခံစားချက်တစ်မျိုးက သူမဘဝမှာပထမဦးဆုံးအကြိမ် လှိုက်ခနဲ တက်လာ၏။

"မှားသွားပြီ" ဟူသော အသိက သူမ၏ နှလုံးသားမှာ ၊ ပြီးတော့ မျက်ဝန်း မှာ....။ သူတို့ငါးယောက်ထိုင်နေသောဝိုင်းမှာ တဒင်္ဂတွင်း ကမ္ဘာ့ဌာန်းကျောင်း တစ်ခုနယ်... ဆိတ်ငြိမ်လို့..။

နေဇင်လတ်မှာ သူ့ပစ်သောမြား ထိ မထိ သေသေချာချာ ကြည့်ပြီးမှ နာရီကို... တစ်ချက်ကြည့်တာ.....

"ကဲ ငါ သွားအုံးမယ်ဟာ၊ ကိုးနာရီ ဆယ်မိနစ်ဆို ရုံးဖယ်ရီ ကျောင်းရှေ့က ဖြတ်မှာ ငါ မှီအောင် ပြေးလိုက်ဦးမယ်..."

ပြောပြောဆို နေဇင်လတ်မှာ အသင့်ဆောင်ထားသည့် ငွေနှစ် ရာကို စားပွဲပေါ်တင်ကာ လွယ်အိတ်ကို လွယ်၍ ခပ်သုတ်သုတ် ထွက်ခွာ ခဲ့၏။

သူ့စိတ်ထဲတွင်လည်း ပထမဦးဆုံးသော မာယာ၏ အထိအတွေ့ သက်ရောက်မှုကို စတင် သာယာမိလေပြီ။

တကယ်တော့ နားထဲ ဆတ်ဆတ် ကြားနေခဲ့ စကားစုတို့တ မာယာဖြင့် အတိုပြီးသော ဝိုင်ကို မက်မက် စက်စက် သောက်သုံးဖို့ အမိက တွန်းအားပေးခဲ့သည်ပဲ။

ခုထလာခဲ့သည့် နေရာလေးမှာပဲ "နေဇင်လတ် ငါ့တို့ ခွင့်လွှတ်ပါဟာ၊ နင့်ကို ပေးထား တဲ့ ငါ့အခြေကို ခေ့လိုက်ပါတော့ ငါ ကိုစိုးထိုက်အောင်ကို...." ဆိုသော..။

နောက်ကနေ လွင့်ပျံ့လာသော လတ်ဇက်ရှည်ဆိုင်မှ သီချင်း သံက နေဇင်လတ်၏ စိတ်တို့ကို ပို၍ဝင် ကယ်ဒီမ်းတယိုင် ဖြစ်စေသည် လား...။

"....*အားလုံးပြီးဆုံးသွားတော့...ရင်တစ်ခုလုံး ကြေသွား သလေး..*

www.burmeseclassic.com

www.burmeseclassic.com



*ကိုယ်ချင်းစာပါတယ် အို့ သူငယ်ချင်း သိပ်မဆန်းဘူး....*"

တကယ်တော့ ချိုလေးရယ် ငါကိုယ်တိုင်က မွစာကြဲနေတဲ့ နှလုံးသားကို ခေါ်းလှမသိအောင် ဟန်လုပ်ပြီး ဂုဏ်သိက္ခာတစ်ခုအတွက် ရင်းစား ပြန်ရအောင် ရှာနေရတဲ့ လူပါ။

◆ ◆ ◆ ◆

..................................................

ယခင်က သူမ မက်မောခဲ့သော ကိုစိုးရဲ့ ပြင်းထန်မွတ်သိပ်သော အနမ်းတို့သည် ယခုတော့ သူမကို ဘယ်လိုမှ မဆွဲဆောင်နိုင်တော့။ တုံ့ပြန်မှုကင်းသော သူမ၏ ဆက်ဆံပုံကြောင့်

"ငယ်လေး...ဘယ်လိုဖြစ်တာလဲ...နေမကောင်းလို့လား အလုပ်မှာ ဘာဖြစ်လာလို့လဲ...မှန်းစမ်း...."

နှဖူးပေါ်သို့ လက်တင်ကာ ကိုယ်ပူစမ်းကာ မှုပန်ကြီးစွာဖြင့် စိုးရိမ်ပြနေသော ကိုစိုးကိုကြည့်၍ ကေသီချို လျော့ရဲစွာ ပြုံးပြလိုက်ပြီးမှ ကိုယ့်အပြုံးသည် ဘယ်လိုမှ အသက်ဝင်မည်မှန်း သူမဘာသာ သူမ သိလိုက်သည်။

ကေသီချို နားထဲ မနေ့က သန္တာပြောသည့် စကားက သူမအသိကို တဆစ်ဆစ် ကိုက်ခဲလျက်။

နေဝင်လတ် ထွက်သွားပြီး သူမတို့ချည်းပဲ ကျန်ခဲ့စဉ် ဘာရယ်မဟုတ်.. သန္တာ၏ ရေရွတ်လိုက်သော အသံက သူမ နှလုံးသားကို ယခုထိ ....ဆုတ်ဖြဲနေဆဲ...။

"........ငါတို့က သူရယ်တာကို ကြည့်ပြီး အမြဲပျော်နေတာလို့ ထင်ထားတာ၊ တကယ်တော့ သူ... ဘယ်လောက်ကြေကွဲနေတာ၊ ဆောက်တည်ရာမရ ဖြစ်နေတာကို ..မမြင်ခဲ့ဘူး...."



မျက်နှာပြင်ပေါ် မိုးလာသော ကိုစိုးမျက်နှာကို လက်နှင့် ဖယ်ထုတ်ရင်း.....

"မလုပ်နဲ့ ကိုမိုးရာ ငယ်လေးမကြိုက်ဘူး...ဒါမျိုးပဲလုပ်နေမယ်ဆိုရင် ကိုစိုး နောက်တစ်ခါချိန်းရင် ငယ်လေး မလာတော့ဘူး"

ကေသီချို၏ လေသံမာမာကြောင့် စိုးထိုက်အောင်မှာ ကိုယ်ရှိန်သပ်သွားပြီး ကျောကိုဆန့်ကာ ကားကူရှင်ပေါ် မတ်မတ်ပြန်ထိုင်ရင်း အောင့်သီးအောင့်သက်မျက်နှာဖြင့်-

"sorry ငယ်လေးရာsorry? ပြောမယ့်ကိစ္စတောင် မေ့သွားတယ်"

ကေသီချိုမှာ အနည်းငယ်တွန့်ကြေသွားသည့် အင်္ကျီကို ချပ်ချပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ရင်း.....

"ဘာကိစ္စလဲ ကိုစိုး"

"လက်ထပ်ဖို့လေ"

"ဟင်"

"ဟုတ်တယ်လေ၊ လက်ထပ်ဖို့လေ အဲဒါ မာမီတို့က ဘယ်နေ့လာရမလဲတဲ့ မေးခိုင်းလိုက်တာ"

ကေသီချို မှာ ဂီလိုတင် ခေါင်းဖြတ်စက်မှာ ခေါင်းဖြတ်ခံရတော့မည့် လူတစ်ယောက်လို အထိတ်တထိတ် အလန့်တန့် ဖြစ်သွား၏

"ဘာလုပ်ဖို့ ကိုစိုးမာမီက လာမှာလဲ"

"ဟာ.. ဒီကောင်မလေးကလဲဒါတောင် မသိဘူးလား၊ လက်မထပ်ခင် လာခေါ်စပ် တောင်းရမ်းရတာပေါ့"

မျှော်လင့်ကြီး မျှော်လင့်ခဲ့ရသော ဒီလိုစကားအတွက် ခုချိန်မှာ သူမ ပျော်နေတာလား၊ ဒါမှမဟုတ် ဝမ်းနည်းနေတာလား ဆိုတာကိုပင် ကေသီချို သေသေချာချာ မသိ ။

www.burmeseclassic.com


ယခုလောလောဆယ် သူမကို ဘယ်သူမှ ပိုင်လို့ မဖြစ်သေး။ စိတ်ကိုထိန်းပြီး.....

"စာမေးပွဲ ဖြေပြီးမှပဲ လာစေစပ်ပါလား ကိုစိုးရာ၊ ငယ်လေး စာမေးပွဲကို စိတ်ဖြောင့်ဖြောင့် ဖြေချင်လို့ပါ"

ကေသီချို စကားဆုံးလျှင် စိုးထိုက်အောင်မှာ ကေသီချို မျက်နှာကို စေ့စေ့ကြည့်ပြီး-

"ငယ်လေး ဒီလိုအခွင့်အရေးရဖို့ ကိုစိုး ဘယ်လောက်ထိ စောင့်လာရလဲ သိလား၊ ဖြစ်နိုင်ရင် ငယ်လေးကို တစ်ရက်တစ်စက္ကန့်တောင် မစောင့်နိုင်တော့ဘူး၊ ကိုစိုး စိတ်ထဲမှာငယ်လေးကို ဆုံးရှုံးရမှာ သိမ်ကြောက်တယ်၊ ကိုစိုးကို ငယ်လေးက ဘဝတစ်ခုလုံးအတွက် ရည်ရွယ်ပြီး ချစ်ခဲ့တာမဟုတ်ဘူးလား ပြော ငယ်လေး၊ ကိုစိုးနဲ့ စာမေးပွဲ ဘယ်ဟာက....ပိုအရေးကြီးလဲ.. ပြော...ငယ်လေး၊ ဟာ... ကြာပါတယ်...တစ်ခါတည်းပဲ နိုးပြေးတော့မယ်"

ပြောရင်းဆိုရင်း ဒေါသတကြီးဖြင့် တကယ်ပဲ နိုးပြေးတော့မည့်ပုံစံကြောင့် ကေသီချို ထိတ်လန့်သွားကာ-

"မဟုတ်ဘူး မဟုတ်ဘူး ငယ်လေး ကိုစိုးကို မချစ်လို့ မဟုတ်ဘူး.."

ပြောနေရင်း ဘယ်လို အကြောင်းပြချက် ပေးရမလဲ စဉ်းစားရင်း ထိတ်လန့်သည့် လေသံကင်းအောင် ငြိမ်အောင် ထိန်းပြီး လေသံပျော့ပျော့နှင့်

"ဒီလိုလေကိုစိုးရဲ့ တစ်သက်မှာတစ်ခါ ဆောင်ရတဲ့ မင်္ဂလာဆောင်မှာ ငယ်လေးရဲ့နာမည်နောက်မှာ ဘွဲ့လေးတစ်ခု ထက်ပိုချင်တာပေါ့၊ ပြီးတော့ ငယ်လေးနဲ့ ကိုစိုး ချစ်သူဖြစ်တာ၊ဘာ ကြာသေးလို့လဲ သုံးလ လေးလပဲ ရှိသေးတဲ့ဥစ္စာ၊မမြန်လွန်းဘူးလား၊ ပြီးတော့ စာမေးပွဲကလဲ သိပ်ကြာတော့တာမှ မဟုတ်တာ"

သူမစကားကြောင့် အနည်းငယ်တွေဝေသွားသည့် စိုးထိုက်အောင်ကို တစ်ချက်ကြည့်ပြီး ဘယ်လို ဆင်ခြေ ဆက်ပေးရမလဲဟု ကေသီချို ဆက်စဉ်းစားကာ-

"ငယ်လေး ဒီတစ်နှစ်တော့ လွတ်လွတ်လပ်လပ် နေချင်သေးတယ်၊ ပြီးတော့ အိမ်ကလဲ ငယ်လေးကို ဒီကောင်မလေး ဘွဲ့ရ၊ အလုပ်ရတာနဲ့ မိဘကို လုပ်ကျွေးဖို့တော့ မစဉ်းစားဘူးယောကျ်ားယူဖို့ပဲ စဉ်းစားနေတယ်လို့ ထင်မှာလဲ စိုးတယ်၊အခုလဲ ငယ်လေးတို့အိမ်မှာ ကိုစိုး လွတ်လွတ်လပ်လပ်ဝင်ထွက်ခွင့်ရနေပြီပဲ ဥစ္စာ"

ကေသီချို စကားဆုံးတော့ စိုးထိုက်အောင် ခေါင်းတစ်ခုလုံး ရှုပ်သွား၏။ သူထင်ထားသည်က သူ အခုလို ပြောလိုက်ရင် ကေသီချို ဝမ်းသာအားရ ဖြစ်သွားမည်ဟု ထင်ထားတာ၊

ခုတော့ ဒီလိုမဟုတ်၊ သူမ ကတောင် သူနှင့် နီးဖို့အရေးကို သွေးအေးနေသလို။

အင်း... ဒါလဲ ကောင်းပါတယ်လေ..အိမ်မှာက သူ အတင်းအကျပ် ပြောလို့သာ ခွင့်မပြုချင် ပြုချင်နဲ့ လက်ခံလိုက်ရတာ၊ ခုလိုဆိုတော့လည်း အိမ်ကို စည်းရုံးဖို့ ပိုအချိန်ရတယ်လို့ပဲ မှတ်ရမှာပေါ့ ဟု စိုးထိုက်အောင်မှာ အကောင်းဘက်က လှည့်တွေးလိုက်၏။

"ကောင်းပြီလေ၊ ဒါဆို ဒီနှစ် ဝါကျွတ်တာနဲ့ လက်ထပ်မယ်၊ ပြီးတော့မှ ဂဏှာဂရောင် မလုပ်နဲ့နော်၊ လိုက်ပြီး ပြဿနာရှာမှာ"

"ယုံပါတယ် သူ့ကိုချစ်ရတာ ရင်တထိတ်ထိတ်နဲ့ အကုန်လုံးကို စိတ်မချဖြစ်နေတာပဲ ဒီလိုမှန်းသိရင်..."

"ပြောလေ ဆက်ပြောလေ ဟင်း... ဒီက ငယ်လေးတို့ အစားတိုးလို့မရနိုင်အောင် ချစ်နေရတာမို့ သဝန်ကြောင်နေရတာတောင်



www.burmeseclassic.com

www.burmeseclassic.com

ငယ်လေး စိတ်ဆင်းရဲစွာမို့လို လျှော့ပေးလိုက်တာ…”

နိုးထိုက်အောင် ပြောနေသောစကားကို စိုးထိုက်အောင် မျက်နှာကို ကြည့်ရင်း နားထောင်နေသော ကေသီချိုမှာ အတွေးတို့က လက်ရှိနေရာမှ နေ၍ ဟိုတစ်စ ဒီတစ်စသို့ ပျံ့လွင့်နေဆဲ။

ကန်တော်ကြီး ဥယျာဉ်ထဲ ကန်ရေပြင်ကို ဖြတ်၍ တိုက်လာသော လေနုအေးတို့က သူမ ရင်ကို ထင်သလောက် မအေးစက်နိုင်တော့ပေ။

သူမစိတ်ထဲ… ခုချိန်မှာ ဖြစ်နေတာက သူမ လုပ်ရပ်တွေကိုသူမကိုယ်တိုင် ရှုံ့မုန်းနေတာ ၊ ပြီးတော့ ရင်ထဲမှာလဲ သူမကိုယ်တိုင် မသိသေးသည့်ခံစားချက် အသစ် တစ်ခု….။

ဒီခံစားချက်က သွေးသားချင်း ထိတွေ့ တွန်းတိုက်ရာမှ ဖြစ်လာခဲ့တာတော့ မဟုတ်။

တစ်စုံတစ်ခုကို ပြန်မရတော့မှာကို စိုးရိမ်နေသလို၊ အိမ်မက်ထဲမှာ ထွက်ခွါစ ရထားနောက်ကို ပြေးလိုက်နေရသလို ။

အင်း ..ဘယ်လိုပြောရမှန်းတောင် .. မသိတော့။ ကေသီချိုကိုယ်တိုင် စိတ်နဲ့ကိုယ်နဲ့ နမမ်းလုံးနေတော့၏။

စိုးထိုက်အောင် ပြောပြနေသည့် ရှေ့အနာဂတ် အစီအစဉ်များကို သူမနားမှာ မကြားတစ်ချက် ကြားတစ်ချက်နှင့်။

တကယ်တော့ သူမကိုယ်တိုင်အချစ်ဆိုတာ …ဘာတိုခေါ်သလဲ ဆိုတာ ခုထိ ဝေဝေဝါးဝါး မသိသေးပါလားလို့ဟု ကေသီချို စိတ် မသက်မသာ ဖြင့် တွေးနေလေ၏။

◆ ◆ ◆ ◆





# ၆

“လာ…မြင့်ဆွေ ပျောက်လှချည့်လား၊ မနေ့ကတောင် နေဇင်လတ်ငါ့ဆီ လာသွားသေးတယ်၊ ဒီနေ့ မင်းနဲ့ …ငါ့ဆီမှာ ချိန်းထားတယ်ဆို”

မင်းမင်းထွန်း၏ ဆီးကြိုစကားကြောင့် ညှော်ခန်းထဲ ဘယ်သူရှိနေလဲ ဝေ့ဝဲကြည့်လိုက်ပြီးမှ –

“ဟုတ်တယ် မင်းမင်းထွန်းရေ၊ ဟိုကောင် နေဇင်လတ်ထိစ္စပေါ့၊ ဘာလဲ မသိပါဘူးကွာ၊ငါလဲ နားအေး ပြီးရော ဆိုပြီး တော့ ခေါင်းညိတ်လိုက်တာပဲ၊ ဒီကောင်ဘာပြောသေးလဲ”

“ဘာမှတော့ သိပ်ပြီး တွေတွေထူးထူး မပြောပါဘူးကွာ၊ ခဏထိုင်ဦး၊ အိမ်မှာက နေ့ခင်းဘက် ဘယ်သူမှ ရှိတာမဟုတ်၊ ငါတစ်ယောက်ပဲရှိတာ လက်ဖက်လေး ဘာလေး သုတ်လိုက်ဦးမယ်”

နောက်ဖေးမီးဖိုချောင်ဘက်သို့ ပြောပြောဆိုဆို ဝင်သွားသည့်

www.burmeseclassic.com

www.burmeseclassic.com

မင်းမင်းထွန်းကို ကြည့်ရင်း ဒီကောင်ပဲ အေးတယ်ဟု စိတ်ထဲက မှတ်ချက်ချလိုက်၏။

ညှော်ခန်းထောင့်မှာ အလှမွေးထားသည့် ငါးကန်ကို ကြည့်ရင်း လူတွေ စိတ်အပန်းဖြေဖို့ ဒီလိုသတ္တဝါတွေရဲ့ လွတ်လပ်ခွင့်တွေ ဆုံးရှုံးရသလို ဖြစ်နေပါလားဟု မြင့်ဆွေမှာ ဝေါက်ပေါက်ရှာရှာ တွေးလိုက်၏။

နောက်မှ ခြေသံကြောင့် ငါးကန်ကို ကြည့်နေရာမှ ညှော်ခန်းဆက်တီရှိရာသို့ ပြန်ထိုင်ကာ-

"တကယ်ပဲ မင်းဘာမှ မသိဘူးလား မင်းမင်းထွန်း၊ ဟို သူ့ကောင်မလေး သူ့ကို ခေါ်သွားတာကို လုံးဝ မပြောပြဘူးလား"

ကိုယ်သုတ်သည့် လက်ဖက်ကို ကိုယ်ပြန်မြည်းနေသည့် မင်းမင်းထွန်းမှာ မြင့်ဆွေ စကားကြောင့် ပါးစပ်ထဲရှိ လက်ဖက်ကို ကုန်အောင် ဝါးလိုက်ရင်း

"ပြောတော့ ပြောတယ်၊ ငါ တစ်ခု နားမလည်တာက ဒီကောင့်ကို သူ့ကောင်မလေးက စဖြတ်တာလား၊ ဒါမှမဟုတ်စကားများလို့ ဖြတ်လိုက်တာလား သိမ်ပြီး သဲသဲကွဲကွဲမရှိဘူး"

"ဒီလို မင်းမင်းထွန်းရ သူ့ကောင်မလေးက ခု နောက်တစ်ယောက်နဲ့ တွဲနေပြီ၊ ငါတို့ သိသလောက်ဆို ဒီကောင်နဲ့ မပြတ်ခင် ကတည်းက တွဲနေတာ၊ နေဇင်လတ်က ရိပ်မိလို့ ဖွင့်မေးတော့မှဟိုက ပြောင်တိုက်ပြီး ဟုတ်တယ်လို့ ခပ်တည်တည်ဖြေနေခဲ့တယ်၊ ပြီးတော့ ဘယ်လောက်ဆိုးသလဲဆို ဒီကောင်ပြန်ပြောပြလို့ သိရတာနော်၊ ကေသီချိုက သူ့ကို သူငယ်ချင်းလို ဆက်ပြီးနေပေးပါလို့ ပြောတယ်၊ ဘာလို့လဲ ဆိုတော့ ခု .. သူနဲ့ တွဲနေတဲ့ ပုဂ္ဂိုလ်က သူနဲ့ နေဇင်လတ် ရည်းစားဖြစ်ခဲ့တာကို ရိပ်မိမှာ စိုးလို့တဲ့"

"ဟာ ဒီလိုဆို အဲဒီကောင်မလေး ဘယ်သူ"

"ကေသီချို"

"အဲဒီ ကေသီချိုက ငါတို့ နေဇင်လတ်ကို ကြွေး သွားတာပေါ့၊ တောက်! ဒီကောင် ဘာမှ မတုံ့ပြန်ဘူးလား"

"အေး တုံ့ပြန်ဖို့ နေနေသာသာ ခုလက်ရှိ တွဲနေတဲ့ ပုဂ္ဂိုလ်နဲ့တောင် ငါ့ကို ရင်းနှီးအောင် ပေါင်းခိုင်းနေသေးတယ်"

"နေဦး နေဦး… ဒီကောင် မင်းကို ဘာရည်ရွယ်ချက်နဲ့ ပေါင်းခိုင်း ရတာလဲ၊ ဒီကောင် မင်းကို ပြောပြလား"

"နေဇင်လတ် ငါ့ကို ပြောတာကတော့ သူ့ကောင်မလေးကို ဟိုက ကျောရရုံ ကြံမှာစိုးလို့ ကာကွယ်တဲ့ အနေနဲ့ ငါ့ကို အဲဒီပုဂ္ဂိုလ် အနား ရှိစေချင်တာတဲ့"

"ဒီ နေဇင်လတ် ဆိုတဲ့ကောင်က ရူးများ ရူးနေပြီလား မသိဘူး၊ ဒီကောင့် စိတ်က အရင်က ဒီလိုမဟုတ်ပါဘူး၊ ခုမှ ဘာဖြစ်လို့ ရှေ့ညံ့နေရတာလဲ"

အိမ်ပေါက်ဝတွင် ထင်လာသောအရိပ်ကြောင့် နှစ်ယောက်စလုံး စကားပြောနေရာမှ လှည့်ကြည့်လိုက်၏။

"မင်းတို့က ငါ့အတင်း ချနေတာပေါ့လေ ဟုတ်လား၊ တော်တော် မလွယ်တဲ့ ကောင်တွေ"

နေဇင်လတ် စကားကြောင့် နှစ်ဦးစလုံး ပြုံးတော့ မြင့်ဆွေက

"အတင်း မဟုတ်ပါဘူးကွာ သတင်းပါ၊ မင်းဘာဖြစ်လောက်အောင်များ ကျသလဲ ဆိုတာကို မခံနိုင်လွန်းလို့ပါ"

နေဇင်လတ်မှာ မြင့်ဆွေစကားကို ခေါင်းယမ်းလိုက်ပြီး

"ဒီလိုလဲ မဟုတ်ပါဘူးကွာ၊ ငါက ပြီး ချစ်ခဲ့မိတာကို လူတစ်ယောက်ကို စချစ်ပြီဆိုကတည်းက ပူလောင်မယ်ဆိုတာ ငါ နားလည်ပြီးသားပါ"


www.burmeseclassic.com

www.burmeseclassic.com

"ဟောကောင် တော် တော် တော်တော့ ကြာရင် မင်း ငိုချင်းချတာနဲ့ ငါ့အိမ်ကို ပတ်ဝန်းကျင်က တစ်မျိုး မြင်နေဦးမယ်"

"ငါ မငိုပါဘူး သူငယ်ချင်းရာ၊ တစ်ခုပဲရှိတာ၊ ငါ ပေးဆပ်စရာ ရှိတာကို ကုန်အောင် ပေးဆပ်ခဲ့ချင်လို့ မြင့်ဆွေကို အကူအညီတောင်းရတာပါ"

"သတိတော့ ထားတော့ မြင့်ဆွေရေ နေဇင်လတ်တော့ မင်းကို ချုပ်နေပြီ"

မင်းခင်းထွန်းစကားကြောင့် မြင့်ဆွေမှာ သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး

"ချုပ်ပါစေကွာ သနားပါတယ် ငါ့မှ မကယ်ရင် ဒီကောင်ဘဝ သူများတံခွေးခွက် မှောက်ရက် မှောရတော့မှာ"

"ထွီ! ပက်လက်လုပ်စမ်းပါကွာ"

"ထားပါတော့ ကဲပြော နေဇင်လတ် ဒီနေ့ ငါတို့ကို ချိန်းတာဘာကိစ္စရှိလို့လဲ"

"ဟိုတစ်ခါ ငါပြောထားတဲ့ ကိစ္စလေ အဲဒါ"

"မင်းမလဲ စိတ်က ခုထိ တောင်းပေးနေနိုင်တုန်း၊ ထားပါတော့လေ၊ငါလုပ်ပေးမယ်လို့ ကတိပေးထားပြီးပြီပဲလုပ်ပေးရမှာ ပေါ့"

"ဒီလို လုပ်စမ်းပါ မြင့်ဆွေရာ၊ ဒါနဲ့ ကိုစိုးထိုက်အောင် မင်းနဲ့ တွေ့သေးလား"

"ခုထိ မတွေ့သေးပါဘူးကွာ"

"အဲဒါဆို အတော်ပဲ အဲဒီ ပုဂ္ဂိုလ် ငါ့အကြောင်း မေးလာခဲ့ရင် အရမ်းဆိုးတာတို့ ကိုယ်ကျင့်တရား မကောင်းဘူးတို့ စာရိတ္တ မကောင်းဘူးတို့ မဟုတ်တာတွေ အကုန်ပြောကွာ၊ ကောင်းတာတစ်ခုမှ မပြောနဲ့"

"ဘာထွင်ပြန်ပြီလဲကွာ မင်းဟာက ရှုပ်နေတာပဲ၊ တခြား





ဖြိုင်ဘက်တွေဆို မရှိတဲ့ ဂုဏ်ပုဒ်တွေ အကောင်းတွေကို ဂုဏ်တင် ပြီး ပြောနေကြတာ မင်းကျတော့ ပြောင်းပြန်ကွာ တစ်ခုခုတော့ တစ်ခုခုပဲ မင်း... ငါတို့ကို ပွင့်ပွင့်လင်းလင်းပြောဖို့တော့ ကောင်းနေပြီ"

မြင့်ဆွေ စကားကြောင့် နေဇင်လတ် တွေဝေသွားသည်။ သူကြံစည်ထားသမျှကို ပြောပြလိုက်ရင် ကောင်းလေလား။

ပြောပြလို့ မဖြစ်ပါဘူး၊ သူ ကျဆုံးခဲ့ရသည့် ဂုဏ်သိက္ခာတို့ မာနတို့ ပြန်ရမည့် ဥစ္စာက ဒီအခွင့် အရေးတစ်ခုပဲရှိတာ၊ ဖော်တဆ ပေါက်ကြားသွားလို့ ဒီအကြံအစည် ပျက်သွားလို့ မဖြစ်။

"ဘာ အကြံအစည်မှ မရှိပါဘူးကွာ၊ သူ ငါ့ကို စွန့်ပစ်ခဲ့တယ်ဆိုတာ မှန်တယ်ဆိုတာကို သံသယ မရှိစေချင်လို့ပါ - - ငါ့အတွက် နဲ့ သူတို့ နှစ်ယောက်စလုံးကို ပြဿနာမဖြစ်စေ ချင်ဘူး၊ ငါ ကျရှုံးတယ် ဘဝနိမ့်ကျတယ်ဆိုမှ သူရွေးချယ် လိုက်တဲ့ စိုးထိုက်အောင်က ဘယ်လောက်တန်ဘိုးရှိတယ် ဆိုတာ . . . ၊သဘောတတော့ ကွာ မြှုစာယ်ဆိုတာ ထင်ရှားအောင် ငါ.မည်း.. ပြတယ်ဆိုတဲ့ သဘောပေါ့"

ဒေသာနဆန်သော နေဇင်လတ်၏ စကားကြောင့် သုံးယောက်ရှိသော ညနေခင်းသည် ဆိတ်ငြိမ်ခြင်းဖြင့် ဆွံ့အသွား၏။

ပြတင်းပေါက် လိုက်ကာစကို ဖြတ်သန်းထိုးကျလာသည့် နေရောင်မှာ ဆက်တီ စားပွဲ ပေါ်တင်ထားသည့် မှန်ဖြူးကို ရိုက်ခတ်ပြီး အပြာနုရောင် သုတ်ထားသည့် နံရံ ချက်နှာဖြင်ပေါ်တွင် ယိမ်းယိုင်လှုပ်ရှားနေသည်မှာ သူတို့သုံးဦး၏ အတွင်းစိတ်များ မတည်ငြိမ်တာကို ပြသနေသလို...။

"အင်း ငါတော့ နားမလည်နိုင်တော့ဘူးကွာ မင်းလို စိတ်အလိုအသားကြီးတဲ့ လူတစ်ယောက်က ကိုယ့်ကို ကိုယ်ကျင်လည်တဲ့အသိုင်းအဝိုင်းမှာ မျက်နှာပေါ်ခွင့် မရနိုင်လောက်အောင် လုပ်ခဲ့တဲ့ လူကို

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက် သဘောထားကြီးပြနေတာစိတ်ထားကောင်းပြနေတာ ယုံနိုင်စရာ မရှိဘူး၊ ထားပါတော့လေ…ဒါက မင်းရဲ့ကိစ္စပဲ၊ ငါတို့က မင်းရဲ့ သူငယ်ချင်း ဖြစ်နေတော့ မင်း ကပြစေချင်တဲ့ ဇာတ်ကွက်အတိုင်း ကပြရမှာပဲ၊ ဒါပေမဲ့တစ်ခုတော့ မင်းသိထား နေဇင်လတ်၊ လူဆိုတာ ကိုယ်စိုက်တဲ့အပင်ကို ကိုယ်ကိုယ်တိုင် ရိတ်သိမ်းရမှာနော်…"

"မင်း ငါ့ကို မယုံလို့လား မင်းမင်းထွန်း၊ ငါ့ရင်ထဲမှာ ဘာဖြစ်နေလဲဆိုတာကို မင်း တကယ်ကော ခန့်မှန်းနိုင်လို့လား…"

"ကဲ တော်တော့ လာရင်းကိစ္စ ပျောက်တော့မယ်၊ မင်းမင်းထွန်း ကလဲ ဒီကောင် ဘာအကူအညီလိုလို့လဲမှ မသိတာ၊ ကဲ…နေဇင်လတ် မင်း ပြောသလို လုပ်ပေးရုံပဲ မဟုတ်လား၊ ဒီထက်ဘာလုပ်ပေးရဦးမလဲ"

ဆက်တီ နောက်ကျောကို မှီကာ မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်ပြီး အတွေးတို့ ရှုပ်ထွေးမှုကို ဖယ်ရှားဖို့ နေဇင်လတ် ကြိုးစားလိုက်၏။

လတ်တလောအခြေအနေအရ ဒီသူငယ်ချင်း နှစ်ယောက်စလုံး သူ့ဘက်မှာ ရှိနေမှ ဖြစ်မည်။

သူ့ရင်ထဲမှ အဓိပ္ပါယ်တကယ့် ခံစားချက်ကို ဖွင့်ပြောပြလိုက်ချင်သည်။ ဒါမှ သူ ပေါ့သွားမှာ ။

ဒါပေမဲ့ သူ ဒီလိုလုပ် ဖို့ ဘယ်တော့မှ မစဉ်းစား။ ကိုယ်ခံခဲ့ရတာ၊ ပစ်ပယ်ခွန့်ပစ်ခံခဲ့ရတာကို ဘယ်တော့မှ မပြယ်နိုင်သည့် အရသာသစ်သဖွယ် တမြည့်မြည့်ခံစားပြီး အဆုံးစွန်ထိ မျိုသိပ်ထားလိုက်ဖို့ပဲ…သူ…စဉ်းစားထား၏။

"ငါ့ကို နားလည်ပေးပါကွာ၊ နောက်ပြီး သူနဲ့ငါ ချစ်သူ ဖြစ်ခဲ့တယ်" ဆိုတာကိုဘယ်သူ့ကိုမှ ထပ်ပြီးမသိပါစေနဲ့ကွာ…"

နေဇင်လတ် ရင်ထဲမှ မေတ္တာ အတိမ်အနက်ကို ခန့်မှန်းဖို့



မဖြစ်နိုင်သော်လည်း ရုတ်ချည်း ပျောညံ့လွယ်သည့် အဖြစ်ကြောင့် အံ့အားသင့်ရသလို အားမလို အားမရ ဒေါသလည်း ဖြစ်ရသည်။ မြင့်ဆွေမှာ နေဇင်လတ်ကို ဖျော့တော့ လျှော့ရဲ့စွာ ပြုံးပြလိုက်ပြီး…

"စိတ်ချပါ နေဇင်လတ်၊ ငါတို့ဘက်က ဘာမှ ပိုပြီး မသိစေရပါဘူး၊ဒီနေ့မနက်တောင်ငါ့ကို အတန်းထဲကမေးနေ ကြသေးတယ်…"

"ဘာမေးတာလဲ"

"မင်းနဲ့ ကေသီချိုက ရည်းစား မဟုတ်ဘူးလားတဲ့၊ မှ နောက်တစ်ယောက်နဲ့ ကေသီချို တွဲနေတာကတော့သိပ်ပြီးမျက် နှာ ပြောင်တိုက်လွန်းတယ်ပေါ့၊ ငါတို့သာဆိုရင်အဲဒီနေရာမှာနှစ်ယောက် လုံး ကို ရိုက်သတ်ပစ်မယ်၊ ပြီးမှ ဖြစ်ချင်ရာ ဖြစ်လို့…"

"စိုးလင်းနိုင်တို့ အုပ်စုကလား"

"အေး ဟုတ်တယ်"

"ဒါနဲ့ မင်းဘာပြန်ပြောလိုက်သလဲ"

"မဟုတ်ပါဘူး၊ မင်းနဲ့ ကေသီချို က သူငယ်ချင်းတွေပါလို့ ငြင်းလိုက်ရတာပေါ့၊ နို့မို့ဆို မင်း ကွဲသွားမှာပေါ့"

ပင့်သက်မောကို အပန်းတကြီး ချရိုက်၏။ အခြေအနေတ သူထင်ထားတာထက် ပို၍ ဆိုးလာပြီလားဟု နေဇင်လတ် မသက်မသာ တွေးလိုက်၏။

ဘာမှ မကျန်တော့သည့် သင်တန်းချိန် ကာလလေးကို ဖြတ်ကျော်ဖို့တောင်… ယောကျာ်းတစ်ယောက် ရှိသင့်ရှိထိုက်သည့် ဂုဏ် သိက္ခာရော ကျန်ခဲ့ပါဦးပါ့မလား…။

"ကျေးဇူးပါပဲ မြင့်ဆွေရာ၊ နို့မို့ဆို သူ့သိက္ခာ ကျနေပါဦးမယ်"

"မင်းကွာ"

မြင့်ဆွေ၏ မချင့်မရဲ စကားသံကို လျစ်လျူပြုရင်း နေဇင်လတ်

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တင်ထားသည့် လက်ဖက်သုပ် ပန်းကန်ကို လှမ်းဆွဲလိုက်၏။

ရင်ထဲက ခံစားချက်တို့ကြောင့် လက်ဖက်သုပ် ခပ်လိုက်သော ဇွန်း မသိမသာ တုန်ခါနေသည်ကို ကြည့်ပြီး နေဇင်လတ် ကိုယ့်ကိုကိုယ် စိတ်ပျက်သွား၏။

. . .ဒီလိုဖြစ်နေလို့ မရဘူးလေ ဒီလို ခံစားလွယ်ခဲ့လို့ ခုလို ခံစားနေရတာ၊ ယောကျ်ားပဲ အားတင်းစမ်း အားတင်းစမ်း . .။

လက်ဖက်သုတ် တစ်ဇွန်းစားဖို့ ကြိုးစားအားထုတ်နေရသော နေဇင်လတ်ကို ကြည့်ပြီး မင်းမင်းထွန်း စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်၏။

"ဒီလောက်တောင် ဖီးလ်တက်နေရင်လဲ ကားတင်ပြေးကွာ၊ နေဇင်လတ် ဘယ်လိုလဲ"

သူ့ရင်ထဲက သောကတွေ သူငယ်ချင်းတွေဆီကို ကူးလေပြီလားဟု တွေးရင်း နေဇင်လတ် ခေါင်းကို ရမ်းလိုက်၏။

"နေပါစေကွာ၊ ငါ သူ့ကို ချစ်နေရရင် ကျေနပ်ပါတယ်ကွာ၊ မင်းတို့နဲ့ ကြုံရင်သာ ခုနငါပြောသလိုသာ လုပ်ပေးပါကွာ၊ ကဲ ငါ ပြန်ဦးမယ် . . ဪ မြင့်ဆွေ မင်း ကိုစိုးထိုက်အောင်နဲ့ တွေ့ပြီးရင် ငါ့ကို ဖုန်းဆက်ပေးပါကွာ မနက် သင်တန်းရောက်ရင်လည်း ငါ့ကို မေ့ပြီးတော့ လာနှုတ်မဆက်နဲ့နော်"

မှာလို့မဆုံး ဖြစ်နေသည့် နေဇင်လတ်ကို ကြည့်ရင်း အချဉ်ပေါက်လာသည်မို့ မင်းမင်းထွန်းမှာ

"ကဲ မင်း မှာလို့ ဒီနေ့ ပြီးဦးမှာလား" ဟု ဘုတောလိုက်၏။

နေဇင်လတ်မှာ သနားစဖွယ် လေပြေလေးဖြင့်

"မေ့မှာ စိုးလို့ပါကွာ" ဟုပြောပြီး အိမ်ပေါ်မှ ဆင်းသွား၏။

ခြိတခါး၀ ရောက်နေသော နေဇင်လက် နောက်ကျောကို



ကြည့်ရင်း မြင့်ဆွေမှာ မင်းမင်းထွန်းဘက် လှည့်ရင်း-

"အင်း ငါတို့တော့ ဘာမှန်း မသိဘဲ မီးပျက်နေတဲ့လမ်းပေါ် လမ်းလျှောက်နေရသလိုပဲ ဟု ညည်းတွားလိုက်၏။

♦ ♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲဆိုတာ ပြိုင်ရင် နိုင်ဖို့ အရေးကြီး တယ်၊ ယှဉ်ပြိုင်ခြင်းသာ အဓိကတို့၊ အတွေ့အကြုံ ရဖို့တို့ဆိုတာ ရှုံးလာရင် ပြောဖို့ ပြင်ထားတဲ့ ဆင်ခြေစကားလုံးတွေပါ........။

ဒီလိုပဲ ချစ်ခြင်းဆိုတာ ကုန်ပစ္စည်း တစ်မျိုး လို့ သတ်မှတ်လိုက်မယ်ဆိုရင် အနိမ့်ဆုံး.. ကြမ်းခင်း ဈေးထက်နည်းတဲ့ ကြမ်းအောက်က ဈေးနဲ့ရဖို့ အရေးကြီးတယ်၊ ဥပမာဆိုပါတော့.....။

ဂေါ်ဖီပါးသားရုပ်ရှင် ထဲကလို .. ကိုယ်လိုချင်တဲ့ပစ္စည်းကို ပထမ သတိပေးချက်အနေနဲ့.. တစ်ရာပေးဝယ်၊

ဒါမှမရရင် နောက်ခုနှစ်ဆယ့်ငါးကျပ် ......၊

ဒါမှ မရသေးရင်........ ငါးဆယ်...၊

ဒါတောင် ခေါင်းမာနေသေးရင်...........

"......တစ်ပြားမှ မပေးတဲ့ ကိုယ်လိုချင်တဲ့ ပစ္စည်းကိုလုပြီး ပိုင်ရှင်ကိုပါ သတ်ခဲ့လိုက် ဆိုတဲ့ ဒွန်ကိုးလီယွန် ရဲ့ ဥပဒေလိုပေါ့...."

ပြောချင်တာကတော့........



တကယ်တော့ ပုရပုဏ် ကျဉ်းကျဉ်းလေးသာ ရှိသော အရင်းကိုင်သင်တန်းကျောင်း တစ်ဝိုက်ရှိ *မနက်ပိုင်း သင်တန်းချိန် ဘျှော့ဟာတို့ နေရာအနှံ့ အပျော်ကြီးပျော်နေသော ကေသီချိုတို့ စုံတွဲကို ရှောင်နေရသည်မှာ နေ့စဉ်လတ် အတွက် ကြာလာတော့ ဖန်းထုပ်ဖနိုး အလုပ်ပို တစ်ခုသဖွယ် ဖြစ်လာခဲ့သည်။

မတော်တဆ ထိပ်တိုက်ဆုံတွေ့ သည့်အခါ လူမှုရေးအရ နှုတ်ဆက်နေရသော်လည်း စိတ်က အပ်ဖျား ဝေါင်းချားစွာရှိ ထိပ်တွင်တင်ထားခံရသည့် သက်ရှိသတ္တဝါတစ်ကောင်လို နာရှုံးကျင်လျက်။

တစ်ခါတလေ စာသင်ခန်းထဲထိ လာထိုင်နေတတ် သည့် ဒီးတိုက်အောင်နဲ့ ကေသီချိုတို့ တွေ့ရသည့်အခါ အတန်းထဲရှိ အားလုံးသော မျက်လုံးများက.. သူ့ကို စာနာသည့် အကြည့်ဖြင့် ကြည့်သည့်အခါ၊ တစ်ခါတလေ "မတန်တရာမှန်းတဲ့ ကောင်ရဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



ဘာတတ်နိုင်သလဲ'' ဟု ပုံစံမျိုးဖြင့် ကြည့်သည့်အခါ.. သူ့ရင်ထဲမှ အမုန်းတရား နာကြည်းခြင်း တို့သည် သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးလွှမ်းသွားမတတ် လောင်မြိုက်လျှက်..။

ချစ်ခြင်းတရား၏ အစွန်းတစ်ဖက်တွင် ဘာရှိသလဲ၊ ခုချိန်မှာတော့ ဘာကိုမှ မရှိစေချင်တော့။

လူတစ်ကိုယ်လုံးလဲ ကြုံတွေ့ရတိုင်း ကြားသိရသည့်အခါတိုင်းသောကတို့၊ အမုန်းတို့ဖြင့် တောက်လောင်ခံ ရဖန် များလာသဖြင့် ကြာလာတော့ ဒီနာကြည်းခြင်းတွေနဲ့ မေ့ပျော်လာတတ် နေခဲ့လေပြီ။

''နေဇင်လတ် ညွှန်မှူးက လချုပ်တွေ ပြီးရင် ရုံးချုပ်သွားဖြီး ဆီခွဲတမ်းကိစ္စ ဒီနေ့ပြီးအောင် သွားလုပ်လိုက်တဲ့''

ဌာနခွဲ စာရေးမ(B.C) ပြော စကားအဆုံးမှာ နေဇင်လတ် စိတ်ပျက်သွားသည်။ သွားပြီ၊ ဒီလိုဆို ညနေ အိမ်အပြန် နောက်ကျတော့မည်၊ စောစောကတည်းက လာပြောထားလျှင်လည်း ကောင်းသား၊ ခုတော့။

''အင်း...၊ ကျွန်တော် ပြီးရင် သွားလိုက်မယ်..''

အဖြေစကား ပြန်ပေးလိုက်၍ ခေါင်းငုံ့ပြီး လုပ်လက်စ လချုပ်ကို ဆက်လုပ်နေသော်လည်း ဌာနခွဲစာရေးမ ပြန်မလှည့်သွားသေးသဖြင့် မော့ကြည့်လိုက်၏။

''မ[illegible] ဘာကိစ္စရှိသေးလို့လဲ..''

နေဇင်လတ်မေးသံကြောင့် အပျိုကြီး အိအိခိုင်မှာ နေဇင်လတ်ကို ဆိုးဖြတ်ရန် တွေဝေသော ပုံစံဖြင့်ကြည့်ရင်း-

''ငါ မေးသင့်မမေးသင့် စဉ်းစားနေတာ၊ ကိုယ်ရေးကိုယ်တာကိစ္စဆိုတော့ စပ်စုသလို ဖြစ်နေမှာ စိုးလို့...''

နေဇင်လတ် စိတ်ထဲ ဒီအပျိုကြီး ဘာလာပြောနေပါလိမ့်ဟု စိတ်ရှုပ်သွား၏၊



အသက်ချင်းမတိမ်းမယိမ်း ဖြစ်သော်လည်း ဌာနခွဲစာရေးဖြစ်နေသဖြင့် အိအိခိုင်ကို လေးစားဟန် ပြနေရသော်လည်း ဒီလို လာစပ်စုတာကိုတော့ မကြိုက်။

''ဘာကိုလဲ...''

''ဒီကို လာလာနေတဲ့ နင့် ကောင်မလေးကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ရုပ်ရှင်ရုံမှာ ယောကျ်ားလေးတစ်ယောက်နဲ့ တွေ့တယ်''

ကြားလိုက်ရသည့်သတင်းစကားအတွက် နေဇင်လတ်မျက်နှာတွက်ခနဲ ပျက်မလို ဖြစ်ပြီးမှ မနည်း စိတ်ကို ထိန်းထားလိုက်ရ၏၊ ဘာကို ပြန်ပြောရမလဲဆိုတာ စဉ်းစားလို့မရ ၊ဆက်ပြီးတော့ ဒီလိုဘဲ ငြိမ်နေလိုက်ရင် ကြာရင် ပို၍အရှက်ကွဲဖို့ပဲ ရှိတော့မည်။

''ကျွန်တော်နဲ့ ပြတ်တာ ....ကြာပြီ''

''သြော်...ဒါကြောင့် ဒီကိုလာတာ မတွေ့တော့တာကိုး၊ ဒါနဲ့စကားမစပ် နင်တန်ဖိုးတွက် စာရင်းကိုင်ဘာသာ ကျွမ်းတယ်ဆိုငါ့သူငယ်ချင်းတစ်ယောက် မရလို့ ကူစမ်းပါဦး''

နေဇင်လတ် အပျိုကြီးကို ကြည့်ပြီး စိတ်ပျက်သွား၏။ ဒီလိုပဲ တိုဟာ ကူပါဦး ဒီဟာ ကူပါဦးနှင့်၊ ဒီမှာ သူ ဘယ်လောက် စိတ်ညစ်နေသလဲဆိုတာ အလိုက်ကန်းဆိုးမသိ။

ငြင်းရအောင်လည်း လုပ်ငန်းခွင်ထဲမှ သူ့ အထက်ဝန်ထမ်းမို့ နေဇင်လတ် ဘေးကျပ်နံကျပ် ဖြစ်နေ၏။

''ကျွန်တော် သိပ်အရကြီး မဟုတ်ပါဘူး၊ ဘယ်သူပြောတာလဲ''

''ဒီလိုပဲ သိတာပေါ့၊ လုပ်စမ်းပါ နေဇင်လတ်ရာ၊ စာမေးပွဲက သိပ်လိုတော့တာ မဟုတ်ဘူး၊ ငါ့ကို လာအပူကပ်နေလို့''



www.burmeseclassic.com

www.burmeseclassic.com


"ကျူရှင် မတက်ဘူးလား၊ ကျွန်တော်က မသင်ပေးချင်လို့ ပြောတာဘူး၊ တော်ကြာ နားမလည်ရင် သူ့အတွက် ပို နောက်ကျရောက်နေမှာ စိုးလို့"

"ကျူရှင်တက်ဖို့ နေနေသာသာ ပြီးခဲ့တဲ့နှစ်က ကျတာ ဒီနှစ် သူ့ရုံးက တက်ခွင့်မပြုဘူး..အဲဒါ စာမေးပွဲဖြေရင်တောင် လစာ ခွင့်ယူရမှာ ပြီးတော့ နည်းနည်းချို့တဲ့တော့..."

နေဇင်လတ် ငြင်းဆန်ဖို့ ဘယ်လိုမှ မလွယ်မှန်း နားလည်လိုက် ၏။ နောက်ဆုံးတော့ ပညာဒါန ဆိုတာ လှူကောင်းပါတယ်လို့သာ စိတ်ဒုန်းဒုန်းချလိုက်ပြီး သင်ပေးဖို့ လက်ခံလိုက်၏။

"အင်းလေ ကျွန်တော်သိသလောက်တော့ ကူပြီး ပြပေးပါ့မယ် တစ်ခုတော့ ရှိတယ်၊ သူ့အိမ်ကိုတော့ လိုက်မသင်နိုင်ဘူးနော်၊ စနေ တနင်္ဂနွေ ကျွန်တော့်အိမ်မှာ သူငယ်ချင်းတွေ စုပြီး စာစုကျက်ဖို့ ရှိတယ် အဲဒီကိုသာ မအိ လာပို့ပေးလိုက် ဒီအပတ် စမှာ"

"ကျေးဇူးပဲ နေဇင်လတ်၊ ဒါနဲ့ ညွှန်မှူး မှာတာ မေ့နေဦးမယ်နော်"

စိတ်ချမ်းချမ်းသာသာဖြင့် သူ့စာရင်းခန်းထဲမှ ပြောပြောဆို ထွက်သွားသော ဌာနခွဲစာရေးမကို ကြည့်ရင်း နေဇင်လတ် စိတ် ကြည်လင်လာ၏။

တစ်ခါတလေတော့လည်း သူ့ကို တန်ဖိုးထားသ အသိုင်းအဝိုင်းမှာ နေပျော်နေရဲသားနဲ့ ကိုယ်အပူကိုယ် ဘာလို့ ရှာခဲ့ လဲဟု နောင်တ က ရမိပြန်သည်။

အင်းလေ.. စပြီးသား ခတ်လမ်းကို ပြီးအောင် ကဖို့ မှ ပြီး အရေးကြီးပါတယ်ဟု တွေးရင်း.. လေးပင်စွာ သက်ပြင်းချလိုက်၏။

နေဇင်လတ် သက်ပြင်းချသံ အနည်းငယ် ကျယ်သွားသဖြင့် ငွေစာရင်းပုံစံများ ဖယောင်းလှည့်နေသော ကိုလှကြည်မှာ နေဇင်လတ်ကို မျက်လုံးပြူးကြည့်ပြီး-

"ဘာလဲကွ အပျိုကြီးနောက်ကျောတို ကြည့်ပြီး သက်ပြင်းတွေ ဘာတွေ ချလို့၊ ဘာလဲ ဒီတောင်ကို ကျော်ဖို့ စဉ်းစားနေပြီလားကွ ပြော... တစ်ရုံးလုံး ကြားသွားအောင် ငါ ဖွပေးလိုက်မယ်"

"ဟာ---!၊ ကိုလှကြည်ကလဲ ကျွန်တော့်ပြဿနာ ကျွန်တော် တွေးပြီး သက်ပြင်းချတာပါ၊ မအိနဲ့ ဘာမှမဆိုင်ပါဘူး၊ အေးနော်... ရုံးမှာ မဟုတ်က ဟုတ်က လိုက်ဖွလို့ကတော့ ကျွန်တော့်အဆိုး မဆိုနဲ့၊ ပြီးခဲ့တဲ့အပတ်က ကိုလှကြည် ဂျူတီ မစောင့်ဘဲ ပြန်လစ်သွားတာ ကျွန်တော် တိုင်လိုက်မှာ"

နေဇင်လတ် စကားကြောင့် ကိုလှကြည်မှာ စပ်ဖြဲဖြဲ မျက်နှာကို ဖြင့်၍ မျက်နှာပိုးသတ်ပြီး

"အေးပါကွာ အေးပါ ငါက နောက်တာပါ၊ မင်းကလဲ ဒါလေးပြောတာများ နာရတယ်လို့"

ကိုလှကြည် ပြန်ပြီး စကားနာထိုးသည်ကို နေဇင်လတ် ဆက်ပြီး ခွန်းတုံ့ မပြောတော့။

အတွေးထဲမှာ နေ့စဉ်နှင့်အမျှ အက်ဆစ် နဲ့ အစားခံနေရသလို ရုံးမှာလည်း ရုံးကမေး၊ အိမ်မှာလည်း သူငယ်ချင်းတွေက မေး၊ သင်တန်းမှာလည်း သူ့အရက်ဘုရားက အလဲလဲအပြိုပြိုနှင့်။

သူမကို ရည်းစားဖြစ်တာနဲ့ ဘာဖြစ်လို့များ သူ့ရုံး၊ သူ့အိမ်၊ သူ့အသိုင်းအဝိုင်းသို့ ယုံကြည်စွာ ခေါ်သွင်းခဲ့မိတာလဲဟု နောင်တ အကြိမ်ကြိမ် ရမိသည်။

သူ့ဘက်ကတော့ ဘာလို့ ဖျက်ရွယ် ပြင်ရွယ် လိုးသားမျိုး

www.burmeseclassic.com

www.burmeseclassic.com

မရှိခဲ့တာ လဲဟု နေဇင်လတ် စဉ်းစားမိ၏။ ခါတိုင်း ပျော်ရွှင်ဖွယ် ရှုံးပတ်ဝန်းကျင် သည် ခုတော့ ကေသီချိုကြောင့် သူ့ကို ပို၍ အရုက်တကွဲ ဖြစ်စရာ ဖြစ်နေပြီလားဟု တွေးမိတိုင်း ကိုယ့်ကိုယ်ကိုယ် နာကြည်းမိ၏။

" ...မြစ်ဆိုတာ ကွေ့ကောက်တတ်မှန်း သိလျှက်နဲ့ ငါကိုယ်တိုင် ဘာဖြစ်လို့ မြစ်ရေလို မစီးဆင်း ခဲ့မိပါလိမ့်..." ဟု။

ချိုလေး ရယ် ချစ်ခြင်းရဲ့ ပျော်ဝင်လွှန်းတဲ့ ဖျော်ရည်ဟာ နောက်ဆုံးမှာ ခါးသီးတယ်ဆိုတာ နည်းနည်းမှ မစဉ်းစားခဲ့မိဘူး လား........။

အင်း...မင်းစဉ်းစားမိတဲ့အချိန်မှာ ငါ့လို အဆဲလဲ အပြုံပြုံ အရှက်တရားတွေနဲ့ မကြေကွဲပါစေနဲ့လို့........။

♥ ♥ ♥ ♥

ရင်းရင်းနှီးနှီး ကိုနေလို့ ခေါ်သည့် အသံကြောင့် နေဇင်လတ် ဒီအမျိုးသမီးကို ဘယ်လိုဝါလိမ့်ဟု တွေးလိုက်၏။

နော်နော်စိုးမှာ သူမ ခေါ်သံကြောင့် နေဇင်လတ် တစ်မျိုးဖြစ်သွားဟန်ကို ရိပ်မိသွားဟန်ဖြင့်

"ဘာလဲ နော်က ကိုနေလို့ ရင်းရင်းနှီးနှီး ခေါ်လိုက်လို့ အံ့ဩနေတာလား၊ ကိုနေကသာ နော့်ကို မမှတ်မိတာ၊ နော်က မအိအိခိုင် မိတ်ဆက်ပေးကတည်းက ကိုနေကို မှတ်မိနေတာ၊ ကိုနေ မိန်း (ရန်ကုန် တက္ကသိုလ်ပင်မ) ထဲမှာ တက်ဖူးတယ် မဟုတ်လား"

နေဇင်လတ် ...နော်နော်စိုး ပြောတာကို စဉ်းစားလိုက်၏။ သူတို့နှစ်က မိန်းထဲမှာ နောက်ဆုံးတက်ရသည့်နှစ် ဖြစ်သည်။ ဒါဆို





သူမလဲ သူ့လို နောက်ဆုံးတက်ရသည့်နှစ်မှာ သူ့ကို တွေ့မိ မြင်မိနေတာ ဖြစ်နိုင်သည်။

"နိုင်ငံတိုဗိုက်(၉၅)လေ၊ ကိုနေရဲ့... အဲဒီတုန်းက နော်က သာဒ်ရီး ယား ဖစ်ဆစ်(ရူပဗေဒ)လေ၊ ကိုနေက ဖိုင်နယ် နေလိမ့်မယ်၊ အဲဒီတုန်းက ကိုနေ ...RCခန်းမထဲက ချွန်ဆယ်လာ မှာ...ခစ်..ခစ်.."

သူမဘာသာ သူမ ပြောပြီး ရယ်နေပြန်သည်။ နော်နော်စိုး ကို ကြည့်ပြီး နေဇင်လတ် ငါဘာတွေများ လုပ်ခဲ့မိလို့ပါလိမ့်လို့ တွေးရင်း မဟုတ်တရုတ်တစ်ခုခုများ ဖြစ်ခဲ့သလားဆိုပြီး စိတ်က လေးမလဲ ဖြစ်လာ၏။

"ကျွန်တော် ဘာဖြစ်ခဲ့လို့လဲ၊ ကျွန်တော် မှတ်မိသလောက် ဆိုရင် ဘာမှ ဆိုးဆိုးရွားရွား မဖြစ်ခဲ့ပါဘူး"

နေဇင်လတ်၏ အကြောက်အကန် ငြင်းဟန်ကို ကြည့်ပြီး နော်နော်စိုး ပို၍သဘောကျကာ နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်ပြီး...

"ဘာလို့ မဖြစ်ရမှာလဲ၊ စားပွဲခုံပေါ်မှာ အစာကိုချပြီး ယင်ကောင်ကို တိုင်ရိုက်နေတာလေ ဒေါသတကြီးနဲ့"

နေဇင်လတ် မှတ်ဉာဏ်ကို မနည်း ပြန်ခေါ်ရ၏။ သူမ ပြောသလို ဟုတ်တော့ ဟုတ်သည်။

အဲဒီတုန်းကချယ်စယ်လာမှာ ခေါက်ဆွဲကြော်ကောင်းသည်ဆို၍ သူတို့ သူငယ်ချင်းတွေ သွားစားတတ်ကြသည်။

သူမတွေသည့် အခေါက်ကျတော့ ခေါက်ဆွဲကြော်စားရင်း ဘယ်ကနေ ဘယ်လိုဖြစ်ပြီး နှာခေါင်းမှာ လာပေါက်နေသည့် ဝက်ခြံအနာပေါ်ကို ယင်မဲကြီးက လာနားသည်မသိ၊ သူ တော်တော်လေး အသွားပြီး စားလက်စ ခေါက်ဆွဲကြော်ပန်းကန် နာလွန်း၍ မြှတ်ကျသွား၏။ ဒေါသလည်း အတော်ထွက်သွားသဖြင့် ဒေါ်ဖိုင်းတွေကိုတောင် ရှေးရိုက်

www.burmeseclassic.com

နိုင်အား စားလက်စ ခေါက်ဆွဲကြော်ကို မစားတော့ဘဲ အဲဒီယင်မဲကိုသာ မဲပြီး လိုက်ရိုက်နေမိ၏။

မနော်နော်စိုးမှာလည်း အဲဒါ ဖြစ်သည့်အချိန်မှာ သူ့ကို တွေ့သွားဟန်တူ၏။

“ဩော် သိပြီ…သိပြီ…အဲဒီတုန်းက မနော်နော်စိုး တားသောက်ဆိုင်ထဲ ရောက်နေတယ်နဲ့ တူတယ်”

“မှတ်မိပြီ မဟုတ်လား၊ ဟုတ်တယ် အဲဒီတုန်းက နော်တို့က ကိုနေတို့ ဘေးက ဝိုင်းမှာ၊ ကိုနေကို ကြည့်ပြီး ရယ်နေကြတာ…”

…ပြီးတော့ အဲဒီတည်းက… ဘာကိုမှ ဂရုမစိုက်တဲ့ သူ့ကို စိတ်ဝင်စားနေခဲ့တာ ဆိုတာကိုပါ မိန်းကလေးတန်မဲ့ သူမကသာ ဖွင့်ပြီး ပြောချလိုက်ချင်တာဟု…… နော်နော်စိုး စိတ်ထဲက ပြောနေမိ၏။

“ဒါဆို ကျွန်တော်တို့က တစ်ကျောင်းတည်းသားတွေပဲ၊ ပိုပြီး ကူညီရမှာပေါ့၊ မနော်နော်စိုး လိုအပ်တဲ့ အကူအညီဆို မတောင်းဘဲ ပေးရမှာပေါ့”

နေဇင်လတ် စကားကြောင့် နော်နော်စိုး နှုတ်ခမ်းစူ၍ မူနွဲ့ချင်ဟန်ဆောင်ပြီး ……

“ဘာလဲ၊ နော့်ကို ခင်လို့…ကူရမှာမဟုတ်ဘဲ တစ်ကျောင်းတည်းသား မို့လို့ဆိုတဲ့ သဘောပေါ့၊နော်က ပြန် တွေ့တာ တည်းကဝမ်းသာ နေတာ”

နော်နော်စိုး မျက်ဝန်းထဲက သံယောဇဉ် တစ်စွန်းတစ်စကို မြင်လိုက်ရသဖြင့် နေဇင်လတ် ရင်မောသွား၏။ နော်နော်စိုး ခေါင်းကို တရင်းတနှီး ပုတ်လိုက်ရင်း

“တဲ့ ကဲ အစ္စုံးပေးပါပြီဗျာ၊ ခုလောလောဆယ်တောင် ကြောက်နေရပြီ၊ နောင် စာပဲသင်နေရရင် သူ့ရှေ့မှာ အပြောအဆို





မှားအောင် အတော် ဂရုစိုက်ရတော့မှာ၊ ခေါင်း ဆင်နင်းကိန်းတော့ ဆိုက်နေပြီ ထင်ပါရဲ့”

နေဇင်လတ် စကားအဆုံးမှာတော့ နှစ်ဦးသား သဘောကျ တာရယ်လိုက်ကြ၏။

နော်နော်စိုး စိတ်ထဲ သူမ စိတ်ကစားခဲ့စဉ်က မက်ခဲ့ဖူးသော ငယ်အိပ်မက်ကို တစ်ဖန်ပြန်ပြီး မက်ခွင့်ရသဖြင့် အတိုင်းမသိ ကြည်နူးနေသလို….၊ နေဇင်လတ် စိတ်ထဲမှာတော့ “ငကန်းသေရင် ချွေပေါ် ” ဆိုသည့် အမိပ္ပါယ်ကိုသာ စဉ်းစားနေမိတော့၏။

ဖြတ်သွားဖြတ်လာ ကြည့်နေကြသည့် ရုံးသူ၊ ရုံးသားများ ကတော့ သူတို့နှစ်ဦးကို ကြည့်ပြီး ဒီကောင် နေဇင်လတ်ဆိုတဲ့ အကောင် သူ့ကောင်မလေးနဲ့ အဆက်ပြတ်တာတောင် မကြာသေးဘူး၊ ဌာနခွဲစာရေးမ ခေါ်လာသည့် ကောင်မလေးနဲ့ တဟီးဟီး တဟားဟား အကြည်ဆိုက် နေပါလား ….၊

ဟိုက‥ ဖြတ်တာ နည်းတောင် နည်းသေးတယ်ဟု ဝိုင်း၍ မှတ်ချက်ချ နေတော့လေ၏။

♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



၇

"ဒီကိစ္စတော့ ကိုယ် ခွင့်မပြုနိုင်ဘူး ငယ်လေး၊ သူသင်ပေးမှ ဒီဘာသာက ရမှာလား၊ တခြားမှာသင်တဲ့ ဆရာတွေက ဘာဖြစ်နေလို့လဲ"

"ကိုစိုးရာ ဘာဖြစ်လို့ ဒီလောက် သဘောထား သေးရတာလဲ၊ ခုဟာက သူငယ်ချင်းတွေ စုပြီး စာကျက်ကြ၊ တွက်ကြမှာ…၊ ကိုခင်တို့ အိမ်မှာက အရင်ကတည်းက သူငယ်ချင်းတစ်အုပ်လုံး ဝင်ထွက်နေကြ ပဲဟာ၊ ခုဟာက စာမေးပွဲအတွက် အရေးကြီးလို့၊ ပြီးတော့ ငယ်လေး တစ်ယောက်တည်း မိန်းကလေးပါတာ မဟုတ်ဘူး၊ လာစုကျက်ကြမှာက မိန်းကလေးတွေချည်းပဲ "

"စာစုကျက်မှာပဲ၊ တခြား သူငယ်ချင်းအိမ် တစ်အိမ်အိမ်မှာ ကျက်လို့ မဖြစ်ဘူးလား၊ ကိုယ့်ကို ကြိုက်ခဲ့တဲ့လူရဲ့ အိမ်မှာ မင်းမှီလို့ စာသွားကျက်ရတယ် မင်း နည်းနည်းမှ မစဉ်းစားမိဘူးလား"

စိုးထိုက်အောင်ဆီမှ မယုံသင်္ကာ စကား ထွက်လာခြင်းကြောင့် ကေသီချို မျက်နှာ ရဲခနဲ ဖြစ်သွား၏။ တော်တော်လည်း ဒေါသဖြစ်သွားပြီး

"ကိုစိုး ငယ်လေး သိက္ခာကို အဲဒီလောက် မစော်ကားနဲ့၊ စာကျက်မယ် အကြောင်းပြပြီး လုပ်ချင်တာလုပ်ဖို့ သွားတာ မဟုတ်ဘူး ဟိုက ဒီပြဿနာတွေ ဖြစ်လာမှာ ငယ်လေးကိုတောင် ခေါ်တာမဟုတ် ဘူး၊ စာမေးပွဲဖြေတဲ့အခါ ဒုက္ခဖြစ်မှာ စိုးလို့ သွားရတာ ဒီလောက်တောင် ကိုစိုး ငယ်လေးကို မယုံရင် အစကတည်းက လာမချစ်နဲ့"

စိုးထိုက်အောင် စိတ်ထဲ မျက်ခနဲ ဖြစ်သွား၏။ သူ့ကွယ်ရာမှာ အဲဒီကောင်နဲ့ ရည်းစားဖြစ်နေပြီလား ဟူသော သံသယစိတ်က ကြီးထွား လာ၏။

ဖြစ်နေသည်က ကေသီချိုကိုလဲ မစွန့်လွှတ်ရက်၊ အဲဒီ သူငယ်ချင်း အုပ်စုတွေနဲ့လဲ မပတ်သက်စေချင်။

မတတ်နိုင်ဘူးလေ လမ်းထဲက မြင့်ဆွေဆိုသည့် ကောင်လေးတစ်ယောက်ကိုပဲ အကူအညီ တောင်းရ တော့မည်။ စိတ်ကို အတော်အတန် လျှော့ချလိုက်ပြီးမှ……

"အင်းလေ ကိုယ်က ချစ်ရတဲ့လူဆိုတော့ လျှော့ရမှာပေါ့၊ ဒါပေမယ့် အသွားအပြန်တော့ လာကြိုမယ်"

ကတ်ကတ်သတ်နေသော စိုးထိုက်အောင်ကို ကြည့်ပြီး ကေသီချို စိတ်က တိုလာ၏။

"လာကြိုချင်ကြိုပေါ့ ဒါပေမယ့် နေခင်လတ်တို့ အိမ်အထိ လာမကြိုနဲ့ လမ်းထိပ် လက်ဖက်ရည်ဆိုင်ကနေပဲ စောင့်နေ"

"ဒါဆို မနက် ဘယ်အချိန် သွားမှာလဲ"

ကေသီချို စိတ်ထဲ မဖြစ်နိုင်သည့် အချိန်ကို စဉ်းစားလိုက်ပြီး

"စားပြီးသောက်ပြီး မနက် ဆယ့်တစ်နာရီလောက်မှ သွားမယ်

www.burmeseclassic.com

အပြန်ကျတော့ ညနေ သုံးနာရီလောက် ဖြန့်ကြမယ်လို့ ပြောထားတယ်"

စိုးထိုက်အောင် စိတ်ထဲ ကသိကအောက် ဖြစ်သွားသည်။ ကေသီချိုပြောသည့် အချိန်က သူ အလုပ်ဝင်နေသည့် အချိန်တွေ။

ငါ မလိုက်နိုင်အောင် တမင်လုပ်နေတာဟု စိတ်က တွေးမိလိုက် သေး၏။ ပြီးတော့ မှ-

"..ဟုတ်သားပဲ ယောက်ျားလေးအိမ်မှာ ဆိုတော့ အလေး၊ အပေါ့ ကိစ္စတွေ တစ်ခါတည်း အိမ်က ပြီးလာမှ ဖြစ်မှာပဲ" ဖြေတွေးကာ

"အဲဒီ အချိန်တွေဆို ဘယ်လိုမှ ကြိုပို့ ပို့လို့ ရမှာမဟုတ်ဘူး"

"ပြောသားပဲ အဲဒါကြောင့် မလိုက်စေချင်တာ"

စိုးထိုက်အောင်မှာ မချင့်မရဲနှင့် ကေသီချို မျက်နှာကို စိုက်ကြည့်ပြီး...

"အေးလေ ဘာဘာညာညာ မကြားချင်ဘူး၊ ပြီးတော့မှ တိုးအလွမ်းမသိုနဲ့"

ကေသီချို စိတ်ထဲ သူမ ရမ်းပြီးတုတ်လိုက်သော အချိန်က အဆင်ပြေသွားသဖြင့် သက်ပြင်းလုံးကြီးကျသွားပြီး ဟန်ကိုယ်ဖို့ ပုံစံဖြင့်

"ဝေးသေး... ဒီမှာက ကျောင်းက သူငယ်ချင်းတွေချည်းပဲ၊ မမြင်ကွယ်ရာ တစ်ခုမှ မရှိဘူး၊ ကိုစိုးသာ.. ကိုစိုးကုမ္ပဏီက ဝန်ထမ်း အမျိုးသမီးတွေနဲ့ ခြေဆော့လက်ဆော့ မရှုပ်ဖို့ပဲ ကြိုးစားထား"

ကေသီချိုဆီမှ သဝန်တိုရိပ်ပါသော လေသံကြောင့် စိုးထိုက်အောင် စိတ်ထဲ ဓာတ်ဓာတ် စိုးရိမ်ပူပန်မှုများ ချက်ခြင်း ပျောက်သွားပြီး မျက်နှာ ပြုံးဖြီးဖြီးဖြင့် သဘောအကျကြီး ကျသွားလေ၏။

ကေသီချို စိတ်ထဲလည်း ယောက်ျားမှန်သမျှ ကိုယ့်ကိုကိုယ် တော်တော်လည်း အထင်ကြီး လှပါလားဟု တွေးလိုက်၏။

ဒါကြောင့်မို့ မာမီက ပြောတာ ဖြစ်လိမ့်မည်၊



"ယောက်ျားဆိုတာ နွားလိုပဲ ဘယ်လောက်ပဲ ဆိုးနေပါစေ နဖါးကြိုးထိုးတတ်ရင် ဘယ်လိုပဲခိုင်းခိုင်း ခိုင်းလို့ရတယ်ဆိုတာ"။

စိုးထိုက်အောင်မှာ သူ့ဘေးမှာ ငြိမ်နေသော ကေသီချိုကို ခုံးပေါ်သို့ လက်တင်ထားရင်း ငယ်လေး ဘာတွေများ စဉ်းစားနေသလဲဟု တွေးလိုက်၏။

သူ့စိတ်ထဲမှာတော့ မမြင်ရသော အရိပ်မည်း ကြီးက သူတို့နှစ်ယောက်ကိုတရိပ်ရိပ် အုပ်မိုးလာသလို ခံစားနေရ၏။

တစ်ခါတလေတော့ ဒီလို စိုးတထိတ်ထိတ်နှင့် နေရတာကို လိုချင်တော့၊ လက်လွှတ်ရမှာလည်း မလိုချင်။

အင်း..လေ ဘာပဲဖြစ်ဖြစ် လိုလိုမယ်မယ် ငယ်လေးကို သင်တန်းကျောင်းမှာ တက်နေသည့် မြင်ဆွေကို သွားတွေ့ဖို့ တော့ လိုနေပြီဟု တွေးမိလိုက်၏။

သူမကို စောင့်ကြည့်ဖို့ အကူအညီ တောင်းတာကို သူမသာသိရင် တော်တော်လေး ဖြေရှင်းရခက်မည်ဆိုတာ ကို သိသည်။ သို့သော် မတတ်နိုင်။ သိမှာသာသိရော သူမနှင့် လွဲမယ် ထင်ရသည့် အကြောင်းတရား များစွာတို့ကို ကိုယ်ဘက်က ကြိုသိနေဖို့ ကြိုဦးနေဖို့က ပိုပြီး အရေးကြီးသည်။

စိုးထိုက်အောင် ဒီလိုတွေးနေချိန်မှာ ကေသီချိုမှာလည်း စိုးထိုက်အောင်၏ သဝန်တိုစိတ်ကို လန့်လာသည်။ သူမ နေချင်သည်က လွတ်လွတ်လပ်လပ် သူမ လုပ်ချင်တာ လုပ်ခွင့်ပြု လိုက်လျောမည့် ယောက်ျားမျိုးကိုသာ။

ခုတော့ အိမ်သာသွားသည့်ကိစ္စက အစ ခွင့်တောင်းရမည့် သိပေးနေရမည့် ယောက်ျားမျိုး ကြာလျှင် သူမ ပျော်နိုင်မည် မဟုတ်ဟု သူမ ကိုယ်တိုင် သိသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလည်း စိုးထိုက်အောင်မှ စိုးထိုက်အောင်ပဲ ဖြစ်နေကြပြီ ဒါကလဲ သူမ ရှေ့ကြည့် နောက်မကြည့်ဘဲ အိမ်ကို ဝင်ထွက်ခွင့် ပြုလိုက်ခြင်း၏ အကျိုးဆက်၊ နေဇင်လတ်ကို ဖြတ်ချင်၍ အလောတကြီး ပြုလုပ်မိခြင်း၊ ဆိုးကျိုးပဲ ဖြစ်သည်။

နေဇင်လတ်ဆိုလို့ ခုတလော နေဇင်လတ် သူမကို တွေ့လျှင် ဆွေးဆွေးမြေ့မြေ့ တစ်ချက်ကြည့်ပြီး အမြဲတမ်း ခေါင်းငုံ့သွားတာ အမြဲတမ်းလိုလိုကတော့ ရှောင်နေတာက များသည်။

အင်း ခု နေဇင်လတ် ဆီမှာ စာစုကျက် နားမလည်တာမှန်သမျှ နေဇင်လတ်ဆီက မေးရမှာ ဆိုတော့ မျက်နှာကတော့ ပူစရာ။

နေဇင်လတ် မိဘတွေနှဲကလည်း သမီးရည်းစားဖြစ်နေသည့် သတ်တမ်းတစ်လျှောက် ဝင်ထွက်နေသည်မို့ ခု လိုတော့မှ ပြန်ကပ်သည်ဟု ထင်နေမည်လား။ ခတ်ပါတယ်၊ သူမ ကိုယ်တိုင် ဘာဖြစ်လို့ နေဇင်လတ် အနီးအနားသို့ သွားချင်နေတာလည်းမသိ။

မှုခင်းစုံထောက်များ ပြောသလို ကိုယ်ဖစ်ခဲ့သည့် သားကောင် သေ/မသေ သေသေချာချာ သိလို၍ နောက်တစ်ခေါက် လာကြည့်ချင်သည့် စိတ်ကြောင့်လား.....။ ဒါမှမဟုတ် ဆွေးဆွေးမြေ့မြေ့ အကြည့်တွေရဲ့ ညှို့ငယ်မှုကို သူမ နှလုံးသားက ဖေးမချင်၍လား။

ကေသီချို... စိုးထိုက်အောင် မျက်နှာကို မော့ကြည့်လိုက်၏။ မျက်နှာချင်း နီးကပ်နေသည်မို့ စိုးထိုက်အောင် မျက်နှာ ယောက်ျားများသုံးလေ့သုံးထရှိသည့် မျက်နှာလူး ကရင်(မ်)နံ့ကို ရှူးကနဲ ရလိုက်၏။

သူမ စိတ်ထဲ စိုးထိုက်အောင်ကို ယောက်ျားတန်မဲ့ လှချင်လိုက်တာဟု ပထမဦးဆုံးအကြိမ် ကဲ့ရဲ့မိလိုက်၏။

♣ ♣ ♣ ♣



ပိုကာ ကစားပြီဆိုရင် ကိုယ် ဖဲ-ဘယ် နှစ်ချပ်ရမလဲ ဆိုတာသိဖို့ အရေးကြီးပါတယ်၊ ဒီထက် ပိုအရေးကြီးတာက ဖဲအမျိုးအစား တစ်ခုမှာ ရှစ်ချပ် ပါတယ်ဆိုတာ သိဖို့ ပိုအရေးကြီးတယ်၊ ဆိုလိုတာက- ဥပမာ တစ်ဖဲဆို လိုင်းပေါင်းစုံ (စပိတ်တစ် နှစ်ချပ်၊ ဒိုင်းမွန်း နှစ်ချပ်၊ ဟာဒ်က နှစ်ချပ်၊ ညှင်း နှစ်ချပ်) ရှစ်ချပ် အဲဒီလို ပါတယ်ဆိုတာကို သိဖို့ လိုတယ်၊ ဒါမှ ကိုယ်မျှော်တဲ့ ဖဲ ဝိုင်းထဲမှာ ရှိ/မရှိ.... ကိုယ်ပိတ် မယ့် ဖဲ (ဖမ်းမယ့်ဖဲ) အပေါ်အိမ်၊ အောက်အိမ်မှာ ရှိ/မရှိ ....တွက်လို့ရမှာပါ။

ဒီလိုပါပဲ ချစ်ခြင်းမှာလဲ တစ်ခါတလေ ဘာလာတော့မလဲဆိုတာ ကြိုတင်စဉ်းစားရ ခက်ပါ တယ်။ သေချာတာတစ်ခုကတော့ ကိုယ်မျှားမယ့် သားကောင် ကြိုက်တတ်တဲ့ ငါးစာကို အာသာ ငမ်းငမ်း ဖြစ်အောင် လိုသလိုပြုပြင်ပြီး သွေးစိမ်း ပက်ပေးဖို့ပဲ ဒါဆို မြင်တာနဲ့ ဟပ်တော့မှာပဲ၊ အဲဒီ ငါးစာက အရာဝတ္ထုတစ်ခု ဖြစ်နိုင်သလို၊ သက်ရှိ ဖြစ်တဲ့ ကိုယ်ကိုယ်တိုင်လဲ ဖြစ်သွားနိုင်ပါတယ်။

သဘောကတော့

“..အောက်အိမ်ကို သူလိုနေတဲ့ စပိတ်တစ် ကို ဖြတ်ထားပြီး ချပေးမလိုလို့နဲ့ မျှားတားတာမျိုးပေါ့ ...”

အဲဒီလို......

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဖတ် ဖတ်ရှင်မဂ္ဂဇင်း စာမျက်နှာများကို သေသေချာချာ ဂရုတစိုက် လှန်ကြည့်ရင်း နေဇင်လတ် အမျိုးသားသီးသန့် ခေါင်းတင်ပေးသည့် ဆိုင် ကြော်ငြာကို ရှာနေမိ၏။

လကုန်သည့်ရက်က ရုံးဝန်ထမ်းများကို လစာထုတ်ပေးရင်း သူ့ဘေးမှာထိုင်၍ တံဆိပ်ခေါင်း ကပ်ပေးနေသည့် သူ့လို ငွေစာရင်းဝန်ထမ်းတစ်ယောက် ဖြစ်သည့် တင်တင်ရီက "နေဇင်လတ်နှင့်အသားအရေက ဖြူသလိုလို ညိုသလိုလို နဲ့ နေလောင်ထားတာလား မသိဘူး၊ နင် တစ်ကိုယ်လုံး ပေါင်းတင်လိုက် ပါလား၊ ဘယ်လောက်မှ ကုန်တာမဟုတ်ဘူး" ဟု ပြောသဖြင့်ထိုတုန်းက သူ့စိတ်ဆိုး ဖြီးငါကိုလာကြပ်ရပါမလားဟု ဒေါသထွက်ထွက် ဖြင့်...

"ဟွဲ့ ငါအခြောက်မဟုတ်ဘူး" ဟု ပြောခဲ့သေး၏။

ညဘက် အိပ်ချိန်ရောက်မှ သူ့ အသေအချာ



စဉ်းစားကြည့်တော့ ဒါလည်း ငါ့ရဲ့ ချို့ယွင်းချက်တစ်ခု ဖြစ်နိုင်တယ်ဟု တွေးမိကာ၊ ဘယ်သူမှမသိအောင် ကိုယ့်ကိုကိုယ် ပြင်ဆင်ဖို့ လိုသည်ဟု တွေးမိသည်မို့ စာရင်းကိုင်စာမေးပွဲ ဖြေဖို့ ခွင့်ယူသည့်အချိန်မှာ ဒီကိစ္စ အကောင်အထည်ဖော်ဖို့ ပြင်ဆင်နေခြင်း ဖြစ်သည်။

ခုချိန်မှာ သူ့ကျရှုံးထားခဲ့သမျှတို့ ပြန်ယူဖို့ သူ့သတ်ကွင်းကိုလည်း သူ ပြင်ဆင်ထားပြီး ဖြစ်သည်။

အရင် ကောသိချိုနဲ့ ရည်းစား ဖြစ်စဉ်က သူ့အိမ်ကို သူဖတ်သည့် စာအုပ်များ၊ ပစ္စည်းပစ္စယများဖြင့် ဖြုတ်စဖွင်းအောင်း နေထိုင်ခဲ့ရာမှ ခုချိန်မှာတော့ ထူမင်တာကာ အကွန် အကျခံတာ ရှိပြီးသား စားပွဲ၊ ထုလားထိုင်များကို ပေါလစ်သုတ်ပြီး အိမ်ကြမ်းပြင်ကိုလည်း လိုက်ကာ(Lique)တင်ထားလိုက်သေးသည်။

စာအုပ်များတို့လည်း သပ်သပ်ရပ်ရပ်ထားကာ လူအထင်ကြီးစေမည့် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် စာအုပ်များကို လူမြင်သူမြင်နေရာမှာ တခင်တကာ ထားထား၏။

အသည်းကွဲပြီဟေ့ ဆိုလျှင် ရည်းစားနှင့်ကွဲသော သာမာန်ယောက်ျားလေးမှန်သမျှ တောပေလေလွင့်သည်၊ ပျက်စီးသည် ဆိုသည့် ပုံစံကို ပြောင်းပြန်လုပ်ပြီး လွှတ်သောငါးကြီးသည့် အချိုးမျိုး ချိုးပြနိုင်ဖို့ သပ်သပ်ရပ်ရပ် တက်တက်ကြွကြွနေဖို့ ပြင်ဆင်ထားခဲ့သည်။

မကောင်းတာ ကြုံနေ၍ ကံလိုက်သည်ပဲလားမသိ၊ ရုံးကအသိသာအကူအညီတောင်း၍ သင်ပေးရမည့် အချိုးသမီးဖြစ်သော နှော်နော်စိုး ၏ ရုပ်ရည်နှင့် ကိုယ်လုံးကိုယ်ပေါက်မှာ သာမန်ထက် အနည်းငယ်ပိုသော အနေအထားရှိသဖြင့် သူမ၏ စိတ်ကို ဆွပေးဖို့ သူ့အဖို့တော့ လက်နက်ရသ လိုပင် ဖြစ်သည်ဟု နေဇင်လတ် တွေးမိ၏။

ပထမတော့ အကွဲကြီးကွဲခဲ့ရ သော အရှက်တရားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ကားခံခဲ့ရသော ချစ်ခြင်းတရားအတွက် ဖြစ်သော်လည်း ခုတော့ ဒီကစားပွဲကို စစ်တုရင် ဝါသနာပိုးတစ်ယောက် စစ်တုရင်ပွဲကောင်းတစ်ခု တွေ့သလို ထမင်းမေ့ ဟင်းမေ့ ဆိုသလို မကစားရ မနေနိုင်အောင် ဖြစ်နေပြီဖြစ်သည်။

ခုချိန်မှာ သူမ ဇာကလို့ သိကြားမင်းကိုယ်တိုင်က အလံဖြူကိုင်ပြီး ဆင်းလာပါဦး သူ့တက်ကတော့ ဘယ်လိုမှ နောက်ပြန်ကျအောင်ဖို့ မဖြစ်နိုင်လောက်အောင် အချိုးတရားက ကြီးမားနေခဲ့ပြီ ဖြစ်သည်။

နေဇင်လတ် စိတ်ထဲ နောင်လာမည့် အောင်ပွဲကို စိတ်ထဲ တွေးမြင်မိ၏။ သေသီချိုတို့အုပ်စု စာစုကျက်ကြမည့် နေ့ရက်နှင့် အမေနှင့်အမေ တရားစခန်း သွားကြ မည့်ရက် သွားတိုက်နေလျှင် ကောင်းမည်ဟု စိတ်ကတော့ တောင့်တမိ ၏။

တရားသေခစ် မှန်လျှင် နိုင်မည်ဟု စိတ်က တွေးလိုက်သေး၏။ ပြီးတော့ ဒါ စစ်တိုက်နေတာမှ မဟုတ်ဘဲဟု နေဇင်လတ် မဂ္ဂဇင်း ကြည့်နေရင်း ကိုယ့်ဘာသာကိုယ် ပြန်တွေးမိပြီး ရယ်လိုက်၏။

ပြီးမှ မဂ္ဂဇင်းမှာပါသည့် အမျိုးသားသီးသန့် အလှပြင်ပေးနိုင်သည့် ဆိုင်လိပ်စာ ကို စာရွက်ငယ်တစ်ခုဖြင့် ကူးပြီး အကျီအိတ်ထဲ ထည့်ထားလိုက်၏။

အိမ်ခန်းထဲပျံ့လွင့်လာသည့် ဟင်းနံ့ကိုရမှ နောက်ဖေးမှာ ချက်နေသည့် မိခင်ကို သတိရ၏။ ထမင်းစားပြီးမှာ အလှပြင်ဆိုင်ကို သွားမှဟု စိတ်ထဲတွေးလိုက်၏။ နောက်ဖေးဘက်သို့-

"အမေ ဟင်းကျက်နေပြီလား သားအမြန်သွားမလို့ တစ်ခါ တည်း စားသွားမလို့ ရမလား" ဟု အော်မေးလိုက်၏။

လှမမြင်ရဘဲ နောက်ဖေးမှ "အေး. .အေး" အသံကို ကြားသည်နှင့် နေဇင်လတ် ခန်းဆီး လိုက်ကာကို တွန်းဖယ်ကာ နောက်ဖေးထမင်းစားခန်းရှိရာ လျှောက်သွား ၏။

သူ့ ထမင်းစားဖို့ ဂရုတစိုက် ထည့်ကျွေးနေသော မိခင်ကို ကြည့်ရင်း နေဇင်လတ်စိတ်ထဲ မိန်းမတစ်ယောက်ကို ချစ်ခဲ့မိတာ အမှားကြီးတစ်ခုကို ကျူးလွန်မိသကဲ့သို့ ခံစားလိုက်ရ၏။

မျက်စိလွှဲပြီး ထမင်းစားခန်းနံဘေး ပြတင်းပေါက်မှနေ၍ ခြံတွင်းသို့ လှမ်းကြည့် လိုက်သည်။ အနီရောင် ပိုများသော စက္ကူပန်းခြုံမှာ ခုတော့ ရဲရင့်ခြင်း တွေနဲ့ တန်ဆာဆင်ထားသလို။

နေဇင်လတ်ရင်ထဲ သူမနှင့် ဒီစက္ကူပန်းခြုံ အောက်က ခုံတန်းမှာ ဂစ်တာတီးပြခဲ့တာကို ပြေးမြင်မိ၏။ ခေါင်းကို အသာယမ်းရင်း ဘူးသီးကြော်ချက်ဟင်းကို ယူသောက်လိုက်၏။

ခြံထွက် ဘူးသီးဟင်းလည်း ခုတော့ သူ့လျှာမှာ ခါးသက်နေလေပြီဟု နေဇင်လတ် တွေးမိလေ၏။

♠ ♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆွေတစ်ယောက် စာအုပ်ကိုရှေ့ချပြီး လက်ဖက်ရည်လေး တစ်ကျိုက်သောက်လိုက်၏၊ ဆိုင်မှ ဖွင့်ထားသော သီချင်းလေး အေးအေး လေးနဲ့ ငြိမ်ပြီး စာထဲကို အာရုံစူးစိုက်ထားကြည့်နေဆဲ သူထိုင်နေသည့် လက်ဖက်ရည် စားပွဲပေါ်သို့ အရိပ်တစ်ခု ထိုးကျလာသဖြင့် ဘယ်သူပါ လိမ့်ဟု မော့ကြည့်လိုက်၏။

စတိုင်ကျကျ ကုမ္ပဏီဝတ်စုံနှင့် မျက်မှန်အနက် တပ်ထားသော စိုးထိုက်အောင်ကို တွေ့လိုက်ရသဖြင့် ပြုံးပြလိုက်ပြီး ဘာကိစ္စပါလိမ့်ဟု တွေးမိပြီးမှ နေဇင်လတ်ကိစ္စကို သွားသတိရ၏။

"ကိုမြင့်ဆွေ စာကြည့်ပျက်သွားလားမသိဘူး အောရီးနော် အကူအညီ တောင်းစရာရှိလို့ ထိုင်မယ်နော်"

ပြောပြောဆိုဆို သူ့ရှေ့ခုံမှာ ထိုင်ချလိုက်သော စိုးထိုက်အောင်ကို ကြည့်ပြီး မြင့်ဆွေစိတ်အိုက်သွား၏။



ဒီလောက် ညနေဘက် အပူရှိန်ပြင်းရ သည့် ကြားထဲ တစ်ကိုယ်လုံး ဘောင်းဘီရှည်၊ အင်္ကျီရှည်နှင့် မျက်နှာမှာ လည်း ချွေးတွေ အသီတွေနဲ့ ကြည့်ရတာ စိတ်မသက်မသာဖွယ်။

"ထိုင်ပါ ရပါတယ် ထိုင်ပါ"

ကိုယ်က ထိုင်ပါလို့ ပြန်ပြောတဲ့အချိန်မှာ ဟိုမှာက ထိုင်နေပြီ။

"ကိုမြင့်ဆွေ တွေ့လို့ ဝင်လာတာ ဒီနေ့ ရုံးမတက်ဘူးလား"

"ရုံးတက်ရပါတယ် စားမေးပွဲတစ်ခု ဝင်ဖြေမှာမို့လို့ အလုပ်က နေ ခွင့်ယူထားတာ၊ အဲဒါ‥ အိမ်မှာက လူရှုပ်လို့ နေ့ခင်းဘက် လက်ဖက်ရည်ဆိုင်မှာ စာလာကြည့်နေတာ"

မြင့်ဆွေစကားကြောင့် စိုးထိုက်အောင် ရှေ့ဆက်စကားပြောဖို့ ရှုံ့သွား၏။ ပြီးမှ လာပြီးမှ မထူးတော့ပါဘူးဟု တွေးလိုက်ရင်း‥-

"အားနာလိုက်တာဗျာ၊ ကျွန်တော်ကလဲ အလုပ်တစ်ဖက်နဲ့ အားဘူးဖြစ်နေတော့ ခုလို ကိုမြင့်ဆွေကို ဆိုင်မှာတွေ့တုန်း အတော်ပဲ ဆိုပြီး ဝင်ချလာတာ၊ တော်ရုံတန်ရုံကိစ္စဆို ကျွန်တော်မနှောင့်ယှက်ပါဘူး ဗျာ၊ ခုဟာက ကိုမြင့်ဆွေတစ်ယောက်ပဲ ကူလို့ရမှာမို့လို့ပါ"

စကောလောက်ကြီးသည့် မျက်နှာကြီးက တမင်တကာ ဗီးချေ လောက် မျက်နှာပုံဖြင့် သူ့ ခသနား သနားအောင် လုပ်ပြီး ပြောနေ သည်ကိုကြည့်ပြီး ဖနောင့်နဲ့ ထပေါက်ချင်လာသည်။

မဖြစ်သေး နေဇင်လတ် ပြောထားသလိုများ ဖြစ်နေမလားဟု တွေးပြီး သူလဲ သဘောထားကြီးဟန် ဆောင်လိုက်ပြီး-

"ရပါတယ်ဗျာ ကိုယ့်တစ်ရပ်ကွက်တည်း သားချင်းတွေပဲ ကူညီရမှာပေါ့၊ ကဲ နောက်မှပြော ကိုစိုးထိုက်အောင် ဘာသောက်မလဲ

ဟော့! စားပွဲထိုး ‌ဖြွစ်‥လေချွန်သံပြု၍ စားပွဲထိုးကလေးကို ခေါ်၍ စိုးထိုက်အောင်အတွက် မှာပေးပြီးနောက် သူ့ကို စကား

www.burmeseclassic.com



ဆက်ပြောနိုင်ရန် စကားခင်းပေးလိုက်၏။

"ပြောလေ ကိုစိုးထိုက်အောင်၊ ကျွန်တော် ဘာကူညီရမှာလဲ ငွေရေးကြေးရေးတော့ ဟုတ်မယ်မထင်ပါဘူး"

စိုးထိုက်အောင်မှာ မြင့်ဆွေ၏ အရွှန်းအပျက် စကားကို လက်ကအပြီး မှာမှာသလဲလဲ ပြုံးပယ်ပြီးမှ...၊

"ဒီလို ကိုမြင့်ဆွေ၊ ကျွန်တော် . ကိုမြင့်ဆွေတို့သင်တန်းက အမျိုးသမီးတစ်ဦးနဲ့ တွဲနေတာ ကိုမြင့်ဆွေ မြင်မှာပေါ့"

"အင်း..."

"အဲဒီ ကျွန်တော့်အမျိုးသမီးကိုပဲ သူတို့သူငယ်ချင်းထဲက ကောင်လေးတစ်ယောက်က ကြိုက်နေတယ်၊ အဲဒီကောင်လေး နာမည်က နေဇင်လတ်တဲ့၊ ကိုမြင့်ဆွေ သိမယ်ထင်တယ်"

"သိတော့သိပါတယ် သင်တန်းသားချင်းဆိုတော့ ဒါပေမယ့် သိပ်တော့ ရင်းရင်းနှီးနှီးမရှိဘူး"

"အင်း အခုတလော ကျွန်တော့်အမျိုးသမီးက ကျွန်တော့် အပေါ် နည်းနည်းစိတ်လျှော့လာတယ် ကျွန်တော့်စိတ်ထဲ ပြောရမှာလဲ ရှက်ပါတယ်ဗျာ၊ ကျွန်တော့် ကွယ်ရာမှာ ဖောက်ပြန်နေသလားလို့"

မြင့်ဆွေစိတ်ထဲ ဒေါသက ထောင်းခနဲ ထွက်သွားသည်။ ဒီလူ မြန်မာစကားကို လိမ်ပတ်လည်အောင် မသုံးတတ်တာလား၊ ဒါမှမဟုတ် တမင်တကာ ပြစ်မှုကြီးအောင် လုပ်နေတာလား၊ ကျွန်တော့် အမျိုးသမီး ဆိုတာ လက်ထပ်ထားတဲ့ အမျိုးသမီးကို သုံးတာ၊ ခုဟာက သမီးရည်းစား ကို....။

"ခင်ဗျားအမျိုးသမီးဆိုတော့ ခင်ဗျားတို့က ယူထားတာ ကြာပြီ လား"

မြင့်ဆွေ၏ ဒုံးဒိုးရှဲ ပြီးမေးသောအမေးစကားကြောင့်





စိုးထိုက်အောင်မျက်နှာ ကွက်ခနဲပျက်သွားပြီး ချက်ခြင်း သူ့စကားအမှားကို သူ သတိပြုမိသွား၏။

"မဟုတ်ပါဘူး ကျွန်တော်ပြောတာ အဲဒီလို မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ယူမယ့် အမျိုးသမီးဆိုတော့ ပါးစပ်က အကျင့်ပါနေတာ ခုတော့ ရည်းစားပေါ့ဗျာ"

ဒီလူ စိတ်ကသိကအောင့် ဖြစ်အောင်တော့ နည်းနည်း ကလိ လိုက်ဦးမည်ဟု မြင့်ဆွေ စိတ်ထဲ စဉ်းစားလိုက်၏။

"ရည်းစားပဲဗျာ၊ ခင်ဗျား စိတ်မချရင် နှိုးပြေးလိုက်ပေါ့၊ ခင်ဗျား ခုလို နေရာတကာ စိတ်မချဖြစ်နေတော့ ကြာရင် ခင်ဗျား အလုပ်ပျက် အကိုင်ပျက် ဖြစ်နေတာပေါ့၊ ပြီးတော့ (မြင့်ဆွေစိတ်ထဲ နေဇင်လတ် မှာထားသည့် စကားကို ကြားလာသည်မို့) နေဇင်လတ်ဆိုတဲ့ ကောင်က ကြည့်တော့ ပျော့တိပျော့ဖတ်နဲ့၊ လက်က သွက်သလား မမေးနဲ့၊ ခုလဲ အမျိုးသမီး တစ်အုပ်ကြီးနဲ့ ယောကျ်ားလေးဆို လို့ ဒီကောင် တစ်ယောက်တည်း ပါတာသာကြည့်"

စိုးထိုက်အောင် စိတ်ထဲ မြင့်ဆွေလဲ သူ့လိုပဲ နေဇင်လတ်ဆိုတဲ့ ကောင်နဲ့ ပက်သက်ပြီး တစ်ခုခု အမြင်မကြည်တာ၊ စိတ် အစာမကြေတာ တစ်ခုခုတော့ ရှိမည်ဟု တွေးလိုက်ပြီး သူ့အတွက် အကူအညီ ကောင်းလို့ရပြီဟု ဝမ်းသာလိုက်၏။

"နှိုးပြေးချင်တာပေါ့ဗျာ၊ မရလို့ပေါ့၊ ကျွန်တော့်ကောင်မလေး အိမ်နဲ့ကျွန်တော်က သိပ်အဆင်ပြေနေတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ထားပါလေ ခုဟာက ခင်ဗျားလဲ ကြားမလားမသိဘူး၊ အဲဒီကောင် နေဇင်လတ် က သူတို့တစ်အုပ်စုလုံးကို စာပြပေးမယ်ဆိုပြီး သူ့အိမ်ကို နေ့တိုင်း ခေါ်ထားတယ် (စိုးထိုက်အောင်စိတ်ထဲ မြင့်ဆွေ စိတ်ထဲရှိ နေဇင်လတ် အပေါ် မကျေနပ်တဲ့စိတ်ကို ဆွပေးပြီး ငါလိုချင်တာ ရအောင်လုပ်မှဟု တွေးပြီး) ဟိုဗျာ တန်ဖိုးသုံးလား...၊ တန်ဘိုးရှိလား...။ အဲဒီစာရင်းကိုင်

www.burmeseclassic.com

ဘာသာမှာ တော်တော် တော်တယ်ပြောတာပဲ၊ အဲ့ဒါ သူ့ဆီမှာ သင်ဖို့ သွားမလို့တဲ့၊ ကျွန်တော့်ကောင်မလေးကို ဘယ်လိုမှ တားလို့မရဘူး အခုဖြစ်နေတယ်ဗျာ"

နေဇင်လတ် ဘယ်အပေါက်တွေ ချိုးနေပြီလဲဟု မြင့်ဆွေ တွေးလိုက်၏။

အင်းလေ ဒီအပတ် တွေ့တော့မှသာ မေးကြည့်ဦးမည်ဟု စိတ်က မှတ်ထားလိုက်ပြီး လောလောဆယ် ရှေ့သူကို လက်နက်လာအပ် နေသလို ဖြစ်နေသော စိုးထိုက်အောင်ကို ကြည့်ပြီး ရယ်ချင်စိတ်ကို မျိုသိပ်၍ စိုးထိုက်အောင်သဘောကျ ဓနာလိုဟန်ပြကာ…

"ဟာ ဘယ်ကလာ တော်ရမှာလဲ သင်တန်းသားတိုင်း အဲဒီ ဘာသာက အလွယ်ဆုံးပဲလို့ သိတဲ့ဟာ၊ လမ်းဘေးက ကလေးကိုတောင် ခေါ်တွက် သင်ပေးလို့ရတယ်၊ တကယ် ခက်တာက ဆိုင်ခွဲစာရင်း ဘာသာပါ၊ အလကား မိန်းကလေးတွေနဲ့ တရှန်းရှန်း လုပ်ချင်လို့ ဖွင့်ဆင်တာနေလိမ့်မယ်၊ဒီမှာကိုစိုးထိုက်အောင်‥ ခင်ဗျား ကောင်မလေးကို မလွှတ်နဲ့နော်၊ အဲဒီကောင်က အကျင့်ကောင်းမယ့်ပုံ မပေါ်ဘူး"

မြင့်ဆွေ စကားကြောင့် စိုးထိုက်အောင် စိတ်ထဲ ခုပဲ သူ့ရည်းစား အလုခံရတော့မလို ဖြစ်ကာ ရဲပဲ ပြေးခေါ်ရမလား၊ ရမ်ကိုပဲ ပြေးခေါ်ရမလား ဖြစ်ကာ စိုးရိမ်တကြီး ဖြစ်သွား၏။

"ကျွန်တော် ဘယ်လိုလုပ်ရမလဲ မသိဘူး ကိုမြင့်ဆွေ၊ ကျွန်တော့်ကောင်မလေးကိုလဲ ဘယ်လိုမှ တားလို့မရဘူး၊ အဲဒါ ကျွန်တော် စဉ်းစားမိတာ ကိုမြင့်ဆွေတို့က တစ်တန်းထဲ တက်နေကြ တာဆိုတော့ ကျွန်တော့်ကောင်မလေးကို နည်းနည်းလောက် စောင့်ကြည့် ပေးလို့ ရမလားလို့ ဖြစ်နိုင်မယ်ဆိုရင် ကူညီပါဗျာ"





စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားသည်။ ဘာတွေများ ဖြစ်နေကြ ပါလိမ့်။ ကေသီရို ဆိုသည့် အမျိုးသမီး ဒီလူကို ဘယ်လောက်များ ဖုံးကွယ်ထားသလဲမသိ။ ခု ဖြစ်နေပုံကို ကြည့်ပြီး သူငယ်ချင်းအတွက် လက်တုံ့ပြန်ပြီး ဒုက္ခပေးချင်စိတ်တောင် ကုန်ခမ်းသလို ဖြစ်လာသည်။

"သင်တန်းကျောင်းက ပိတ်ထားပြီဆိုတော့ ဘယ်လိုကူရမှာလဲ၊ ဒါနဲ့ နေပါဦး၊ ကိုစိုးထိုက်အောင် နဲ့ အဲဒီအမျိုးသမီးက ဘယ်မှာတွေ့တာ လဲ၊ ကျောင်းမှာက နာမည်ကြီးဗျ"

"အင်း သူတို့တူမွေးဇာကို မားကတ်ခင်း ဆင်းရင်းတွေ့တာ၊ တွေ့ပြီး နှစ်လလောက် လိုက်ရသေးတယ်၊ အခုဖြစ်ရတာတောင် ကြာ သေးဘူး၊ သုံးလလောက်ပဲ ရှိသေးတယ်"

နည်းနည်းလောက်တော့ ကြွပ်ပေးဦးမှဟု စဉ်းစားလိုက်ရင်း

"ကိုစိုးထိုက်အောင်ကောင်မလေးက တော်တော်လှတာပဲ ဥစ္စာ၊ ခင်ဗျားအရင် ရည်းစားတွေ ဘာတွေ မရှိဘူးလား"

စိုးထိုက်အောင်မှာ လက်ရှိသောကကို မေ့သွားပြီး ဂုဏ်ယူစိတ် ဖြင့် ခါးကိုကော့ပြီး

"ဟာ မရှိပါဘူး၊ ကျွန်တော်က သူ့ရဲ့ ရည်းစားဦးပဲ ဥစ္စာ၊ တခုတော့ ရှိတယ်၊ ဟိုနေဇင်လတ်လို သူက သူငယ်ချင်းလို သဘောထား ပေမယ့် တဖက်သတ် ကြိုက်နေတဲ့ လူမျိုးတော့ ရှိတာပေါ့"

မြင့်ဆွေ ရင်ထဲ စောစောက ရှိခဲ့သော သနားစိတ်က လျော့ပါး သွားပြီး သူငယ်ချင်းအတွက် ခံပြင်းစိတ်ကလွှမ်းမိုးလာသည်။ဒီ စိုးထိုက်အောင်ဆိုတဲ့ ငတုံးလဲ ဘာမှ သိမှာမဟုတ်။

ဟိုဟာမက ဘယ်လောက်တောင် လှည့်ဝတ်ထားလဲ မသိ။ ဝါးပါးလေးတော့ ဝင်ပုတ်လိုက်ဦးမှ… ဟု ။

"ခင်ဗျား ပြောသလိုသာဟုတ်မယ်ဆိုရင် အံ့သြစရာပဲ၊



www.burmeseclassic.com

www.burmeseclassic.com

ဒီလောက် ရုပ်ရည်ကော၊ ပညာကော၊ မျိုးရိုးရော ဘာမှ အပြစ်ပြောစရာ မရှိတဲ့ အမျိုးသမီးတစ်ယောက်မှာ ဒီအရွယ်ထိ ရည်းစားထောင် မထားခဲ့ဘူး ဆိုတော့ . . အင်းလေ ဖြစ်နိုင်ပါတယ်၊ ထားပါတော့ . . . . . .ခု . .ကျွန်တော် ဘယ်လို ကူညီပေးရမှာလဲ''

''ဟို . . သူတို့ စာစုကျက်နေတဲ့နေရာကို ကိုမြင့်ဆွေရော ကျွန်တော်ရော သွားလို့ရတော့ ရမှာမဟုတ်ဘူး၊ ကျွန်တော် သူတို့ ဘာလုပ်နေတယ်၊ ဘာလုပ်ကြတယ် ဆိုတာလောက်ပဲ သိချင်တာပါ၊ ကျွန်တော့် မျက်ကွယ်ရာမှာ ဖြစ်ချင်တာဖြစ်လို့ လူတကာသိပြီးမှ ကျွန်တော် သိရတာမျိုး ကျွန်တော် မဖြစ်ချင်ဘူး . . ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျွန်တော့်စိတ်ထဲမှာ တစ်ခုခု မှားနေသလိုမျိုး ခံစားနေရတယ်''

သူတို့နှစ်ယောက်သာရှိနေသော စားပွဲခုံတွင် စကားသံတို့ တိတ်ဆိတ်သွားသည်။

ဒီလို ခံစားမှုမျိုးကို ခင်ဗျားထက်အရင် နေဖင်လင်က ခံစားခဲ့ရတာပါဟု မြင့်ဆွေ စိတ်ထဲက ပြောနေမိ၏။

မိန်းမတစ်ယောက် ၏ နှလုံးသား ယောက်ယက်ခတ်မှုကြောင့် ယောက်ျားရင့်မကြီး နှစ်ယောက် သောက ရောက်နေရတာကို ကြည့်ပြီး မြင့်ဆွေ တကယ်ကိုမဲ့ တရားကျ နေတော့သည်။

''အင်းလေ . . ကိုစိုးထိုက်အောင် အတတ်နိုင်ဆုံး ကျွန်တော် ကြိုးစားပေးပါမယ်၊ စောစောက ကြိုပြီး လာပြောခဲ့ရင် ပိုကောင်းမှာ ကျွန်တော် သူတို့အုပ်စုနဲ့ ဝင်ရောထားလို့ ရတာပေါ့၊ ခုလဲ ရပါသေးတယ်၊ နေဖင်လတ်နဲ့က သင်တန်းမှာ စကားတွေ ဘာတွေ ပြောဖူးပါတယ်၊ သူတို့ စာစုကျက်တဲ့ နေရာကို တစ်ခါလောလေ သွားပေးပါမယ် စိတ်ချပါ''





''အေးဗျာ စောစောကတည်းက လာမလို့ပါပဲ၊ ကိုယ့်ဒုက္ခ သူများကို ပေးသလို ဖြစ်နေမှာစိုးလို့ လာသင့်၊ မလာသင့် စဉ်းစားနေတာ နဲ့ ခုထိ ကြာသွားတာ၊ ခုတောင် တကယ်ပြောတာ ကျွန်တော် ရှေ့မျက်နှာ နောက်ထားပြီး လာရတာ ကိုမြင့်ဆွေ တွေးမှား မမေ့ပါဘူး''

''ရပါတယ်ဗျာ တစ်လမ်းတည်းသားချင်းတွေပဲ အရေး အကြောင်းရှိရင် ကူရမှာပေါ့''

နွေရာသီ၏ သရုပ်သကန် ပီသစွာ လဖက်ရည်ဆိုင်တစ်ခိုက် ဝတ်ဝန်းကျင်တစ်ခုလုံး အပူငွေ့က ထောင်းထောင်းထအောင် ပူလောင်နေ ပြီဖြစ်သည် ။

စာလည်း ဆက်ပြီး ကြည့်လို့ရတော့ မဟုတ်သဖြင့် လက်မှ နာရီကို ကြည့်လိုက်၏။

နာရီကြည့်နေသော မြင့်ဆွေကို ကြည့်ကာ သူ ကုမ္ပဏီသို့ ပြန်ဝင်ရဦးမည်ကို သတိရမိပြီး လက်ဖက်ရည်ဖိုး ရှင်းဖို့ စားပွဲထိုးကို စိုးထိုက်အောင် လှမ်းခေါ်လိုက်၏။

လဖက်ရည်ဖိုး အတင်းလုရှင်းနေသော စိုးထိုက်အောင်ကို သူ ထပ်ပြီး ဘာမှမပြောတော့ဘဲ ရှင်းခွင့်ပြုလိုက်၏။

အရေးအကြောင်း ကိစ္စရှိက ဆက်သွယ်ဖို့ ကုမ္ပဏီလိပ်စာကဒ်ကို ပေးပြီး ဆိုင်ရှေ့မှာ ရပ်ထားသည့် ကုမ္ပဏီတံဆိပ်နှင့် ဆလွန်းကားကို မောင်းထွက်သွားသည့် စိုးထိုက်အောင်ကို ကြည့်ပြီး မြင့်ဆွေ ဒီပြဿနာထဲ ဝင်ပါဖို့ အတော်လေး စိတ်မသက်မသာ ဖြစ်မိသွား၏။

နေဖင်လတ် ဘာတွေလုပ်နေသလဲ မသိ။ အငြိုးအမုန် ကြီးလှသော ယောက်ျားတစ်ယောက်နဲ့မှ ကယောက်ကယက် ခတ်အောင် သော မိန်းမက လာမှတွေ့တတ်ပလေလို့ စိတ်ထဲ ထွေးမိလိုက်၏။

www.burmeseclassic.com



နေဇင်လတ်ကို ဟိုး စတိတ် ကျောင်းသားဘဝကတည်းက သူက သိနေခဲ့တာ။ ဒီကောင် စိတ်က မြေပွေးလိုမျိုး ။

ငယ်ငယ်ကတည်းက သူ့ကို ကိုက်သည့် ပုရွက်ဆိတ်ကို တောင်အသေအချာဖမ်းပြီး ကျောင်းအပြန် အုတ်ပုံမှာ စိမ်ပြေနပြေ ထုသတ်သည့်လူမျိုး၊ ဒီလိုလူမျိုးနဲ့မှ ဖြစ်ရတယ်လို့။

ဘာပဲဖြစ်ဖြစ် အခုထက် အခြေအနေ ပိုမဆိုးလာဖို့တော့ နေဇင်လတ်ဆီ သွားဖို့တော့ လိုလာမည်။ နေဇင်လတ် စိတ်ထဲ ရိုးရိုးဆို သိပ်ပြဿနာမဟုတ် ဆန်းဆန်းဆိုရင်သာ....။

♦ ♦ ♦ ♦



ကစားဝိုင်းမှာ- အနိုင်ကစားမယ်၊ ရှုံးလို့ မဖြစ်တော့ဘူး ဆိုတဲ့ အခြေအနေမျိုးကို ရောက်လာခဲ့ရင် တွေဝေခြင်းဆိုတဲ့ စိတ်ကို ဖယ်ရှားဖို့လိုပါ တယ်။

တွေဝေခြင်းဆိုတာ ဘယ်လိုလဲ ဆိုတော့

"ငါ လုပ်လိုက်တာ တရားရဲ့လား၊ ငါ လုပ်တာကို လူတွေက ဘာပြောကြမလဲ၊ ခွင့်လွှတ်လိုက်တာ တောင်းပါတယ်၊ လျှော်ပေးလိုက်တာ တောင်းပါ တယ်"ဆိုတဲ့ စိတ်ပဲ၊

ဒီနေရာမှာ စဉ်းစားစရာ က .....

...ကိုယ့်ကို လုပ်တုန်းက သူတို့ ဒီလို စဉ်းစားခဲ့ရဲ့လား.. ဆိုတာကိုပါ....

www.burmeseclassic.com

www.burmeseclassic.com



၁၁

ကောသီချို စိတ်ထဲ တော်တော်လေး အနှောင့်အယှက် ဖြစ်နေသည်။ သူမစိတ်ထဲ နမြောနေသလို ဦးစားပေးမခံရတာကို နေမထိထိုင်မသာ ဖြစ်နေသည်။

နေဇင်လတ် စာရှင်းပြနေတာကို နားထောင်နေရင်း နေဇင်လတ် ဘေးနားရှိအသားဖြူဖြူမျက်ခုံးကောင်းကောင်း မျက်နှာပြည့်ပြည့်နှင့် နော်နော်စိုးကိုကြည့်ပြီး ဒီမိန်းမနှယ် နေဇင်လတ်မျက်နှာကို ကြည့်နေလိုက်တာ သူ့လင်မျက်နှာကို ကြည့်နေတဲ့အတိုင်းပဲဟု တွေးမိနေ၏။

နေဇင်လတ်ကလဲ ခုမှ အသားတွေ ပိုဖြူလာပြီး ဝတ်ထားသည့် ကော်လံကတုံးလက်တို၊ အညိုရောင်အကွက်စိပ် ပုဆိုးနှင့်။ သူ့မိန့်ချည်းစား ဖြစ်နေစဉ်ကထက် ပိုပြီး လူရည်သန့်လာသည်ဟု စိတ်ထဲက ထင်မိ၏။



ဒီအိမ်ကို နေဇင်လတ် နှင့် တွဲနေတုန်းက အကြိမ်ကြိမ်ရောက်ဖူးသော်လည်း အခုခါမှာတော့ တစိမ်းတစ်ယောက်အိမ်ကို အလည်ရောက်နေရသလို။

"ပထမဦး စဉ်းစားရမှာက စာရင်းတစ်ခုကို ပြုစုမယ်ဆိုရင် ကိုယ်ဘယ်နေရာကနေပြီး ပြုစုရမှာလဲ ဆိုတာကို သိထားရမယ်၊ ဆိုင်ခွဲစာရင်း ဆိုပါစို့…ဆိုင်ခွဲဘက်က နေမယ်ဆိုရင် ဆိုင်ကြီးကမြီရှင်၊ ကိုယ်က မြီစား…"

"ကိုနေ အဲဒါဆို ကုမ္ပဏီတို့ လုပ်ငန်းတို့မှာလဲ အဲဒီလိုပဲစဉ်းစားရမှာပေါ့"

နော်နော်စိုး မေးလိုက်သော အမေးစကားကို တုံ့ပြန်ဖို့စာရှင်းနေရာမှ မော့ကြည့်လိုက်တော့ သူ့ကို စူးစိုက်ပြီး အလိုမကျစွာကြည့်နေသော ကေသီချိုကို မြင်လိုက်ရသဖြင့် နေဇင်လတ် မျက်နှာလွှဲလိုက်ရင်း ရလာတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် သုံးနိုင်ဖို့ သေသေချာချာစဉ်းစားလိုက်ပြီး-

"မနော်နော်စိုးက မြင်တတ်သွားပဲ၊ ကျွန်တော်တောင် တော်တော်လေး လုပ်ပြီးမှ သိတာ၊ (ပိုပြီးရင်းနှီးနေတဲ့ ပုံစံမျိုးနဲ့ နာမည်ကိုအဖျားဆွတ်ပြီး ခေါ်ပြဦးမှဟု နေဇင်လတ် တွေးလိုက်၏) မနော် ပြောတာဟုတ်တယ်… စာရင်းကိုင်ဘာသာမှာ စာရင်းပြုစုပေးရတဲ့ သူကဘယ်ဘက်က နေပြီး ပြုစုပေးနေတာလဲဆိုတာ သိထားရင် လွယ်သွားပြီ၊ အဲဒါ စာရင်းကိုင်ဘာသာရဲ့ အဓိကသော့ချက်ပဲ"

နော်နော်စိုးမှာ သူစိမ်းမိန်းကလေး အုပ်စုထဲ နေဇင်လတ်၏ချီးမွမ်းစကားသံကြောင့် ရှက်ကိုးရှက်ကန်းနှင့် မျက်နှာတစ်ခုလုံးနီရောင် လွှမ်းသွား၏။

"သူက နှစ်ကျ ပဲသိမှာပေါ့… ဘာဆန်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှုးခနဲ ထွက်လာသော ကေသီချို အသံကြောင့် နေဇင်လတ်ရော၊ တကြည့်စားပွဲမှာ ဝိုင်းထိုင်နေကြသည့် ဝင်းမော်တို့ စိုးစိုးမြတ်တို့လို သူငယ်ချင်းများကပါ ကေသီချိုကို အံ့သြတကြီး ဝိုင်းကြည့်ကြသည်။

ဘာမှ မဟုတ်သည့် စကားလေးတစ်ခွန်းကိုပင် မနာလိုကြီးစွာ ခွန်းတုံ့ပြန်မိသည့် သူမ၏ အမှားကို သူမကိုယ်တိုင် သူမ ပြန်အံ့သြမိနေ၏။

နှုတ်က လွှတ်ခနဲ ထွက်သွားပြီမို့ ကိုယ့်သဘောထား သေးသိမ်မှုကို အားလုံးသိသွားပြီ ဖြစ်အောင်လည်း ဘာမှမဖြစ်သလိုလိုနှင့်။

နေဇင်လတ် စိတ်ထဲမှာတော့ သူပစ်လိုက်သည့် မြား ထိသွားပြီမို့ အသာလေးပင် နေပြီး ကျိတ်ပြုံးလိုက်သည်။

အပြောခံလိုက်ရသည့် နော်နော်စိုးမှာ ရုတ်ခြည်း မျက်နှာ ရဲခနဲ ဖြစ်ကာ ဒေါသထွက်သွားမိသော်လည်း ဒီလို အခြေအနေမျိုးမှာ စကားများ၍ မဖြစ်ဟု သဘောပေါက်၍ ဒေါသကို မျိုသိပ်ထားလိုက်၏။

ဖြီးမှ ကိုယ်က ချည့်သည့်ပဲ သဘောထားကာ သဘောထားကြီးပြလိုက်ပြီး တွက်လက်စ ပုစ္ဆာကို ဆက်တွက်နေ၏။

ကေသီချိုမှာတော့ ပြောလိုက်ပြီး မှ လွန်သွားပြီမို့ ပြန်တောင်းပန်ရနိုး၊ ဒီလိုပဲ မသိလိုက် မသိဘာသာ ဆက်နေရနိုး အနေရ ခက်သွား၏။

လမ်းထိပ် မီးသတ်စခန်းမှ ညနေ လေးနာရီ သံချောင်းခေါက်သံကြောင့် အားလုံး တွက်လက်စ စာရင်းကိုင်ပုစ္ဆာကို လက်စသတ်လိုက်ကြ၏။

နေဇင်လတ် နောက်ထပ် ဘာထပ်လုပ်ရင် ကောင်းမလဲဟု စဉ်းစားလိုက်၏။ ဒီလောက်နှင့်တော့ ကေသီချိုကို ပြန်မလွှတ်လိုက်ချင်။ အားလုံးကို ကြည့်လိုက်ပြီး–



"စာရင်းကိုင်(၁)က မနက်ဖြန် နေ့တစ်ဝက်လောက်ဆို စုတွက်နေကြတာ ပြီးလောက်ပြီ၊ စာရင်းကိုင်(၂)ကိုပဲ ဆက်လုပ်မလား ဒါမှမဟုတ် တန်ဘိုးတွက်ကို ကူးမလား"

နေဇင်လတ် စကားကြောင့် အားလုံးက

"တစ်ပြီးရင် နှစ်ပဲ ကူးမယ်ဟော၊ နို့မို့ဆို ဟိုမပြီး ဒီမပြီး ဖြစ်နေအုံးမယ်"

"ဒီလိုဆို မနက်ဖြန် စာရင်းကိုင်နှစ် စာအုပ်တွေပါ ယူလာခဲ့ကြ"

စိုးစိုးမြတ်မှာ ကေသီချိုအားသို့ ကပ်ပြီး လေသံတိုးတိုးဖြင့်

"ဟဲ့ နင့်လူ လာကြိုမှာလား"

ကေသီချိုမှာ တွန့်ခနဲ ဖြစ်သွားပြီး လတ်ရှိဘဝကို ပြန်ရောက်သွားသလို ....။

"လာမကြိုနိုင်းထားဘူး ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဟုတ်ပါဘူး၊ နေဇင်လတ်ကို ခေါ်ပြီး ဒီလမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ အိမ်ပြန်ရင်း ဝင်ထိုင်မလားလို့...၊ နင့်လူ လာကြိုလို့ တွေ့နေရင်း ပြဿနာတက်နေမှာ စိုးလို့ မေးတာ"

"နင်ကလဲ ငါ့ကို သိက္ခာချနေပြန်ပြီ ရပါတယ်"

နေဇင်လတ်မှာ နော်နော်စိုး မိတ္တူကူးဖို့လိုသော စာရွက်များကို ပေးနေရင်း စိုးစိုးမြတ်နှင့် ကေသီချိုတို့ တိုးတိုး တိုးတိုးနှင့် စကားပြောနေတာ ရိပ်ခနဲတွေ့လိုက်ရသဖြင့် ငါ့ကို ဘာများ ပြောမလို့လဲ မသိဘူးဟု ထင်လိုက်၏။

"ကဲ မနော် မထူးတော့ဘူး၊ လမ်းထဲမှာရှိတဲ့ မိတ္တူဆိုင်မှာပဲ ကျွန်တော် လိုက်ကူးပေးလိုက်တော့မယ်၊ နို့မို့ဆိုရင် ကူးရမဲ့စာရွက်နဲ့ မကူးရမဲ့စာရွက် လွဲနေဦးမယ်"

"မနော်လဲ ပြောရမှာ ခက်နေလို့၊ အဲဒီလိုဆို ပိုကောင်းတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



အားတော့နာပါတယ်၊ ကိုနေကို အလုပ်ရှုပ်သလို ဖြစ်နေပြီ''

နော်နော်စိုး၏ အားတောင့်အားနာ စကားကြောင့် နေဇင်လတ် ပြုံးလိုက်ပြီး

''ရပါတယ်ဗျာ ဘာမှ အပန်းကြီးတာမှ မဟုတ်တာ''

ဝင်းမော်တို့၊ သန္တာတို့၊ စိုးစိုးမြတ်နှင့် ကေသီချိုတို့လေးယောက်မှာ စာရွက်တွေနဲ့ ရှုပ်နေသော နေဇင်လတ်နှင့် နော်နော်စိုးကို ကြည့်ပြီး သန္တာက လှမ်း၍

''နေဇင်လတ် လက်ဖက်ရည်ဆိုင် သွားရအောင်''

ကေသီချို မျက်နှာကို နေဇင်လတ် လှမ်းကြည့်လိုက်သည်။

မျက်စိထဲ စိုးထိုက်အောင်နှင့် ကေသီချိုတို့ ပျော်ရွှင်မြူးထူးနေပုံက ပေါ်လာသည်။

စိတ်ကို အလိုမလိုက်နဲ့ဟု နေဇင်လတ် ကိုယ့်ကိုကိုယ် သတိပေးလိုက်၏။ လက်ထဲကိုင်ထားသည့် မေးခွန်းစာရွက် ပုံစံတွေကို ကြည့်ပြီး ငြင်းဆန်ဖို့ စကားလုံးတို့က နေဇင်လတ် ရင်ထဲမှ ခုန်ထွက်လာ၏။

''မလိုက်တော့ပါဘူးဗျာ၊ ဒီမှာ မနော်ကို မိတ္တူလိုက်ကူးပေးလိုက်ဦးမယ်၊ နောက်နေ့မှပေါ့''

ကေသီချို ရင်ထဲ အလိုမကျမှုများက ချဉ်းနင်းဝင်ရောက်လာသည်။ ဘေးမှာရပ်နေသည့် ဝင်းမော်ကို လက်ဆွဲ၍

''အေးလေ မလိုက်ရင်လဲ နေပေါ့၊ နင်က ခုတော့ ငါတို့နဲ့ ဘယ်လိုက်ချင်တော့မလဲ၊ ကဲ လာ သွားမယ် ကိုစိုးနဲ့ လွဲနေဦးမယ်''

ကေသီချို၏ အနေှာင့်အသွားမလွတ်သော စကားကြောင့် နေဇင်လတ်ရော နော်နော်စိုးပါ မျက်နှာ ထူပူသွား၏။

ပြောပြီးပြီး ထွက်သွားသော ကေသီချိုတို့အုပ်စုကို



နောက်ကျောကနေ ကြည့်ရင်း နော်နော်စိုးဘက်သို့ မျက်နှာပြန်လှည့်ရမှာ မျက်နှာပူနေ၏။မတတ်နိုင် ဘူးလေ တောင်းပန်ရတော့မှာပဲ....။

''ဘယ်လိုမှ မထင်ပါနဲ့ဗျာ၊ သူက ဒီလိုပဲ၊ ရှေ့မကြည့် နောက်မကြည့် ပြောတတ်တယ်၊ အားလုံးက သူ့ကို ဦးစားပေးထားတော့ ကလေးလို ဖြစ်နေတာ''

''ရပါတယ် နော့်ကို အားနာမနေပါနဲ့ နော် နားလည်ပါတယ်၊ ဒါနဲ့ ကိုနေ အိမ်ကို ပိတ်ထားခဲ့မှာလား''

ပါးနပ်စွာ စကားလမ်းကြောင်း ပြောင်းပေးသော နော်နော်စိုးကို နေဇင်လတ် လေးစားသွားသည်။

သူချစ်ခဲ့သော အမျိုးသမီးသည် ဒီလို လူမှုဆက်ဆံရေး အသိမျိုး၊ တစ်ပါးသူ စိတ်ခံစားချက်မျိုးကို ...နည်းနည်းလေးတောင်မှ မသိခဲ့ပါလား။

''ခြံတခါးပိတ်ထားခဲ့ရင် ရပါတယ်၊ တော်ကြာဆို အမေရော အဖေရော တရားစခန်းက ပြန်လာကြမှာ''

ကူးစရာစာရွက်များ စုံမစုံ စစ်ဆေးပြီး နှစ်ယောက်သား အိမ်ထဲမှ ထွက်လာကြသည်။

သူ့ဘေးမှ ပါလာသည့် နော်နော်စိုးကို နေဇင်လတ် မသိမသာ ကြည့်လိုက်သည်။ နော်နော်စိုး၏ မျက်နှာတွင် ကေသီချို မျက်နှာမှာ တွေ့ရလေ့ရှိသည့် မာထန်သည့် စိတ်အားမာန်မျိုးတို့ ကင်းစင်နေသည်။

ဒီလိုပါပဲလေ လူဆိုတာ ဆူးမရှိသည့် ပန်းတွေထက် ဆူးရှိသည့်ပန်းကိုမှ ပို၍မက်မောတတ်သော သဘာဝပဲလေဟု တွေးရင်း သက်ပြင်းချလိုက်၏။

လမ်းထဲမှ လူများက နေဇင်လတ်နှင့် နော်နော်စိုးတို့နှစ်ယောက်ကို ကြည့်ပြီး တမျိုးတမည်ထင်ပြီး ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ချောမောလှပသည်ဟုသတ်မှတ်လို့ရသည့် အမျိုးသမီးတစ်ဦး၏ ဘေးမှာ ရပ်တည်နေခွင့်ရသည့် နေဇင်လတ်မှာ ဂုဏ်ယူဖို့ နေနေသာသာ အပြုံးတရား တို့ဖြင့် ဖွဲ့စည်းထားသည့်အတွေးတို့ဖြင့် တစ်ယောက်တည်း လောင်မြိုက်၍ကောင်းနေဆဲ။

♥ ♥ ♥ ♥



..............................................

"ကိုနေ စိတ်ညစ်သွားပြီလား"

မိတ္တူစက်မှ ထွက်လာသည့် စာရွက်များကို ရှေ့နောက်မလွဲအောင် စီနေရင်းမှ နေဇင်လတ် နော်နော်စိုး ပြောလိုက်သည့်စကားကို နားမလည်နိုင်စွာဖြင့် မော့ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

"ခုန မကေသီချိုနဲ့ ဖြစ်တဲ့ကိစ္စအတွက်လေ"

နေဇင်လတ် တအံ့တဩဖြင့် နော်နော်စိုးကို ကြည့်မိ၏ တကယ်ဆို သူမကို တောင်းပန်ဖို့ ဝန်လေးနေခဲ့တာ၊ စကားစဖို့ မှတ်လေးနေခဲ့တာ သူပဲ ဖြစ်သည်။

ခုတော့ အစော်ကားခံခဲ့သူ ကိုယ်တိုင်က သူ့ကို မြန်မြန်အားနာနေတော့.....၊

"ကျွန်တော်က မနော်ကို အားနာနေတာ"

..............................................

ပတ်ဝန်းကျင်တစ်ခုလုံး ညနေစောင်းချိန်မို့ အလင်းရောင်က မှေးမှိန်စွာ ယုတ်လျော့လာ၏။ မိတ္တူဆိုင်လေးထဲမှ သူတို့နှစ်ဦး အတွေးကိုယ်စီဖြင့် ထွက်လာတော့ ညမွှေးပန်းတချို့ပင် သူတို့၏ ရနံ့ကို ထုတ်လွှတ်နေလေပြီ။

"မနော်...ကျွန်တော် မနော်တို့လမ်းထိပ်ထိ လိုက်ပို့မယ် လမ်းမှာ စကားပြောရင်းပေါ့"

သူပြောသည့်စကားကို ခေါင်းညိတ်ပြရုံမှတစ်ပါး ငြိမ်သက်နေသဖြင့် နေဇင်လတ် တိတ်ဆိတ်နေခြင်းကို ဖြိုခွဲပစ်လိုက်ဖို့ အားထုတ်လိုက်၏။

"မနော် ကေသီချိုကို ဘယ်လိုမြင်လဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် နော်နော်စိုး တစ်စုံတစ်ခုကို လွှတ်ခနဲ ပြောလိုက်ဖို့ အားထုတ်လိုက်ပြီးမှ ထိန်းထိန်းသိမ်းသိမ်းဖြင့်·····

"နော် တချို့အကြောင်းတွေ မအိအိနိုင်ဆီကနေ သိထားပါတယ်"

အိတ်ကပ်ထဲမှာ ထည့်ထားသည့် ဆေးလိပ်တိုကို နှုတ်ခမ်းဖျားတပ်ကာ ဂက်စ်မီးခြစ် ခြစ်၍ မီးညှိလိုက်ပြီး

"ဟုတ်တယ် မနော်၊ ကျွန်တော် ခုချိန်မှာ မနော် မိတ္တူဆိုင်မှာ ပြောခဲ့သလိုပဲ စိတ်ညစ်နေတယ်"

နေဇင်လတ် ပုံစံကို ကြည့်ပြီး နော်နော်စိုး ကရုဏာသက်မိ၏၊ သူမ တိတ်တခိုး မျှော်လင့်မိနေသူ၏ကျဆုံးခန်းကို သူမ ကိုယ်ချင်းစာလို့ ရနေခဲ့ပြီ။

"နော် ·ကတော့ ပြဿနာမရှိပါဘူး၊ စလာကတည်းက အခက်အခဲရှိလို့ လာတဲ့လူပဲ၊ အတတ်နိုင်ဆုံး သည်းညည်းခံရမှာ ····တစ်ခုပဲရှိတယ်··"

ဘာများပါလိမ့်မှာ စိတ်ထဲ ထင့်သွား၏။

"တခြားတော့ မဟုတ်ပါဘူး၊ သူပြောတဲ့ စကားတွေ၊ အပြုအမူတွေဟာ·· ကျွန်မရဲ့ ကိုယ်ကျင့်တရားနဲ့ မိန်းမမာနကို မထိလာဖို့ပဲ ကျွန်တာတော့ သူ့ရင်ထဲမှာ ဖြစ်နေတဲ့ ခံစားချက်ကို မိန်းမချင်း ကိုယ်ချင်းစာပါတယ်"

"ဒါဆို ကျွန်တော် တစ်ခုမေးမယ်··· မနော် အမှန်ဖြေပေးမလား"

"ဘာကိုလဲ"

"ကေသီချို ကျွန်တော့်ကို ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ"

သူ့ အမေးစကားကြောင့် နော်နော်စိုး ချောက်နေရာ





ခေတ္တရပ်ပြီး နားမလည်သလို ကြည့်၏။

"ကိုနေ တကယ်မသိတာလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား"

နေဇင်လတ် မှိုက်ပြီးသား ဆေးလိပ် မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ပြီး

"ကျွန်တော် တကယ်မသိလို့ မေးတာပါ။ ကျွန်တော့်ကို သူ စွန့်ပစ်ခဲ့တုန်းကလဲ ဘာအကြောင်းပြချက်မှ မရှိဘူး ၊ ခု ကျွန်တော်ဘာသာ သူ စွန့်ပစ်ခဲ့တဲ့ဘဝမှာ ပျော်နေပြန်တော့လည်း သူ မကျေနပ်နိုင်ဘူး၊ ဒါကို ကျွန်တော် ဘယ်လို တွက်ဆလို့ရမှာလဲ"

နေဇင်လတ် ပြောလိုက်သည့် စကားကြောင့် နော်နော်စိုး တွေဝေသွားသည်။

ကေသီချို ရင်ထဲမှာ ဘာဖြစ်နေသည်ကို သူမက မြင်နေရသည်။ ထုတ်ဖော် ပြောပြလိုက်ပြန်ရင်လည်း သူမကိုပါ ကိုနေက တစ်မျိုးထင်နေဦးမလား။

ကိုနေ··· ကိုယ်တိုင်က ကေသီချိုဘက်ကို စိတ်မကုန်သေးလျှင် သူမ စကားကြောင့် ပို၍ တိမ်းသွားမည်လား၊ နောက်ဆုံးတော့·· မထူးပါဘူးလေဟု တွေးကာ

"ကိုနေ·· သတိမပြုမိလို့ နေပါလိမ့်မယ်၊ ကေသီချို စိတ်ထဲမှာ ကိုနေ တခြားမိန်းကလေး တစ်ယောက်ကို သူ့ထက်ပိုပြီး အလေးပေးမှာ·· ပြီးတော့ ချစ်သွားမှာကို··"

"ဘယ်သူ့ကို ကျွန်တော်က ချစ်သွားမှာ မို့လို့လဲ"

ဒီတစ်ခါတော့ နေဇင်လတ် တကယ်ကို ရှုးချင်ယောင်ဆောင်လိုက်သည်။

နော်နော်စိုးမျက်နှာ ရုတ်ခြည်း နီရဲတက်လာကာ နေဇင်လတ်

www.burmeseclassic.com

www.burmeseclassic.com

ဘက် မကြည့်တော့ဘဲ ရှက်ရွံ့တိုးတိတ်စွာဖြင့်……။

"နော်…. ကိုပေါ့…."

နှစ်ဦးသားကြား တစ်ဦးရင်ခုန်သံ တစ်ဦးကြားရလောက်အောင် ပင် တိတ်ဆိတ်ခြင်းက အတိုင်းအဆမရှိ ကြီးစိုးသွား၏။ အခြေအနေ အရ လိုအပ်နေသည့် အခွင့်အရေး တစ်ခုကို မထင်မှတ်ဘဲ ရလိုက်သဖြင့် နေဇင်လတ် ကိုယ့်စိတ်ကိုကိုယ် အပြန်အလှန် စဉ်းစားဆုံးဖြတ်ရ၏။

တကယ်တော့ သူလိုချင်သည်မှာ အနိုင်၊ ဘယ်တော့မှ သူ မြန်ပြီးမရှုံး တော့မည့် အနိုင်ပွဲမျိုး။ ဒါကိုရဖို့ ရှိသမျှ သူ ပုံအောခဲ့ပြီးပြီပဲ၊ နောက်ထပ် ကြေမွနေသည့် နှလုံးသားတစ်ခုကို ထပ်ပြီး မပုံအောသင့်ဖူးလား။

ပြီးတော့ ကြိမ်ဖန်များစွာ နားယဉ်နေပြီးသား သီချင်းတစ်ပိုင်းတစ်စ…. တွံတေးစိုးအောင် ဆိုခဲ့သည့် "..နောက်တော့ ချစ်သွားမှာပါကွယ်.." ဆိုသည့် စာသားလေး။

နှစ်ဦးသား တိတ်ဆိတ်စွာ လျှောက်နေရာမှ လမ်းကွေ့ချိုးတွင် သူ ရုတ်တရက်ခေတ္တရပ်လိုက်ပြီး ဘေးနားက ခြံစည်းရိုးခတ် စိုက်ထားသည့် ဇီဇဝါပန်းခြုံမှ ပွင့်တာစ ဇီဇဝါပန်း ဖြူဖြူဖွေးဖွေးလေးကို ချိုးလိုက်၏။

နေဇင်လတ် ရပ်လိုက်သဖြင့် နော်နော်စိုးလည်း ယောင်ပြီး ခေတ္တရပ်လိုက်မိ ၏။

လက်ထဲရောက်နေသည့် ဇီဇဝါပန်းလေးကို နော်နော်စိုး လက်ထဲသို့ ထိုးပေးရင်း လက်ဝါးဖြင့် သူမလက်ကိုပါ ဆုပ်ကိုင်ကာ

"မနော် ဒါ ကျွန်တော့်ဘဝမှာ ပထမဆုံး မိန်းကလေး တစ်ယောက်ကို ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် တခြားသောလှုံ့ဆော်မှု မပါဘဲ ရည်းစားစကား ပြောခြင်းပါ၊ ကျွန်တော့်ရဲ့ ချစ်ခြင်းဟာ ဒီပန်းပွင့်လေး



တစ်ပွင့်လိုပါပဲ၊ မိန်းကလေးတွေရဲ့ နမ်းရှိုက်ရှုံသက်သက်ပဲ တန်ဘိုးထား ခံရတဲ့ အနေအထားတစ်ခုပါ၊ တော်ဝင်ဆံထုံးမှာ ဘယ်သူမှ ထိုးစိုက်ဖို့ စိတ်တောင် မကူးခဲ့ကြပါဘူး၊ ကျွန်တော့်ကို ကေသီရှို့ ချစ်ခဲ့တယ်ဆိုတာ လဲ… ဒီပန်းကို နမ်းရှိုက်ရှုံသက်သက်ဆိုသလို အသုံးချဖို့ သက်သက်လောက် ပါပဲ၊ ……တကယ်တော့ မနော်ကို ကျွန်တော် တွေ့တာ မကြာသေးပေမယ့် …ညနေတလို တခြားသူ ဇော်ကားလာခဲ့ရင်… မခံနိုင်လောက်အောင် ပေါက်ကွဲနေမိခဲ့တယ် ..အဲဒါ မနော်ကို ကျွန်တော်.. ချစ်လို့ပဲ ထင်တယ်၊ ခုချိန်မှာ ကျွန်တော့်ကို……..မနော် တစ်မျိုးတွေးရင် တွေးနေလိမ့်မယ်၊ ကေသီ့ချိုကို… ရှုံပြီး တွဲပြီးဖို့ ဆိုတဲ့ ယုတ်ညံ့တဲ့ စိတ်ကူးမျိုး ကျွန်တော့်မှာ မရှိဘူး၊ မနော်ဆီက အဖြေကို ကျွန်တော် ခု… မတောင်းသေးဘူး၊ စာမေးပွဲ နောက်ဆုံးနေ့ကျမှ တောင်းမယ်၊ ပြီးတော့ …ကျွန်တော် စိတ်ကူးယဉ်ခဲ့လို့ ရလာခဲ့လျှင်…. နောက်နေ့မှာပဲ လက်မှတ်ထိုးမယ်၊ ကျွန်တော် ……တခြားသော အကြောင်းအမျိုးမျိုးကြောင့် နော်ကို လက်လွှတ်မခံနိုင်ဘူး"

နော်နော်စိုး စိတ်ထဲ ဒါအိပ်မက်လားဟု ယုံမှားခြင်းက တစ်စစ ကြီးစိုးလာလာသော်လည်း နောက်တော့ သူ့အပေါ် တွယ်တာခြင်း အပြည့်ဖြင့် ဝံ့ဝံ့စားစားကြည့်၍ ခေါင်းကိုငုံ့လိုက်၏။

သူမစိတ်ထဲမှာတော့ ဒီအချိန်မှာ အချစ်ကလွဲ၍ ဘာကိုမှ တွေးပြီး စိစားလို့မရပေတော့။

♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

**အိမ်ကို** ပြန်ရောက်သည်အထိ ကေသီချိုတစ်ယောက် ကိုယ့်စိတ်ကိုယ် ထိန်းချုပ်လို့မရဘဲ တစ်ယောက်တည်း ဒေါသထွက်နေ၏။ ဘာကို သွားပြီး အပြစ်တင်လို့ တင်ရမှန်းမသိ။

လှက်ဖက်ရည်ဆိုင် မှာ ဝင်ထိုင်ကြရင်း စိုးစိုးမြတ် ပြောလိုက်သည့် "ဘာလဲ လွှတ်တဲ့ငါးက ကြီးနေပြီလား" ဟူသည့်စကားက သူ့စိတ်ကို ဆတ်ဆတ်ထိ နာခံခက်စေလျက်။

စာစုကျက်သည့်နေရာက ပြန်လာပြီးထဲက အခန်းထဲမှ မထွက်ဘဲ အိပ်နေသည့် သမီးဖြစ်သူကို ဒေါ်မြင့်မြင့် အခန်းတံခါး တွန်းဖွင့်ရင်း....

"ဟဲ့ သမီး နေမကောင်းဘူးလား၊ နေ့လည်ကတည်းက မောင်စိုးထိုက်အောင် ဖုန်းဆက်သေးတယ်၊ သမီးပြန်ရောက်ရင်လောင်း ပြန်ဆက်မယ်တဲ့၊ သမီးတို့ ဘာဖြစ်နေလဲ"

မွေ့ယာပေါ် မှောက်၍ စိတ်အလိုမကျ ဖြစ်နေသော ကေသီချိုမှာ စိုးထိုက်အောင်ဆိုသည့် စကားကြောင့် အရင်ကလို ဝမ်းမသာနိုင်ဘဲ စိတ်ညစ်ညူးသွား၏။

ခုချိန်မှာ ဘယ်သူနဲ့မှ စကားကို မပြောချင်။ စိတ်ပျက်လက်ပျက် မွေ့ယာပေါ်မှ လူးလဲထ ထိုင်လိုက်ရင်း...၊

"ဘာမှမဖြစ်ပါဘူး မာမီရာ၊ အလကား ပြဿနာရှာနေတာ၊ သူ့ဖုန်းလာလဲ အိပ်နေပြီလို့သာ ပြောလိုက်တော့၊ ဟိုမှာလဲ တွက်ရချက်ရ ပြန်လာတော့လဲ နေပူထဲမှာဆိုတော့ ခေါင်းက ငြီးစီစီဖြစ်နေလို့"

ဒေါ်မြင့်မြင့်မှာ မနက်ဖြန်နေ့လည် အသီအိမ်တစ်အိမ်မှာ သူမတို့လို သဆော်သားကတော်များ၊ အရာရှိကတော်များ စုပြီး ဖဲရိုက်ဖို့ ချိန်းထားသည့်ကိစ္စပဲ ခေါင်းထဲမှာ ရှိသည်မို့ ကိုယ့်သမီး ဘာဖြစ်နေသလဲ ဆိုတာကို သိပ်ပြီး စိတ်ဝင်တစား မရှိဘဲ—

"ဘာမှ မဖြစ်ရင် ပြီးတာပဲ၊ သမီး သိပ်ဝင်ပန်းနေရင် မနက် မသွားဘဲ နေလိုက်လေ၊ ဒီစာမေးပွဲ မအောင်လဲ ဘာမှမဖြစ်ပါဘူး သမီးရယ်၊ ကိုယ့်မှာ ရုပ်ရှိတာပဲ၊ ကိုယ့်စိတ်ကြိုက် ဘဝအာမခံချက် ပေးနိုင်တဲ့လူလဲ ရှိနေပြီပဲဥစ္စာ၊ ဒီလောက်ကြီး အပင်ပန်း ခံစမ်းဝါနဲ့ ခဏနားပြီး ရေမိုးချိုးလိုက်ဦး"

မိခင်ဖြစ်သူ၏ ရုပ်ဝတ္ထုဆန်သော ဒဿနများကြောင့် ကေသီချို ပို၍ စိတ်ရှုပ်သွား၏။

မိခင်ဖြစ်သူ ဘာပြောပြော သူမ စိတ်ထဲမှာတော့ သူမမှတ်ဝန်းကျင်က လူတွေက သူမထက် တစ်ဦးတစ်ယောက်ကို ပို၍ဦး စားပေးတာကို မလိုချင်၊ တရားသည် မတရားသည် သူမ မသိ။

ပစ္စည်း တစ်ခုကို သူမ မလိုချင်၍ လွှင့်ပစ်လျှင် လျှင်ပစ်သည်၊ ဒါပေမယ့် ဘယ်သူမှ ကောက်ခွင့်မရှိ၊ နေမင်းလောင်သည်

www.burmeseclassic.com



သူမစွန့်ပစ်ခဲ့သော သက်ရှိ ပစ္စည်းတစ်ခု၊ ဘယ်သူ့ကိုမှ ကောက်ခွင့်မပေးနိုင်သလို နေဇင်လတ်ကလဲ သူမအပြင် မည်သူတစ်ဦးတစ်ယောက်ကိုမှ ဂရုစိုက်နေစရာ မလို။

တကယ်တော့ ကောသိချို ဆိုတာ အချစ်ကို ပဒေသရာဇ်လို ကျင့်သုံးနေ ချင်တာ "နေ ဆို နေ သေဆို သေပေါ့"...။

♣ ♣ ♣ ♣

"မနေ့ညက မင်းအိမ်ကို ငါလာသေးတယ်၊ ဦးလေးရဲ့ အခေါ်က မင်း လစ်တ သွားယူတယ်ဆိုလို့ ငါ မစောင့်တော့တာ"

"အေးကွာ ငါညက တော်တော် နောက်ကျသွားတယ်၊ လမ်းကြုံတာနဲ့ မင်းမင်းထွန်းအိမ်ကို ဝင်ခေါ်ပြီး လက်ဖက်ရည်ဆိုင် ထိုင်နေတာနဲ့ မိုးချုပ်သွားတာ"

"ဟာ ဒီလိုမှန်းသိရင် ငါ လိုက်လာပါတယ်ကွာ၊ ဒါနဲ့ မင်း စာမေးပွဲဖြေဖို့ အဆင်သင့် ဖြစ်နေပြီလား"

"မြင့်ဆွေကလဲ ငါ့ကို အထင်သေးလိုက်တာ၊ တစ်နှစ်လုံး ရုံးမှာ လက်တွေ့လုပ်နေရ၊ ကျောင်းမှာ သီအိုရီ သင်ရနဲ့ ဥစ္စာ ငါ့အတွက် ဘာ အခက်ခဲရှိစရာ မရှိမှာလဲ"

"သိပါတယ် နေဇင်လတ်ရာ ငါက စကားအဖြစ် မေးတာပါ၊ မင်းစာရလို့ မင်းအိမ်မှာတောင် ကောသိချိုတို့အုပ်စုကို စာသင်ပေးနေတယ် ကြားပါတယ်"

ဒီကောင် မြင့်ဆွေ ဘယ်က ကြားလာပါလိမ့်ဟု နေဇင်လတ် စိတ်ထဲတွေးမိ၏။



"မင်းကို ဘယ်သူ ပြောတာလဲ!"

"ကိုမိုးထိုက်အောင်"

"ဟင်!.. မင်းနဲ့ ဘယ်တုန်းက တွေ့တာလဲ"

အံ့ဩတကြီး ပုံစံဖြင့် မေးနေသော နေဇင်လတ် ပုံစံကိုကြည့်ပြီး မြင့်ဆွေ ကြိတ်ပြုံးလိုက်သည်။ ဒီကောင် စိတ်ထဲ ဘာတွေးနေမလဲဆိုတာ သူ မှန်းလို့ရနေပြီဟု မြင့်ဆွေ ထင်လိုက်၏။

"ဘာမှ မစိုးရိမ်ပါနဲ့ကွာ၊ မင်း ပြောထားသလိုပဲ ပြောလိုက်ပါတယ်၊ ဒါနဲ့ ဘယ်လိုဖြစ်ပြီး ကောသိချိုတို့က မင်းအိမ်မှ စာလာသင်ကြတာလဲ၊ ငါ့ကို နားလည်အောင်လဲ ရှင်းစမ်းပါဦး"

နေဇင်လတ် အိမ်ထဲသို့ တစ်ချက်လှည့်ကြည့်ပြီး

"လာကွာ လက်ဖက်ရည်ဆိုင်ကျမှ မင်းကို အေးအေး ဆေးဆေး ရှင်းပြမယ်၊ အိမ်က ဘာမှသိတာ မဟုတ်ဘူး"

ပြောကာ မြင့်ဆွေကို လမ်းထိပ် လက်ဖက်ရည်ဆိုင်ဆီသို့ နေဇင်လတ် ခေါ်ချလာ၏။

လက်ဖက်ရည်ဆိုင်ရောက်တော့...

"ဒီလိုကွ မြင့်ဆွေရ၊ စာမေးပွဲဖြေဖို့ နီးလာတော့ သူတို့ တစ်အုပ်စုလုံးက အရင်နှစ် ပါတ်ဝမ်း ဖြေတုန်းကလိုပဲ ငါ့အိမ်မှာ စာစုကျက်ကြ တွက်ကြမယ်လို့ ငါ့ကို လာပြောတယ်၊ ပြီးတော့ သူတို့ မသိတာတွေလဲ မေးချင်တယ်လို့၊ သူတို့ မမီလိုက်တဲ့ စာတွေလဲ ကူးကြမယ်ပေါ့၊ ငါကလဲ ငါ့ရုံးက ဘီစီ(ဌာနခွဲစာရေး) သူငယ်ချင်း တစ်ယောက်ကို စာသင်ပေးဖို့ လက်ခံထားတော့ မထူးပါဘူးဆိုပြီး အိမ်မှာပဲ စုကျက်ဖြစ်တာပါ"

"မင်းကလဲ ငါ့ကိုတောင် မခေါ်ဘူး၊ ဘာလဲ ဒိုင်လျှိုတာလား"

မြင့်ဆွေ၏ ခပ်ထေ့ထေ့ စကားကို နေဇင်လတ် ပြုံးပြုံး ပြုံး၍

www.burmeseclassic.com

www.burmeseclassic.com



"မလျှိုပါဘူးကွာ၊ မိန်းကလေး တစ်အုပ်ကြီးနဲ့ ငါ တစ်ယောက်တည်း ဖြစ်နေတာ၊ မင်းကို ပိုတောင် ရှိနေစေချင်သေးတယ်...။ ခုဟာက မင်းရှိနေရင် သူတို့ ပိုပြီး အနေကြပ်မှာ စိုးလို့ပါ၊ ထားပါတော့၊ ဒါနဲ့ စိုးထိုက်အောင်က မင်းဆီကို ဘာလာပြောတာလဲ၊ ဒီစာစုကျက်တဲ့ ကိစ္စတစ်ခုပဲလား"

မြင့်ဆွေ စိတ်ထဲ နေဇင်လတ်ကို တွေ့လျှင် အသေအချာ မေးမည်ဟု ပိုင်းဖြတ်ထားသည်မို့ နေဇင်လတ် မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး ...

"နေဇင်လတ် မင်းနဲ့ငါ ခုမှတွဲတဲ့ လူတွေ မဟုတ်ဘူးနော်၊ ဟို.. အထက်တန်း ကျောင်းသားဘဝကတည်းက သိလာခဲ့တဲ့လူတွေနော်၊ မင်းစရိုက် အားလုံး ငါသိတယ်၊ ခုလဲ မင်း ဘာတွေ ဖွင့်ဆင်နေတာလဲ ငါ့စိတ်ထဲ မင်း.. ငါတို့အပေါ် မရိုးသားဘူးလို့ ငါထင်တယ်"

မြသဿနာတစ်ခုက မပြီးခင် နောက်တစ်ခု တက်လာပြန်ပြီဟု နေဇင်လတ် မသက်မသာ တွေးလိုက်သည်။

ကြာရှည်တော့ ဖုံးထားလို့ ရမည်လို့ သူမထင်။ ပြောသင့် မပြောသင့် ချင့်ချိန်ကြည့်၏။သက်ပြင်းကို လေးလံစွာ ချလိုက်၏။

"မင်းကလဲကွာ ငါ မင်းတို့အပေါ် ဘာမှ ဖုံးကွယ်ထားတာ မရှိပါဘူး၊ အဲ တစ်ခုတော့ ရှိတယ်၊ ပြောသင့်တဲ့အချိန် မရောက်သေးလို့ မပြောသေးတာပဲ ရှိတယ်"

"နေဇင်လတ်.. မင်းစကားတတ်တိုင်း တွေ့ပတ်ပြီး ပြောမနေနဲ့၊ ငါကတော့ ခပ်ရှင်းရှင်းပဲ၊ မင်း ..ငါတို့ကို အသုံးချနေတာယ် မဟုတ်လား၊ အဲဒါ မင်း...ငြင်းမလား"

ဒေါသသံ ပါနေသော မြင့်ဆွေကို သူ ပြိုင်ငြင်းရန် မဖြစ်နိုင်သေး။ ဒီကောင်ကို နည်းနည်းတော့ ပြန်ချော့မှ ဖြစ်မည်ဟု နေဇင်လတ် ခိုးစားလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ မြင့်ဆွေရာ၊ ဟိုကောင် စိုးထိုက်အောင် မင်းကို ဘာကြပ်သွားလို့ ငါ့ကို ရန်သူလို့ မြင်နေတာလဲ"

"ဟိုကောင် ဘာမှ မကြပ်သွားဘူး၊ ငါမေးတာပဲ အရင်ဖြေစမ်းပါ"

"အင်းလေ ..မင်း ငါ့အပေါ် စိတ်ဆိုးမယ်ဆိုလဲ ဆိုးစရာပဲလေ၊ ဒါပေမယ့် မြင့်ဆွေ ငါ မင်းတို့ကွယ်ရာမှာ မင်းတို့မျက်နှာပျက်ရမယ့် ကိစ္စ တစ်ခုမှ မလုပ်ခဲ့သေးဘူး၊ အချိန် နည်းနည်းလေးတော့ ငါ့ကို စောင့်ပေးဝါ၊ အဲဒီအခါကျရင် ပထမဆုံး မင်းကို ငါ လာရှင်းပြပါ့မယ်၊ ခုချိန်တော့ ငါရင်ထဲဘာဖြစ်နေတယ်ဆိုတာကို မပြောနိုင်တာ တော့ ငါ့ကို ခွင့်လွှတ်ကွာ"

"ထားပါတော့လေ၊ငါတစ်ခုတော့ သတိပေးချင်တယ်၊ ကိုယ်ကိုကိုယ် ယုံကြည်မှုလွန်ကဲရင် မင်းတစ်နေ့ဒုက္ခတွေ့လိမ့်မယ်"

မြင့်ဆွေ စကားကို ခဏရပ်ပြီး နေဇင်လတ်ကို ကြည့်လိုက်၏။ ပြီးမှ

"အေး ပြီးခဲ့တဲ့ အပတ်က ငါ့ဆီကို စိုးထိုက်အောင် လာတွေ့တယ်၊ကိစ္စကတော့တခြားမဟုတ်ဘူး၊ မင်းထင်ထားတဲ့အတိုင်းပဲ၊ ငါလဲ မင်းနဲ့ ပတ်သက်ပြီး အကောင်းတစ်ခုမှ မပြောလိုက်ဘူး၊ ပြီးတော့ သူက ငါ့ကို ကေသီချိုကို စောင့်ကြည့်ပေးဖို့ အကူအညီတောင်းတယ်"

"မင်း ဘယ်လိုအဖြေပေးလိုက်သလဲ"

မျှော်လင့်တကြီး ကြည့်နေသော နေဇင်လတ် မျက်နှာကို မြင့်ဆွေ ကြည့်ပြီး...

"မင်းပြောထားတဲ့အတိုင်း ကူညီမယ်လို့ပဲ ပြောလိုက်တယ်၊ ဒါနဲ့ နေအုံး နေဇင်လတ် ငါတစ်ခု သတိထားမိတာ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆွေ၏ ထူးထူးဆန်းဆန်း စကားကြောင့် နေဇင်လတ် စိတ်ထဲ ထင့်သွား၏။

"ဘာကိုလဲ"

"မင်းနဲ့ ..ကေသီချို ရည်းစားဖြစ်ခဲ့တယ် ဆိုတာကို စိုးထိုက်အောင် သိပုံမရဘူး"

"ဘာ!"

"ဟုတ်တယ် နေဇင်လတ်၊ မင်းကို သူများရည်းစား အချောင်ဝင်နှိုက်တဲ့ ပုံစံမျိုးနဲ့ ပြောတာ"

ခံပြင်းသော စိတ်တို့ကြောင့် ခန္ဓာကိုယ် တစ်ခုလုံး နွယ်ယှက်ထားသည့် သွေးကြောများအားလုံး ပူပြင်းသော အက်ဆစ်တို့ဖြင့် လှည့်ပတ်နေကြသလို ..။

"တောက်!"

ရုတ်တရက် စိတ်ထိန်းမရ၍ တောက်ခေါက်သံ ထွက်ပြီးနောက်သကို သိမ်းဆည်းထားမှ နေဇင်လတ် သတိရလိုက်၏။

သူ့ရင်ထဲမှာ ဘာဖြစ်နေသလဲဆိုတာ ခုချိန်မှာ ဘယ်သူ့ကိုမှ ပေးမသိချင်။ မိန်းမတစ်ယောက်ကို ချစ်ခဲ့မိခြင်း နောက်မှာ သူ ရခဲ့သည်က ဘယ်လိုမှ ထင်မှတ်မထားသည့် သိက္ခာတွေ ကိုယ်ကျင့်တရားတွေ အလဲလဲ အပြိုပြို ကျဆုံးမှုတွေ။

ငြိမ်ကျသွားသည့် နေဇင်လတ် ပုံစံကို ကြည့်ပြီး မြင့်ဆွေ စိတ်မကောင်းဖြစ်သွားသည်။

မြင့်ဆွေ စိတ်ထဲ ငါ ဘာလုပ်ပေးနိုင်မလဲ ဆိုတာကိုသာ တွေးမိရင်း ...စကားကိုဆက်၏။

"..ငါ့ကို မင်းနဲ့ကေသီရဲ့ မင်းအိမ်မှာ ဘာလုပ်နေကြသလဲ ဘာဖြစ်နေကြသလဲဆိုတာ သူ့ကို ထူးရင် လာပြောပေးပါလို့ အကူအညီ



တောင်းထားတယ်၊ ငါ ဘယ်လိုပြောလိုက်ရမလဲ နေဇင်လတ်"

"ကျေးဇူးပဲ သူငယ်ချင်း၊ လောလောဆယ်တော့ ပထမပြောထားတဲ့အတိုင်း မင်းနဲ့တွေ့ရင် ငါဟာ မိန်းကလေးတွေအတွက် စိတ်မချရတဲ့ လူတစ်ယောက်အဖြစ် မြင်နေအောင် ပြောထားလိုက်ဦး၊ စာမေးပွဲမပြေခင် တစ်ရက်တော့ မင်းဆီကို ငါ ဖုန်းဆက်လိုက်မယ်၊ အဲဒီနေ့ကျရင်သာ မင်း အဲဒီ ကိုစိုးထိုက်အောင် ဆိုတဲ့လူဆီကိုသာ ငါ ပြောချင်တဲ့ စကားကို ရောက်အောင် ပို့ပေးပါ"

"ဘာစကားလဲဆိုတာ ငါ ကြိုမသိရဘူးလား နေဇင်လတ်"

"မသိချင်ပါနဲ့ မြင့်ဆွေရာ၊ အချိန်တန်ရင် ငါ ပြောပြပါမယ်လို့ မင်းကို ကတိပေးထားတာပဲ"

နားလည်ရခက်လှန်းသော နေဇင်လတ်စိတ်ကို မြင့်ဆွေ ထပ်ပြီးလဲ အဖြေရဖို့ မကြိုးစားချင်တော့။

ဒီကောင် ဘာလုပ်နေပြီ ဆိုတာကို တော့ သူ နည်းနည်းတော့ ရိပ်မိချင်သလို။ ဒီလို မသိလိုက် မသိဘာသာနေတာပဲ ကောင်း

မြင့်ဆွေ နောက်ဆုံးတော့ မှတ်ချက်ချလိုက်ရတော့၏။

.................................

ပန်းဆီရောင် နေမင်းသည် နတော့ အနောက်ဘက်ရှိ ကုက္ကိုပင် ပင်စည်နှင့် ကွယ်၍ တစ်နေ့တာ သူ့လုပ်ခဲ့သမျှကို

နေလေပြီ။

နေ့ရာသီနှင့် တူတာဆို၍ ပူပြင်းမှုနှင့် အထီးကျန်မှုတို့တာသာ ငှင်းတို့နှစ်ဦး ထိုင်နေသော လှိုင်မင်း လက်ဖက်ရည်ဆိုင်လေး တစ်ဝိုက်ကို လွှမ်းခြုံနေ၏။

နေဇင်လတ်ရော မြင့်ဆွေပါ တစ်ယောက်ကို တစ်ယောက် နားလည်ရခက်သော အကြည့်များဖြင့် ကြည့်လိုက်ပြီး မယောက်မသာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ကြသည်။

တကယ်တော့ အချစ်ဆိုတာ ဘယ်လိုပဲဖြစ် ဖြစ် သားထွက်ဆိုးကျိုး သိပီများသည့် အားဆေးတစ်ခုဖြစ်မှန်း နေဇင်လတ် မသိခဲ့ရိုးပါလားဟု မြင့်ဆွေ တွေးမိလိုက်လေသည်။

♣ ♣ ♣ ♣



ချစ်ခြင်းရဲ့ အခြားတစ်ဖက်မှာ အမုန်းရှိတယ်ဆိုတာ ခုမှ စချစ်တတ်စ သူတိုင်း သိကြပါတယ်၊ အဲဒီမှာတော်တော်များများ မေ့နေတာတစ်ခု ရှိတယ်၊ အဲဒါ ဘာလဲသိလား၊နည်းနည်း လောက် စဉ်းစားကြည့်လိုက်စမ်းပါ။

ဥပမာ-လူတွေ အရက်ကို သောက်တာ ချိုလို့ သောက်တာလား၊ ခါးလို့ သောက်တာလား၊ ဘာလို့ ချိုးတဲ့ အရသာရှိတဲ့ အရည်ကို မက်မက် စက်စက် သောက်နေကြတာလဲ ပြောချင်တာ အဲဒါပါပဲ။

"......အချစ်ဆိုတာ နာကြည်းခြင်း တွေ ......မပါခဲ့ရင်...ဘယ်လိုမှ...သေသည့်တိုင် မရှင်သန်နိုင်ပါဘူး......"

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

နံရံမှာ ထောင်ထားသည့် ဂစ်တာကို ယူလိုက်ရင်း လျှော့ထားသည့် ကြိုးများကို ပြန်တင်းကာ အသံညှိ၍ စမ်းနေလိုက်၏။ ခန်းဆီးနံရံမှာ ကပ်ထားသည့် နာရီကို ကြည့်တော့ မနက် ဆယ့်တစ်နာရီ ထိုးတော့မည်။

ချိတ်မှာ ချိတ်ထားသည့် ငါးဓာကို လာဟပ်မည့် ငါးတစ်ကောင်ကို ဆွဲဆောင်ဖို့ ဒီနေ့ သူ ဘာဆက်လုပ်ရမည်လဲ ဆိုတာကို နေဇင်လတ် စဉ်းစားပြီးဖြစ်သည်။

ဂစ်တာကို ကောက်ဆွဲပြီး ခြံဝိုင်းထဲရှိ ယခင်က ကေသီချိုနှင့်အတူ ထိုင်ကာ ဂစ်တာတီးပြနေကျ သရက်ပင်အောက် ခုံတန်းသို့ လျှောက်လာပြီး လာထိုင်နေလိုက်၏။

သဏ္ဌာန်လုပ် သရုပ်တူရမည် ဆိုတာထက် သူ့ရင်ထဲမှ သောက က သူ့စိတ်ကို လောင်မြိုက်နေစေပြီးမို့ ဘာမှထူးပြီး သရုပ်ဆောင်နေဖို့ မလိုတော့။





လက်ခတ်သံကြောင့် သံစဉ် တို့ ဂစ်တာအိမ်ထဲမှ ရုန်းထွက်လာစဉ် သူ့နှုတ်မှလည်း သီချင်းစာသား တွေက အလိုအလျောက် ထွက်ကျလာ၏။ နေကန်ခင်းမို့ ကျေးငှက်သံ တို့မှအစ အရာရာသည် ဆိတ်ငြိမ်နေလျှက်။

.................................................

*"မပြတ်သေးဘူး... ဒီရေစီးကြောင်း အတွက်မဲ့ ပြတ်မလား၊ ဒီလို သံယောဇဉ်တွေ နှစ်ကိုယ်တူစေး နှစ်ဖတ်သော အသိုင်းအဝိုင်းကြား တားလို့ ဖျက်မလား ဒီလိုသံယောဇဉ်တွေ မပြတ်နဲ့ ချစ်သူတွေ"*

.................................................

သီချင်းကို စိတ်ပါဝင်စားစွာ နေဇင်လတ် သီဆိုနေဆဲ ခုံဘေးသို့ တစ်စုံတစ်ယောက် ဝင်ထိုင်လိုက်သလို ခံစားလိုက်ရသဖြင့် နေဇင်လတ် သီချင်းရပ်လိုက်ပြီး ဘေးသို့ လှည့်ကြည့်လိုက်၏။

"ဪ ..နော်ပါလား၊ ဒီနေ့ စောသားပဲ"

နော်နော်စိုးမှာ သူ့ကို ရယ်ပြလိုက်ပြီး

"ကိုနေ ဆက်ဆိုလေ နားထောင်လို့ ကောင်းသားဝဲ၊ သီချင်းဆိုတာ ပျက်သွားမှာစိုးလို့ အသံမပေးပဲ ဝင်လာတာ"

နေဇင်လတ် စိတ်ထဲ တစ်မျိုး ဖြစ်သွားသည်။ တစ်တယ်တော့ သူ မျှော်လင့်နေတာက တစ်ယောက်၊ ရောက်လာတာက တစ်ယောက်။ ဘာကိုဆက်လုပ်လို့ လုပ်ရမှန်းလဲမသိ။

တောင်ရုံတန်ရုံနှင့်မဆိုင်သည့်သူတစ်ယောက်ကို သူ့ကိစ္စမှာ အသုံးမချချင်။ မတတ်နိုင်ဘူးလေ သူ့အတွက် အချိန်က ကပ်နေပြီ။ ချက်ကောင်း ပစ်နိုင်ဖို့က ခုချိန်မှာ အဓိကဖြစ်နေ တာ။

မိန်းမတွေမှာ ရှိတတ်သည့် တစ်ယောက်နဲ့ တစ်ယောက် ပြိုင်ဘက် လို့ မြင်နေသည့်စိတ်ကိုပဲ အသုံးချရတော့မှာပဲလို့ စိတ်က



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်လိုက် ၏။ ဖြစ်လာသမျှ နောက်မှတော့သာ ကြည့်ရှင်းတော့မည်။

"နော်. ဝါသနာပါလို့လား၊ ဟိုဟာလေ သီချင်းဆိုတာတို့ ဂစ်တာတီးတာတို့"

နော်နော်စိုးမှာ နေဇင်လတ် စကားကြောင့် ပွင့်ပွင့်လင်းလင်းပင်

"ကိုနေကလဲ နော်က ခရစ်ယာန်ဆိုတာ မေ့နေပြီနဲ့တူတယ်၊ နော်တို့ ချပ်တက်ရင် ဟိုမှာ ဓမ္မသီချင်းတွေ အမြဲဆိုနေ တီးနေကျပဲဥစ္စာ၊ နည်းနည်းပါးပါးတော့ ရတာပေါ့"

နေဇင်လတ် စိတ်ထဲ မကောင်းသိသည့်စိတ်က ဝင်လာ၏။ အခြေအနေက မဆိုး၊ ကံကြမ္မာက မကောင်းမှုကို ပိုပြီး၍များ အားပေး အားမြှောက်ပြုနေသလား မသိ။

"ဟာ ဒါဆို ကောင်းတာပေါ့၊ ကျွန်တော်လဲ တစ်ခါတလေ သိပ် စိတ်ညစ်ညူးလာရင် ခုလိုပဲ ဂစ်တာတီးလိုက်ရင် စိတ်တော်တော် လျော့သွားတယ်"

နေဇင်လတ်စကားကို နော်နော်စိုး ခေါင်းတညိတ်ညိတ် လုပ်၍ ထောက်ခံလိုက်ရင်း

"ဟုတ်တယ်နော် ဂီတက လူ့စိတ်ကို နူးညံ့စေတယ်၊ နော်က အိမ်မှာ ဂီတာ မရှိတော့ သီချင်းပဲ ညည်းမိတယ်၊ အဲဒီလို ညည်းမိတာ တောင် တော်တော် စိတ်က ပေါ့သွားတာတော့ အမှန်ပဲ"

သူ ဆင်ထားသည့် ပွင်ထဲ ဝင်လာပြီမို့ နေဇင်လတ်မှာ သွက်သွက်လက်လက်ဖြင့်

"ဒီလိုဆို အတော်ပဲ၊ ကျွန်တော်က တီးနေရင် အဆိုက သိပ်မသန်ဘူး၊ အချိန်လဲ အားဆေးတာပဲ ဘယ်သူမှ လာသေးတာ မဟုတ်ဘူး၊ ကျွန်တော်က တီးမယ် မနော်က ဆို၊ ဘယ်လိုလဲ ဖြစ်လား"

"ဟာ ကိုနေကလဲ ရှက်စရာကြီး၊ သူများတွေကြားရင် ရယ်စရာကြီး ဖြစ်နေဦးမယ်"

ထပ်ပြီး တိုက်တွန်းလိုက်လျှင် ဖြိုင်သည်ဟု နေဇင်လတ် သိလိုက်သည်မို့ . . . .

"နော် . . ကလဲ သီချင်းဆိုတာပဲ ဥစ္စာ၊ လာပါ ကဲပြော ဘာတီး ရမလဲ"

နော်နော်စိုးမှာ ခြံထဲဝင်လာကတည်းက နေဇင်လတ် လက်သံကို သဘောကျနေသလို ခုလို နေဇင်လတ်ရှေ့မှာ ကိုယ်ရည်ကိုယ်သွေး ပြရမည်ဆိုတော့ ထပ်မငြင်းတော့ဘဲ . . . . .

"ကိုနေ ကြိုက်တာ တီးပါ နော် တော်တော်များများ ရပါ တယ်"

"ဒါဆို ဇော်ဝင်းထွဋ်ရဲ့ "အချစ်များ သူ့ဆီမှာ" ဆိုလို့ ဖြစ်မလား"

"ကိုနေ သဘောပဲလေ၊ ဒါပေမယ့် ယောက်ျားလေးသီချင်း ဆိုတော့ အသံတော့ နည်းနည်းကွာမှာမို့ ကီးတော့ ချိန်းပေးနော်"

နေဇင်လတ် စိတ်ထဲ ဒီအချိန်အတောအတွင်း ကောသီချိုတို့ ရောက်လာနိုင်သည်ဟု တွေးမိရင်း ဖြစ်လာသည့် အစီအစဉ်ကို သူ ဖြန့်သဘောကျမိသည်။

ဂစ်တာကို စတင်တီးခတ်လိုက်သည်နှင့် မိန်းကလေး ဖြစ်သော်လည်း ယောက်ျားလေး အသံကဲ့သို့ မာသော အသံဖြင့် ဆိုလိုက်သော နော်နော်စိုး၏ အသံကြောင့် နေဇင်လတ် ရုတ်တရက် မှင်တက် သလို ဖြစ်သွားပြီးမှ အတော်လေး သဘောတကျ ဖြစ်သွားသည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

*" . . သူ့ . . . . . စကားလေးများ ကြမ်းတဲ့အခါ ကိုယ့် . . . . အသည်းလေး လည်း . . . . ဝမ်းနည်းသွားပါရဲ့ . . . "*

www.burmeseclassic.com

ဂစ်တာသံကို ခပ်စိပ်စိပ်ဖြင့် နော်နော်စိုး အသံကို ပိုမို ပံ့ပိုးပေးနိုင်ရန် နေဇင်လတ် ကြိုးပမ်းလိုက်၏။ ခုချိန်မှာတော့ နေဇင်လတ်စိတ်ထဲမှာ စောစောက မာကျောခက်ထန်နေမှုတွေ ဘယ်ဆီကို ပြေးကပ်နေသလဲ မသိတော့။

♠ ♠ ♠ ♠



နေဇင်လတ်အိမ်သို့ လာရာလမ်းတစ်လျှောက် စကားတပြောပြောနှင့် လျှောက်လာကြသော ကေသီချိုတို့လေးယောက်မှာ နေဇင်လတ်တို့ အိမ်ဝင်းထဲဝင်ရန် ခြံတံခါးကိုဖွင့်ဖို့ ပြင်လိုက်စဉ် ခြံထဲမှ လွင့်ထွက်လာသော သီချင်းသံကြောင့် ဘယ်သူတွေများ ဆိုနေပါလိမ့်ဟု သီချင်းဆိုနေကြသည့် နေရာသို့ လှမ်းကြည့်လိုက်ကြ၏။

ခြံထဲမှာ တစ်ယောက်က ဂစ်တာတီး၍ တစ်ယောက်က သီချင်းဆိုနေကြသည့် နေဇင်လတ်နှင့် နော်နော်စိုးတို့၏ ပုံစံမှာ ရုပ်ရှင်ဇာတ်ဝင်ခန်းမှ ဇာတ်ဝင်ခန်းတစ်ခုလို။

အစိမ်းရောင် သရက်ပင် အောက်ရှိ ခုံတန်းပြာလေးပေါ်မှာ ကြည့်လို့ကောင်းနေ၏။ နော်နော်စိုးမှာ တိုင်းရင်းသားမို့ ဖြူစင်သော အသားအရည်၊ အင်္ကျီ ပန်းနုရောင်နှင့် ထင်းနေသလို နေဇင်လတ်မှာလည်း ယူကေတံဆိပ် တီရှပ်အဖြူ၊ လုံချည် အနက်စိပ်နှင့် သန့်စင် သပ်ရပ်နေ၏။

စိုးစိုးမြတ်မှာ ကေသီချိုဘက်သို့ လှည့်၍ နေဇင်လတ်တို့ ရှိရာဘက်သို့ မေးငေါ့ပြကာ…

“ဟဲ့ နင့်ကောင်က ဟုတ်နေပါလား၊ ဟိုမှာ ကြီးမွားနေလိုက်တာ ခုတော့လဲ နင် အသည်းခွဲထားတဲ့ပုံ မပေါက်ဘဲ နင်နဲ့ဖြတ်တာ ပျော်နေပုံပဲ”

စိုးစိုးမြတ် စကားကြောင့် ကေသီချိုမှာ မနာလို ဝန်တိုသည့်စိတ်ကို အနိုင်နိုင်ထိန်းရင်း မျက်နှာကို မဲ့လိုက်ပြီး…

“အလကားပါဟာ ရထားပေါ်မှာ လိုက်တောင်းစားဖို့ ကျင့်နေကြတာ”

နှမ်နှမ်ချချ ပြောလိုက်သော ကေသီချိုစကားကြောင့် စိုးစိုးမြတ်မှာ နေဇင်လတ်တို့များ ကြားသွားသလားဟု အလန့်တကြား

www.burmeseclassic.com



ကြည့်လိုက် ၏။

"ဟယ်-ကေသီ!.. သူများသားသမီးကို မဦးမချတ်ဟယ် ဟိုက ကြားသွားရင်"

ကေသီချိုမှာ ပြောကာမှ ပိုဆိုးလာသလို အသံကို ပိုကျယ်၍

"ကြားသွား ဘာဂရုစိုက်စရာ လိုသလဲ၊ ပိုတောင်ကောင်း သေး"

ပြောလေကဲလေ မန်းလေပြလေ ဆိုသလို ဖြစ်နေသဖြင့် စိုးစိုးမြတ်မှာ ဘာမှ ထပ်မပြောတော့ဘဲ စကားနည်းရန်စ် နှုတ်ပိတ်နေလိုက် ၏။

ကေသီချိုမှာ ခြံတံခါးကို အသံကျယ်ကျယ်ထွက်အောင် တွန်းဖွင့်၍ ပိတ်လိုက်ပြီး နေဖင်လတ်တို့ဘက် တစ်ချက်မှ မကြည့်ဘဲ အိမ်ပေါ်သို့ တန်းတက်သွား၏။

နောက်မှ ပါလာသည့် စိုးစိုးမြတ်တို့၊ သန္တာတို့၊ ဝင်းမော်တို့မှာ နေဖင်လတ်တို့ ဂစ်တာတီးသည့်နေရာသို့ သွားပြီး အားတောင့်အားနာ စကားမရှိ စကားရှာပြီး သွားပြောနေ၏။

အိမ်ပေါ်သို့တက်သွားသည့် ကေသီချိုမှာတော့ သူပိုင်သည့် အရုပ်ကို သူများလုယူတာ ခံရသည့် ကလေးနှယ် ဒေါသပုန်ထကြေကွဲလျက်။ သင့်သည်မသင့်သည်ကိုပင် မတွေး မိတော့ချေ။ နှုတ်မှလည်း မကျေမနပ်ဖြင့်....

"တောက်၊ ဒီဟာမကလဲ တစ်ယောက်တည်း စောစောလာပြီး မြူနေသေးတယ်၊ စာမေးပွဲ ဒီလောက်ကပ်နေတာတောင်"

♠ ♠ ♠ ♠



၁၄

ဆိုင်ရှေ့မှ ဖြတ်သွားသည့် ခပ်တောင့်တောင့် အမျိုးသမီး နှစ်ယောက်ကို အားရပါးရ လိုက်ကြည့်နေရင်း

"နေဖင်လတ် မင်း ကောင်မလေး တစ်ယောက်နဲ့ တွဲနေ တယ်ဆို"

အရင်းမရှိ အဖျားမရှိ မေးလိုက်သော မေးခွန်းကြောင့် မင်းမင်းထွန်းကို ကြည့်ပြီး နေဖင်လတ် စဉ်းစားရခက်သွား၏။ ဒီကောင် ဘယ်နေရာက ဘယ်လိုကြားလာပါလိမ့်။ ညဘက် ဒီကောင့်ဆီလာပြီး လက်ဖက်ရည်ဆိုင် လာထိုင်မိကာမှ တရားခံစစ်သလို အစစ်ခံနေရ တော့သည်။

"မင်းကို ဘယ်သူပြောလို့လဲ"

"ငါမေးတာသာ ဟုတ် မဟုတ် ဖြေစမ်းပါကွာ"

"ပြဿနာပါလား မင်းတို့ကလဲ ငါ့ကို ဖွတ်အသင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ၊ ငါနဲ့ ဘာမှမပတ်သက်ပါဘူး ရှင်းက ဘီစီ သူငယ်ချင်းပါ ဧည့်သိမ်မှာ စာမေးပွဲ ဖြေဖို့ စာလာသင်နေတာ"

"မင်း ဆင်ခြေကြီးက ရှုံးလွန်းတယ်ကွာ၊ ငါ့အသက် သုံးဆယ် ရောက်တော့မယ်နော်"

"မင်းဘာသာမင်း သုံးဆယ်မကလို့ သုံးရာပဲဖြစ်နေဖြစ်နေ မဟုတ်တာကို မဟုတ်တာလို့ပဲ ပြောရမှာပဲ၊ ဒါနဲ့ မင်းကို ဘယ်သူပြောတာလဲ"

မင်းမင်းထွန်းမှာ နေဇင်လတ် စကားကို မတုံ့ပြန်သေးဘဲ နားလည်ရခက်သည့် ပုံစံမျိုးဖြင့် ဟက်ဟက်ပက်ပက်ပြုံးလိုက်ပြီး

"ဘယ်သူလဲဆိုတာ သိရင် မင်းအံ့သြသွားလိမ့်မယ်"

"ဘာလဲ ဟိုမသာကောင် မြင့်ဆွေလား၊ ဒါမှမဟုတ် ရှုံးက ကိုလှကြည်လား"

"ဘယ်သူမှ မဟုတ်ဘူး၊ မနေ့က ငါ မြို့ထဲမှာ စာအုပ် ထွက်ဝယ်ရင်း ဝင်းမော်နဲ့တွေ့တယ်"

နေဇင်လတ် စိတ်ထဲ ဒီကောင်နဲ့ ဝင်းမော် ဘယ်လိုသိပါလိမ့်ဟု မေးမည်ပြုပြီးမှ သူ တစ်ခါက မိတ်ဆက်ပေးဖူးတာကို ပြန်သတိရသွား၏။

"မင်းကို မှတ်မိလို့လား"

"မင်းက မိန်းမတွေကို လျှော့တွက်တာကိုး၊ မိန်းမတွေက ယောကျ်ားတွေထက် မှတ်ဉာဏ် ပိုကောင်းတယ်ဆိုတာ မင်းမသိဘူးလား ဒါကြောင့် မင်းခံရတာ"

"တော်တော့ မင်းမင်းထွန်း ဒီနိုင်ငံရေးတွေ ပါမလာနဲ့၊ မှတ်မိရင် မှတ်မိတယ်ပေါ့"

"အေး ငါနဲ့ လမ်းမှာ ရပ်ပြီး စကားပြောနေရင်း ငါ့ကို သတင်းပေးသွားတာ"



"မဟုတ်ပါဘူးကွာ သူတို့ အလကား ထင်နေတာ ငါတို့က ရိုးရိုး ခင်ကြတာပါ"

နေဇင်လတ် စကားကို မယုံသလို ယုံသလိုဟန်ဖြင့် ပခုံး တစ်ချက် တွန့်လိုက်ပြီး ဆက်၍

"ရိုးလား၊ မရိုးလားဆိုတာတော့ မင်းပဲသိမှာပါ၊ တစ်ခုတော့ ငါ လိုလိုမယ်မယ် သတိတော့ ပေးထားမယ်၊ ရွှံ့တာပဲဖြစ်ဖြစ်၊ သဘောရိုးပဲဖြစ်ဖြစ် တစ်ပုဂ္ဂနှစ်ပုဂ္ဂ အဖြစ်မခံနဲ့၊ ရှုံးသွားလို့ ဘာမှမဖြစ်ဘူး ထပ်ပြီးတော့သာ မရှုံးဖို့ အရေးကြီးတယ်"

နေဇင်လတ်စိတ်ထဲမှာ ကျိတ်ပြုံးလိုက်၏။ ဝင်းမော်ဆီမှ ဒီစကား ထွက်လာပုံရလျှင် ကေသီချိုကော သူ့ကို ဒီလိုပဲ ထင်နေပြီလား၊ ဘာပဲဖြစ်ဖြစ် ငါးမျှားတံကြီးက လှုပ်တော့ လှုပ်လာပြီလို့ သူထင်လိုက်၏။

မင်းမင်းထွန်းမှာ သူပြောသမျှ အပြစ်တင်စကားများကို ဘာမှ ပြန်လှန်မပြောဘဲ စားပွဲပေါ်ရှိ ရေနွေးကြမ်း ပန်းကန်လုံးကို လှည့်ကာ ပြုံး၍ နားထောင်နေသည့် နေဇင်လတ်ကို ကြည့်ပြီး နားလည်ရခက်သွား၏။

စိတ်ထဲမှလည်း ဒီကောင် စာကြည့်တာ များသွားလို့ပဲ ဝေါက်သွားပြီ လားဟု ထင်လိုက်၏။

◆ ◆ ◆ ◆

"နင်တို့ ပြန်ရင် ပြန်နှင့်ကြ- ငါ နေဇင်လတ်ကို ဒီအခန်း ပြန်တွက်ပြနိုင်းမလို့"

ကေသီချို စကားကြောင့် သန္တာတို့ သုံးယောက်နှင့် မေ့နှာတိုး မှာ ဘာကြောင်နေတာပါလိမ့်ဟု ကေသီချိုဆီသို့ ကြည့်လိုက်ကြ၏

www.burmeseclassic.com



စိတ်ထဲမှလည်း ဒီလောက်ရှင်းနေသည့် ပုစ္ဆာများကို ခုနတော့ သူပဲ ရှုပ်ဆိုပြီးတော့ဟု မကျေမနပ် တွေးလိုက်၏။

"ဖြစ်ပါ့မလား အပြန် နင်တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

နော်နော်စိုးမှာ သူတို့ စကားထဲ ဝင်မပါဘဲ နေဇင်လတ် အနားသို့ ကပ်ပြီး လေသံတိုးတိုးဖြင့် ······

"ကိုနေ မနက်ကျရင် နော် နောက်ကျမယ် ကိစ္စရှိလို့ အဲဒါ ကြိုပြောထားတာနော်"

နေဇင်လတ် ခေါင်းညိတ်လိုက်ပြီး ကေသီချိုတို့ အုပ်စုရှိရာသို့ ကြည့်လိုက်တော့ ကေသီချိုမှတပါး ကျန်သုံးယောက်မှာ အိမ်ပေါက်ဝ ရောက်နေပြီ။

ဝင်းမော်မှာ နေဇင်လတ်ရှိရာသို့ ပြုံးစေ့စေ့ကြည့်ရင်း

"နေဇင်လတ် ငါ့သူငယ်ချင်း တစ်ယောက်ထဲ စိတ်ချလက်ချ ထားခဲ့တယ်နော်၊ ငါတို့ ဘာဘာညာညာ မကြားချင်ဘူး"

ပြောကာ ရယ်ရယ်မောမောဖြင့် အိမ်ထဲမှ ထွက်သွားကြ၏။ ကေသီချိုမှာ ပါးစပ်မှ

"သွားတာတောင် အေးအေးမသွားဘူး၊ ပါးစပ်သရမ်း သွားကြသေးတယ်"

ဟု မကျေမနပ် ပြောနေသော်လည်း ကေသီချို မျက်နှာမှာ ရှုသဘောကျသည့်ပုံစံဖြင့် ···

နေဇင်လတ်စိတ်ထဲ ခုချိန် အမေတို့ အမေတို့ နေ့စဉ်သွားရသည့် တရားရိပ်သာမှ ပြန်လာလျှင် ကောင်းမည်ဟု မတောင့်တစဖူး တောင့်တ မိ၏။

ဒီနေ့ ကေသီချို တစ်ယောက်တည်း ကျန်နေခဲ့တာ ဘယ်နည်းနဲ့မှ စာမေးဖို့ မဖြစ်နိုင်။ သူ့ကို ဘာရည်ရွယ်ချက်နဲ့



ဖြစ်စေဦးမလဲဟုသာ စိုးတထိတ်ထိတ်နှင့်။

နေဇင်လတ် ကိုယ်တိုင်လဲ ကိုယ့်ကိုကိုယ် အံ့သြ နေမိသည်။ ယခင်က ခုလိုမျိုး ကေသီချို ရှိနေဖို့ မနည်း စောင့်တလိုက်ရတာ၊ ခုတော့လည်း အရင်တုန်းကလို စိတ်က မရှိတော့။

သူ့စိတ်ထဲ ဖြစ်လာသည့် အခြေအနေပေါ် အသာစီးရဖို့သာ ထောင့်စေ့နေအောင် တွက်ချက်နေမိ၏။

"မကေသီချို ···ခဏနေဦးနော် ကျွန်တော် ဆေးလိပ်သွားဝယ် လိုက်ဦးမယ်"

နေဇင်လတ် ခေါင်းထဲမှာတော့ ဆေးလိပ်ဝယ်ရင်း အဲဒီဆိုင်မှာ ရှိသည့် ဖုန်းမှတစ်ဆင့် မြင့်ဆွေဆီကို လှမ်းဆက်ဖို့ စဉ်းစားလိုက်၏။

ပြောပြောဆိုဆို အပြင်ဘက်သို့ လှစ်ခနဲ ထွက်သွားသည့် နေဇင်လတ်ကို ကြည့်ပြီး ကေသီချိုမှာ သူမနှင့် နှစ်ယောက်တည်း နေရမှာ စိုး၍ ရှောင်သွားသည်လားဟု စိတ်ကထင်ကာ ဝမ်းနည်းစိတ်က လှိုက်ခနဲ တက်လာ၏။

စိတ်ထဲမှာ ပြန်ရကောင်းနိုး ဆက်နေရကောင်းနိုး ဝေခွဲမရ ဖြစ်နေစဉ် အတန်ကြာတော့ ···နေဇင်လတ် ပြန်ရောက်လာ၏။

နေဇင်လတ် လက်ထဲမှာ ပါလာသော သူမ အမြဲတစေ နှစ်ခြိုက်စွာ စားတတ်သည့် မက်မွန်သီးပေါင်းကို တွေ့လိုက်ရတော့ ကေသီချို နေဇင်လတ်ကို နားလည်ရခက်စွာ မော့ကြည့်လိုက်၏။

"ရှော့···ဆေးလိပ်ဝယ်ရင်း တွေ့တာနဲ့ ဝယ်လာတာ"

စိတ်က ဆုံးဖြတ်ချက် မချရသေးခင် ကြိမ်ဖန်များစွာ တွေ့ထိ ခဲ့ဖူးသည့် နေဇင်လတ်၏ လက်မှ မုန့်ကို အယောင်ယောင်အမှားမှားဖြင့် လှမ်းယူလိုက်၏။

လက်ချင်း ထိတော့လိုက်စဉ် ကေသီချို လက်ကို နေဇင်လတ်

www.burmeseclassic.com



ရုတ်တရက် ဆုပ်ကိုင်လိုက်ပြီး ဖျတ်ခနဲ ပြန်လွှတ်လိုက်သည်။

ကေသီချို စိတ်ထဲ အိပ်မက်ဟောင်းတို့က ရုန်းထလာပြီး ပျောက်ဆုံးသွားခဲ့သော မျှော်လင့်ချက်ကို ပြန်တွေ့လိုက်ရသလို ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွား၏။

နေဇင်လတ်မှာတော့ သန်ဓာတစ်ပုဒ်ကို တွက်သလို အဆင့်ဆင့်ဖြင့် ခံစားမှုအားလုံးကို မသိကျိုးကျွန်ပြုလျှက်။

"ကျွန်တော် ဘယ်ပုစ္ဆာကို ပြန်ရှင်းပြရမှာလဲ မကေသီချို"

.......................................

"ချိုတို့ စိတ်နာနေလား ကိုဇင်"

ရောက်လာဖို့ လိုသေးသည်ဟု စိတ်က ထင်ထားသည့် အခြေအနေကို ရုတ်တရက် တွေ့လိုက်ရသည်မို့ နေဇင်လတ် ဘယ်လို ပြန်တုံ့ပြန်ရမလဲ ဆိုတာကို စဉ်းစားဖို့ မနည်းကြိုးစားနေရ၏။

သူမကို မတိုက်ခိုက် ခင် ကိုယ့်စိတ်က ယခုကပင် အလဲလဲအပြိုပြိုနှင့်။ "လွမ်းစရာရှိရင် နာစရာနှင့်ဖြေ" ဆိုသည့် စကားက စိတ်ထဲ တန်းပေါ်လာ၏။

စိတ်ကို သာမန်ထက် ပို၍ နေဇင်လတ် တင်းထားလိုက်ပြီးမှ....။

"ဘာကို ပြောနေတာလဲ ...ကေသီချို၊ ခုချိန်မှာ ကျွန်တော်တို့ ဒီကိစ္စကို မပြောသင့်တော့ဘူး.... ထင်တယ်"

"မဟုတ်ဘူး ကိုဇင်၊ ချိုလေး ...ကျန်နေခဲ့တာ တာမေးဖို့ ကိုဇင် ထင်သလား၊ သွားစမ်းပါ.. ဘာမဟုတ်တဲ့ ဒီတာမေးပွဲကို"

"ဒါဆို ဘာလဲ ကေသီချို...၊ မင်းစိတ်ကို ဖျော်ဖြေမှုဖော်ဖို့ ......ဒါမှမဟုတ် ငါ့ကို ဒုက္ခထပ်ပေးဖို့လား!.."

"ဒီလိုတော့ မပြောနဲ့ ကိုဇင်၊ ချိုလေးရှေ့မှာ ဟိုကောင်မနဲ့



ပွုံးပွုံးကပ်ကပ်နေတာ ချိုလေး နည်းနည်းမှ သဘောမကျဘူး အဲဒါ"

"ဟား! ဟား! ဟား! ဟား!"

နေဇင်လတ် နာကြည်းစိတ်ဖြင့် အားရပါးရ ရယ်လိုက်၏။ စိတ်ထဲမှာလည်း သူမစိတ်ကို ဒီထက် ပိုနွှဖို့ တွေးလိုက်သည်။

"ကေသီချို ခုချိန်မှာ ကျွန်တော်နဲ့ ခင်ဗျားဟာ ဘာတွေလဲ...၊ လက်ရှိ ရပ်တည်နေရတဲ့ အခြေအနေကိုလည်း သဘောပေါက်ရဲ့လား ....မသိဘူး၊ ခင်ဗျားမှာလည်း စိုးထိုက်အောင်နဲ့ ကျွန်တော်မှာလည်း......"

"ဘာ! ကိုဇင် ဒီကောင်မနဲ့ ကိုဇင်နဲ့ ဟုတ်လား! ချိုလေးကိုလဲ ခင်ဗျား....ခင်ဗျားနဲ့၊ အဲဒီလို သူစိမ်းဆန်တဲ့ အသုံးအနှုန်းတွေ နဲ့"

စိတ်ကို အတတ်နိုင်ဆုံး အေးအေးဆေး ထားနိုင်ဖို့ နေဇင်လတ် ကြိုးစားလိုက်သည်။ ဒီအချိန် သူမနှင့် အပြိုင်လိုက်ပြီး ပေါက်ကွဲနေရမည့် အချိန်မဟုတ်တော့။ ကိုယ်လိုချင်သည့် နေရာကို ရောက်လာအောင် အခြေအနေကို ဇက်ခွစီးနိုင်ဖို့က ပိုအရေးကြီးသည်။

"ကေသီချို အောင်မဝင်တဲ့ စကားတွေ၊ သူတစ်ပါး ပုတ်ခတ်တဲ့ စကားပြောနေရမဲ့ အချိန် မဟုတ်တော့ဘူး၊ ခုချိန်မှာ ကိုယ်ကောင်းမယ် ထင်လို့ ရွေးခဲ့တဲ့လမ်းကို ရွေးခဲ့ကြပြီးပြီပဲ၊ ပြန်ပြီး ဘွာခတ်ကြရအောင် ကျွန်တော်တို့ နှစ်ယောက်လုံး ကလေးအရွယ်တွေ မဟုတ်တော့ဘူး"

အိပ်မက်ထဲ လမ်းပျောက်နေရသူလို ကေသီချို စိတ်တစ်ခုလုံး အသိဉာဏ်က ဝေးဝါးသွား၏။ မရနိုင်တော့ဘူးလို့သိလေ သူမ ပို၍ လိုချင်လာလေ။

ချစ်ခြင်းဆိုတာ သူမ ပြဋ္ဌာန်းသလောက်သာ ရှင်သန်ခွင့်ရရမည် ဟူသော အတ္တစိတ်က သူမအသိကို ကိုက်ခဲဝါးမြိုလျှက်။

ဒီအချိန်မှာ သူမ ရချင်တာ... ပြန်ပြီး ပိုင်ဆိုင်ချင်တာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ ၊... အဲဒီအတွက် ဘာကိုပဲ ချနင်းရ ..ချနင်းရ။

"ဘာလို ငြင်းပယ်ခွင့် ပြင်ဆင်ခွင့် မရှိရမှာလဲ ကိုဇင်...(သူမ အတွက သူမအသိကို ဝါးမျိုသွားဖြီမို့ ) .. ချိုလေး ကိုဇင်ကို စွန့်ခွာပြီး နောက်တစ်ယောက်ကို ဘာလို့လက်ခံလိုက်ရတာ လဲ၊ အဲဒီ အကြောင်းကိုရော သိရဲ့လား"

"ကျွန်တော် ဘာမှလဲ သိစရာ အကြောင်းလဲ မရှိဘူး၊ သိလဲ မသိချင်ဘူး၊ ကျွန်တော်နဲ့လဲ မဆိုင်ဘူး"

ခါးခါးသီးသီး ငြင်းပယ်နေသော နေဇင်လတ် ပုံစံကြောင့် သူမ စိတ်ထဲ ဆုံးရှုံးရမှာကို ပိုပြီးစိုးရွံ့လာ၏။

"မသိချင်လို့ မရဘူး ကိုဇင်၊ ကိုစိုးထိုက်အောင် ဆိုတာ ကိုဇင်နဲ့ ချစ်သူ မဖြစ်ခင်ကတည်းက အိမ်က သဘောတူထားတာ အခြေအနေအရ တစ်ရန်အေးအောင် စတီလက်ခံပြီး ချွေးသိပ်ထားတာ"

နေဇင်လတ်စိတ်ထဲ ရွံ့ရှာစိတ်က ထောင်းခနဲ ထလာ၏။ တော်တော် တတ်လဲ တတ်နိုင်သည့် မိန်းမတစ်ယောက်ပါလား။ ဘာတွေများ ဆက်ပြီး လိမ်နိုင်ဦးမလဲဟု ဆက်နားထောင် လိုက်သည်။

"ခုချိန်မှာတော့ ကိုဇင်က ချိုလေးထက်သာတာ တွေ့နေတော့ ချိုလေးကို မေ့လို့ရတော့မှာပေါ့၊ ဒါပေမယ့် ချိုလေးကတော့ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး"

နေဇင်လတ် မဲ့ပြုံး ပြုံးလိုက်ပြီး

"ကေသီချို ကိုယ့်အပြစ်ကို သူများအပြစ်လို့ ပုံချဖို့ ကြိုးစားနေတာလား.......ဒီမှာ ငါနဲ့ နော်နော်စိုး ခုမှ တစ်ယောက်ကို တစ်ယောက် လေ့လာနေဆဲပဲ ရှိသေးတယ်၊ ငါ့ကို ကောင်း အဖြေမပေးရသေးဘူး၊ မင်းသိအောင်... ငါ ထပ်ပြောမယ် ကေသီချို ခုစာမေးပွဲ နောက်ဆုံးနေ့မှာ.... ငါ့ကို အဖြေပေးမယ်လို့



.....ချိန်းထားတယ်၊ ခု မင်းပြောတာတွေ မှန်သလား မှားသလား ဆိုတာ ငါ မသိဘူး၊ ငါက ပြောတာထက် လက်တွေ့ကို ပို ယုံကြည်တဲ့လူမျိုး အဲဒီတော့....."

နေဇင်လတ် စကားကို ခဏရပ်ပြီး ကေသီချို မျက်နှာကို ဖြန့်၍ စူးစူးစိုက်စိုက် ကြည့်လိုက်၏။ ပြီးမှ သူမ ပြောသမျှကို ယုံကြည်သည့် ပုံစံဖြင့် မထိတထိ ထေ့ပြုံးပြုံးလိုက်ပြီး

"မင်း ပြောတာတွေက အမှန်ဆိုရင်ပေါ့လေ၊ မင်း လက်ရှိ အခြေအနေကို မင်း ဖျက်ဆီးရဲရမယ်၊ ဒီလိုပဲ ငါလဲ နော်နော်စိုးဆီက အဖြေကို မယူတော့ဘူး၊ ဘယ်လိုလဲ မင်း လုပ်ကော လုပ်ရဲပါ့မလား"

ကေသီချို အနည်းငယ် တွေဝေသွားသည်။ သူမ စွန့်လွှတ်သလို သူမ ပြန်ရမည့် တန်ဘိုးက ပို၍ ထိုက်တန်ရဲ့လား။ ဘဝမှာ ချစ်ခြင်းထက် ပိုအရေးကြီးတာ ရှိသေးလား။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ နောက်မဆုတ်ချင်တော့။

"ဘာလို့ မလုပ်ရဲက မှာလဲ ကိုဇင်၊ ကိုဇင် နောက်တွန့်နေမှာကိုသာ ချိုလေးက စိုးရိမ်နေတာ၊ ဒါပေမယ့် ချိုလေးကို အချိန်ကာလ တစ်ခုအထိတော့ နားလည်ခွင့်ပေးရမယ်၊ ဘာလို့လဲဆိုတော့ စိုးထိုက်အောင်က လွယ်လွယ်နဲ့ လျော့မယ့်လူ မဟုတ်လို့ပဲ"

အခြေအနေ အားလုံး သူ့ဘက်သို့ ပါနေပြီဆိုတာကို နေဇင်လတ် သိလိုက်ပြီ။ သို့သော် ဒီမျှလောက်နှင့်တော့ သူ ကျေနပ်၍ မဖြစ် ။

"အချိန်ကာလဆိုတာ ဘာလဲ တစ်နှစ်လား၊ တစ်လလား၊ ဒါမှမဟုတ် ဆယ်နှစ်လား၊ မဖြစ်နိုင်ပါနဲ့တော့ မလုပ်နဲ့နော်၊ ကိုယ့် အတွက်က ပြဿနာ မဟုတ်ဘူး"

"ဘာလဲ ကိုဇင်က နော်နော်စိုးဆီက အဖြေကိုလဲ လိုချင်

www.burmeseclassic.com

သေးလို့လား ···၊ သိပ်မကြာပါဘူး ရက်နှစ်ဆယ်လောက်ပါပဲ"

ဒီလောက်ဆို မဆိုးဟု နေဇင်လတ် ကျေနပ်လိုက်၏။ သူ့စိတ်ကို ခွပေးလိုက်ပြီး ပြောနေ၍ မခံချင်စိတ်တို့ဖြင့် ဒေါသထွက်ဟန်ရှိနေသော ကေသီချို မျက်နှာကို မချိုမချဉ်ကြည့်၍ စိတ်ထဲမှလည်း အနည်းငယ်တော့ ပြန်ချော့လိုက်ဦးမှဟု တွေးလိုက်ပြီး ကေသီချို လက်ကို လှမ်းကိုင်၍

"ချိုလေး ···အကြစ်ကိုင်တယ်လို့ မထင်ပါနဲ့ကွာ၊ ကိုဇင် ရင်ထဲမှာ ဘာဖြစ်နေသလဲဆိုတာ ချိုလေး··· မသိဘူး၊ ကိုဇင့်···ဘဝမှာ ချိုလေးက ···အရေးကြီးဆုံးပဲ၊ ချိုလေးဘက်မှာ···· ဘာပြဿနာတွေပေါ်လို့ ဒီလိုဖြေရှင်း လိုက်ရတယ်ဆိုတာ ကိုဇင် မသိလို့ ပြောမိတာပါကွာ၊ တကယ်ပါ ဖြစ်နိုင်မယ်ဆိုရင် ချိုလေးကို ခု ပြန်တောင် မလွှတ်ချင်တော့ဘူး"

ညှိုမှိုင်းသော တိမ်တိုက်တို့ အာကာသဓါတ်ခွင်တစ်ခုလုံးမှ ကွယ်ပျောက်သွားသလို ကေသီချိုမှာလည်း နေဇင်လတ် ပခုံးကို မှီလိုက်ရင်း နဂိုက ရှိခဲ့သော မြတ်နိုးအပ်သော အရာတစ်ခုကို ပြန်ရလိုက်ရသလို စိတ်ထဲ ကြည်သာလာ၏။

"သွားပါ ခုမှ၊ ခုနကတော့ ကျွန်တော်လေး ဘာလေးနဲ့ ချိုကို သူစိမ်းဆန်နေပြီးမှ ရန်သူကြီးလို ခုပဲသတ်တော့မယ်ပုံ၊ မောင်းချတော့မယ်ပုံနဲ့၊ ဟွန်း······အို့"

မျက်စိထောင့်ကပ်ပြီး မူနွဲ့နွဲ့ ပြောလိုက်သော ကေသီချို ဟန်ကြောင့် နေဇင်လတ်စိတ်ထဲ မရိုးမရွဖြစ်ပြီး ဖက်နမ်းလိုက်၏။

နေဇင်လတ်၏ အနမ်းရှည်အောက်မှာ အတန်ကြာမျောနေပြီးမှ ကေသီချို မှာ လူးလွန့်နိုးလာပြီး အိမ်ကိုပြန်ဖို့ သတိရလာ၏။

ခုတော့လည်း သံယောဇဉ်ဆိုတာကို နေဇင်လတ် မေ့ထားလို့ မဖြစ်နိုင်တော့။ ကေသီချိုကို လမ်းထိပ်ထိ လိုက်ပို့တော့ လမ်းမီးတိုင်များပင် မီးက လင်းနေလေပြီ။ ရုတ်ခြည်း ပြောင်းလဲလာသည့် အခြေအနေပေါ်မှာ နောက်ရက်များ လွယ်လင့်တကူ အံဝင်ခွင်ကျ ရှိပါ့မလားဟု နေဇင်လတ် တွေးရင်း သက်ပြင်းချလိုက်၏။

ဘဝဆိုတာ တစ်ခါတစ်ရံတော့ ရိုးသားဖို့ ယက်နာကြည်းစိတ်နဲ့ ရင်ဆိုင်ရတာ ပို၍လွယ်ကူပါလားဟု တွေးမိ၏။

ခုတော့လည်း မြောက်အရပ်ကလာသော မြောက်ပြန်လေသည် သူ့ကို မအေးမြ စေနိုင်တော့ပြီ·····။

◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ ဘဝမှာ လောင်းကစား ဆန်ဆန် စွန့်စားရတဲ့ ကိစ္စတွေရှိသလို ဘဝနဲ့ ပတ်သက်တဲ့ ချစ်ခြင်းကိစ္စတွေမှာလဲ စွတ်နှစ်လိုက်ရတဲ့ အခါတွေ ရှိပါတယ်၊ အဲဒီအခါတွေ ကျရင် ကံကြမ္မာကိုပဲ အားကိုးပြီး ဆုံးဖြတ်လိုက်ကြ တာများပါတယ်·······

ဒါပေမယ့် ခံစားမှုကို မေ့ထားတဲ့ ချစ်ခြင်း မှာတော့ သေချာတဲ့ ရလဒ်ထွက်ဖို့ ကြိုတင်ပြင်ဆင် ထားတယ်၊ တစ်နည်းအားဖြင့် စိတ်ခံစားမှုကို မေ့ထားပြီး အရှုံးနည်းဖို့ ကိုယ့်ရဲ့ ဂုဏ်သိက္ခာ မထိခိုက်ဖို့ ပိုအလေးထားကြတယ်····

ဥပမာ ပြောကြရင် ရှိုးဆိုတဲ့ ဖဲကစားနည်း လိုပေါ့၊ နောက်ဆုံးအချပ်ဖြစ်တဲ့ ငါးချပ်မြောက်ကို ဝေပြီးသွားရင် အရာရာကို ဉာဏ်နဲ့ပဲ ဆုံးဖြတ်ရ တော့မယ်၊ ကံနဲ့ ဆုံးဖြတ်လို့ မရတော့ဘူး။

အဲဒီ အချိန်မှာ ကိုယ်လိုချင်တဲ့ဖဲကို သူ နင်းထားနိုင်သလို သူ လိုချင်တဲ့ ဖဲကိုလည်း ကိုယ်နင်းထားနိုင်တယ်၊ အခန့်မသင့်ရင် ကိုယ်တစ်သက်လုံး စုထားတဲ့ ဥစ္စာနေ သူ့ဆီ ရွှေ့သွားနိုင်သလို သူ့ပိုင်ဆိုင်သမျှ လည်း ကိုယ့်ဆီ ရွှေ့လာနိုင်တယ်။

ပါးနပ်တဲ့ ကစားသမား မှန်သမျှ ကံကို မယုံဘူး၊ ဉာဏ်ကို ပဲ ယုံကြတယ်၊ အဲဒီလို အခါ မျိုးမှာပေါ့·····။





ပါးနပ်တဲ့ ကစားသမားတွေဟာ အဲဒီလို အချိန်မျိုးကျရင် ပထမဦးဆုံး ကိုယ့်ပြိုင်ဘက် ကစား သမား တောက်လျှောက် ခေါ်ကစားခဲ့တဲ့ ဖဲတွေကို စိတ်မှန်းနဲ့ တွက်ကြည့်တယ်

ကိုယ့်ဘက်က ပိုင်ပြီဆိုရင် ကြေးနည်း နည်းနဲ့ ခေါ်ဈေးဖွင့်တယ်၊ မသေချာရင် ရှေ့ဖဲတွေမှာ ကိုယ် ဘက်လောက်ပဲ လိုက်ထားခဲ့ လိုက်ထားခဲ့ ပိုင်းထဲက တွက်ဖို့ ဝန်မလေးဘူး၊ နောက်ဆုတ်ဖို့ ဝန်မလေးဘူး··· အရေးကြီးတာ မသေချာရင် ကိုယ့်ဘက်က တစ်ပြားမှ ဆက်ပြီး အရှုံးမခံတော့ ဘူး၊ အဲ···အဲဒီနေရာမှာ အရေးကြီးတာက ကိုယ့်ဖဲ ဘယ်လောက်ပဲ ကောင်းနေပါစေ တခြားသူ ရိပ်မိ အောင် ဖင်တကြွကြွ၊ ခြေတုန် လက်တုန်၊ ဂဏာ မငြိမ် စိတ်လှုပ်ရှားမှုကို မထိန်းချုပ်နိုင်တဲ့ မုစ်မျိုး မရှိဖို့ပဲ ဒါမှ ကိုယ့်ပြိုင်ဘက်က ကိုယ့်အခြေအနေကို ခန့်မှန်းလို့ မရမှာ···

"လောကမှာ သေချာတာဆိုလို့ ဘာမှ မရှိဘူး၊ အစဉ်အမြဲ ပြောင်းလဲနေတယ်··· အဲဒီလို ဘာမှ မမြဲတဲ့ လောကကြီးမှာလူတစ်ယောက်ဆီက တတ်သစ္စာနဲ့ ယှက်နွယ်နေတဲ့ ချစ်ခြင်းကို ယုံကြည်ပါတယ်ဆိုရင် အဲဒီလူဟော်တ် အသုံးမကျ တဲ့လူ ရှိတော့မှာ မဟုတ်ဘူး"

www.burmeseclassic.com

## ၁၅

"ငါ ကြိမ်ဖန်များစွာ ပြောခဲ့တယ်နော် ငယ်လေး၊ အပြင်မှာ မင်းသတင်းတွေ ဘယ်လောက်ပျံ့နေပြီလဲ ခုငါ ဘာဖြစ်နေပြီလဲ သိလား"

ဒေါသတကြီး အပြစ်တင်နေသည့် စိုးထိုက်အောင်ကို ကြည့်ပြီး ကေသီချို မသက်မသာ သက်ပြင်းချလိုက်သည်။

စာမေးပွဲဖြေဖို့ တစ်ရက် သာ လိုတော့သည့်အချိန်မှာ အတင်းအပြင်သို့ မရောက်ရောက်အောင် ခေါ်ထုတ်လာကတည်းက ဒီကိစ္စပဲ ဖြစ်လိမ့်မည်ဟု ကေသီချို ထင်လိုက် ပြီးသား။

ခုချိန်ထိ တွေဝေနေသေးသည့် သူမ၏ စိတ်ကိုပဲ သူမ နားမလည်။ တကယ်ဆို တစ်ခုခုကို သူမ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်ပြီ။

"ပြောစမ်းပါဦး၊ ဒီမှာ ကိုယ့်မျက်နှာကို သေသေချာချာ ကြည့်ပြီး ပြောစမ်းပါဦး၊ အစကတည်းက ဒီလို ဖြစ်လာမှာစိုးလို့ ဒီကောင်





အိမ်ကို မသွားစေချင်တာ"

ဒီအချိန်မှာ ဟန်ဆောင်ခြင်း ဘာသာရပ်ကို သူမ ကျွမ်းကျင်စွာ တက်မြောက်ဖို့ လိုလာတော့မည်။

"ဘာလာပြောနေတာလဲ ကိုစိုး၊ ဘာတွေဖြစ်နေတာလဲ၊ ခု ...ငယ်လေးက ဘာတွေဖြစ်နေလို့လဲ"

စိုးထိုက်အောင် ပြောနေရာမှ အူလည်လည် ဖြစ်သွား၏။ သူ ပြောနေတာ တကယ်ပဲ မသိတာလား ဒါမှမဟုတ် သူ့ကို လှည့်ဖတ်နေတာလား။

ကေသီချို ပုံကြည့်တော့ ဗီဇ အပြစ်တစ်ခုမှ မလုပ်ထားသည့် ကလေးငယ် တစ်ယောက်လို။

"မင်းနဲ့ ဟိုကောင် နေဇင်လတ်...တွဲနေတဲ့ကိစ္စလေ၊ အဲဒါကို ပြောနေတာ"

သူတို့နှစ်ယောက် ဒီလောက် သိုသိုသိပ်သိပ် နေနေရဲ့သားနဲ့ ဘယ်လိုများ သိတာပါလိမ့်၊ information တွေ မြန်လှချည်လား၊ သူမနဲ့ တွဲနေသော သူငယ်ချင်းတွေကိုတောင် နေဇင်လတ်နဲ့ သူမ လက်ရှိ အခြေအနေကို ခုထိ အသိပေးသေးတာ မဟုတ်။

"ဘယ်မှာ တွဲလို့လဲ"

"ငါ လာမကြို့တဲ့ ညနေဘက်တွေမှာလေ"

"ဟာ... အပြန် လိုက်ပို့တာလေ၊ ငယ်လေးနဲ့ နှစ်ယောက်တည်း မဟုတ်ပါဘူး၊ တခြားသူငယ်ချင်းတွေလဲ ပါသေးတဲ့ဥစ္စာ"

မျက်စိစုံမှိတ်၍သာ ဆင်ခြေပေးလိုက်ရသည်။ ရသည့်သတင်း တိကျလိုက်ချည်လားဟု ကေသီချို တွေးလိုက်၏။ မဖြစ်ဘူး မြန်မြန် ပွဲဖြတ်မှ၊ ကေသီချို မျက်နှာထားကို တင်းလိုက်ရင်း-

"နေပါဦး ကိုစိုးက ငယ်လေးကို တရားခံစစ် စစ်နေတာလား၊



www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ် ကိုစိုးနဲ့ ငယ်လေးက လင်မယားမို့လို့လား"

ကေသီချို၏ ရှင်းရှင်းသီးသီး စကားကြောင့် စိုးထိုက်အောင် ဒေါသက ထောင်းခနဲ ထွက်သွား၏။

"ဒါဆို ဘာလဲ ပြောစမ်းပါဦး"

"ကိုစိုး ငယ်လေးကို ဒီလိုမပြောနဲ့၊ ကိုစိုးက တစ်ခါလာလဲ ဒီနေဇင်လတ်နဲ့ တစ်ခါလာလဲ ဒီနေဇင်လတ်နဲ့ပဲ သမုတ်နေတာ… ငယ်လေး သူ့အိမ်သွားနေတာ စာသင်ဖို့ လိုအပ်လို့ သွားနေတာ သွားချင်လို့ သွားနေတာ မဟုတ်ဘူး၊ ကိုစိုးက… ငယ်လေးဆို အမြဲအပြစ်ပဲ မြင်နေတယ်၊ ဟိုသူနဲ့ စိတ်မချ… ဒီလူနဲ့ စိတ်မချနဲ့ ငယ်လေး ဘယ်သူတွေနဲ့ သွားပေါင်းရမလဲ ပြော…"

ပြောနေရင်း မျက်ရည်ကို မကျကျအောင် ကေသီချို ညှစ်ထုတ်ဖို့ အားထုတ်လိုက်၏။ ပြီးမှ ဝမ်းနည်းသော အသံဖြင့်-

"သူများချစ်သူတွေဆို ခုလို စာမေးပွဲနီးနေရင် ကိုစိုးလို ပြဿနာရှာဖို့ နေနေသာသာ ဘာလုပ်ပေးရမလဲ၊ ဘာကိုင်ပေးရမလဲ ဆိုပြီး ပြုယုခတ်နေတာ၊ ကြာလေ ကြာလေ ကိုစိုးကို စိတ်ကုန်လာတယ်"

စိုးထိုက်အောင်မှာ စိတ်ဗျက်လက်ပျက်ဖြင့် ခေါင်းကို ကုတ်လိုက်၏။ ခုမှ ခက်ပြီ။ သူကတောင် ပြန်တောင်းပန်ရမယ့်ပုံ ပေါက်နေပြီ။

မြင့်ဆွေ ကိုယ်တိုင် သူ့ကို ဖုန်းဆက်ပြီး အသေအချာ ပြောတာတောင် ကေသီချို၏ ငိုသံပါသော စကားတို့ကြောင့် မြင့်ဆွေ သတင်းပေးတာ ဟုတ်မှ ဟုတ်ပါ့မလားဟု ဝေဝေဝါးဝါး ဖြစ်လာသည်။

တစ်ရှူးအိတ်ထဲမှ တစ်ရှူးစများဖြင့် မျက်ရည်စများကို သုတ်ပေးလိုက်ပြီး ဝန်းကိုဖက်ကာ……

"ကိုစိုး စိတ်မချဘူး ငယ်လေး၊ စိတ်ထဲမှာ ကိုစိုး ချန်ခဲ့မလား ဆိုတဲ့အသိက နေ့တိုင်း လာရိုက်ခတ်နေတယ်၊ အဲဒါတွေကို





ငယ်လေး မသိဘူး၊ တစ်ခါတလေ ကျန်ခဲ့ရင်ဆိုတဲ့ အသိနဲ့တောင် ကိုစိုး ခံစားရတယ် ငယ်လေး… တကယ်သာ ဖြစ်ခဲ့ရင် ကိုစိုး ရူးမှာပဲ…။ငယ်လေး…"

ခေါသံကြောင့် ကေသီချို… စိုးထိုက်အောင် မျက်နှာကို လှည့်၍ မော့ကြည့်လိုက်သည်။

"ကိုယ်တို့ လက်ထပ်ကြရအောင်"

"ဟင်!"

ကေသီချို စိတ်ထဲ တော်လဲသံကြီး မြည်သွားသလို။

"ကိုယ် ငယ်လေး မာမီနဲ့ မနေ့က အဲဒီကိစ္စကို ခွင့်တောင်း ကြည့်တယ်၊ ငယ်လေး မာမီက ငယ်လေး သဘောပဲတဲ့၊ ခုလဲ ငယ်လေး စာမေးပွဲပြီးတော့မှာပဲ ဥစ္စာ……နော်…ငယ်လေး"

အတင်းအကျပ် အဖြေတောင်းနေသော စိုးထိုက်အောင်ကို ကြည့်ပြီး ကေသီချိုအဖို့ ငြင်းဆန်ဖို့ စကားတို့ ရှားပါးနေသလို။

ဘယ်လို ချေးသိပ်ရင် ကောင်းမလဲ၊ ဒါမှမဟုတ် နားအေးပြီးရော လုပ်လိုက်ရင်ကောင်းမလား။ ထိုင်နေရင်း ကေသီချို အသက်မဲ့နေသလို၊ အတွေးတို့က လွန်းထိုး လူးရှားနေဆဲ။

ထပ်ပြီး အားနာနေ၍လည်း မဖြစ်၊ သိမ်ပြီး တင်းတင်းပြတ် လုပ်လို့လည်း မကောင်း။

"ခုချိန်မှာ ဒီအကြောင်း မတွေးချင်ဘူး ကိုစိုးရာ၊ စာမေးပွဲ ပြီးဖို့က သိပ်လိုတော့တာမှ မဟုတ်တော့၊ စာမေးပွဲပြီးမှ အေးအေး ဆေးဆေး ဆက်ပြောကြတာပေါ့၊ ခု ကိုစိုးနဲ့ ထွက်လာတာလဲ ကြာပြီ ဆိုတော့ ငယ်လေးကို အိမ်ပြန်ပို့ပေးတော့၊ စာကြည့်ဖို့တောင် နောက်ကျ နေပြီ"

စိုးထိုက်အောင် စိတ်ပျက်လက်ပျက်ဖြင့် စားပွဲပေါ်တင်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ကားသော့နှင့် ဟန်းဖုန်းကို ကောက်ကိုင်လိုက်သည်။

သူလိုချင် သည့် အဖြေကို သည်လိုပဲ သူမ ငြင်းဆန်နေတတ်တာ၊ သူ့အဖို့ ချောတိုင် ထိပ်မှ ပြုတ်ကျခံရသည့်သူ တစ်ယောက်လို အမြဲတမ်း ခံစားနေရပါ လား။

ဒီလိုပဲ အီလည်လည်နဲ့ ပြီးဆုံးပေးရတော့မှာလား။

အိမ်သို့ပြန်ရာ လမ်းတလျှောက် စိုးထိုက်အောင်နှင့် ကေသီချို နှစ်ဦးစလုံး အတွေးကိုယ်စီဖြင့် ဖြတ်သန်းနေကြဆဲ။

♥ ♥ ♥ ♥

ပထမဦးဆုံးဖြေရမည့် ဘာသာရပ်ဆိုင်ရာ စာရွက်စာတမ်းများ ကို စနစ်တကျ ရှေ့နောက်စီ၍ ပြန်ထပ်ရင်း နေခင်လတ် စိတ်ထဲက ပြုံးလိုက်၏။

မြင့်ဆွေမှာ သူမေးသော စကားကို ပြန်မဖြေသေးသည့် နေခင်လတ်ကို စိတ်က ကျိတ်၍ ဆဲရင်း နောက်တစ်ခေါက် ပြန်မေးလိုက် ၏။

"ဟောကောင် ငါမေးတာ ဖြေဦးလေ၊ ငါ့ဆီက MP3 ပလေယာ လေး အားချင်းတောင်းတာ ဘာလုပ်ဖို့လဲ၊ စာမေးပွဲ ခိုးချဖို့လား"

စာရွက်များ ကပ်ထားသည့် အဖုံးကို ဆေးလိပ်ခွက်ဖြင့် ဖိ၍ မြင့်ဆွေဘက်သို့ လှည့်ကာ...။

"ဖြစ်ချင်လဲ ဖြစ်မှာပေါ့ မသေချာဘူး၊ မင်း ပြန်ယူမလို့လား"

"မဟုတ်ပါဘူး"

"မဟုတ်ပါဘူးဆို ပြီးရောပေါ့ကွာ၊ ဒါက အရေးမကြီးပါဘူး ထားလိုက်ပါ၊ ဒါနဲ့ မင်း စိုးထိုက်အောင်ဆီကို ဖုန်းဆက်လိုက်သေးလား"



"အေး"

ဟု မဖြေချင် ဖြေချင်ပုံစံဖြင့် မြင့်ဆွေ ဖြေလိုက်သည်။

"ငါ ပြောသလိုပဲ ပြောလိုက်လား"

"ပြောလိုက်ပါတယ်ကွာ အတိအကျပါပဲ...ဒီလောက် စာမေးပွဲ ဖင်နားကပ်နေတာတောင် ဘာတွေရှုပ်နေတာလဲ၊ မင်းမင်းထွန်း ကတောင် ငါ့ကို ပြောနေသေးတယ်၊ နေခင်လတ် ကောင်မလေးတစ်ယောက် နဲ့ ခဏခဏ တွေ့ရတယ်လို့၊ အဲဒါ ဘယ်သူလဲ"

နေခင်လတ် မလုံမလဲ မျက်နှာဖြင့်

"မဟုတ်ပါဘူးကွာ၊ ငါ့ရှုံးက အိမ်စီ သူငယ်ချင်းပါ၊ မင်းသိမှာပါ ငါ တစ်ခါပြောဖူးပါတယ်၊ ငါ့ဆီမှာ စာလာမေးတဲ့ နော်နော်စိုးကို ပြောနေတာပါ"

"ဟောကောင်...၊ ဟောကောင်... ငါ့ကို လိမ်ဖို့ မစဉ်းစားနဲ့ နော်၊ မင်းကိစ္စ ငါ ဖွလိုက်ရမလား"

မြင့်ဆွေ၏ ခြိမ်းခြောက်စကားကြောင့် နေခင်လတ်စိတ်ထဲ တွန့်ခနဲ ဖြစ်သွား၏။ ခုချိန်မှာ သူ့ရှုံးထားသမျှ ပြန်မရသေး။

"တကယ်ပါကွာ...၊ ငါ မညာပါဘူး၊ ရိုးရိုးခင်တာပါ"

"ခုတော့ ရိုးရိုးဆိုတော့ နောက်ဆိုရင်....."

"မင်းကလဲ ငါ့ကို မရရအောင် အမ်အောက်နေတာပဲ၊ စေ့ပါ ဘူးကွာ ဟုတ်တယ်၊ ငါ ဖွင့်ပြောထားတာ၊ အဖြေမရသေးဘူး"

"ဒီလို ဝန်ခံလိုက်စမ်းပါကွ...ဒါ ရှက်စရာမှ မဟုတ်တာ၊ ကစ်ခုတော့ ရှိတယ်၊ မင်း အဲဒီကောင်မလေးကို အသုံးချဖို့ သက်သက် ဆိုရင်တော့ မကောင်းဘူး"

"မြင့်ဆွေရာ ငါ့ကို အထင်သေးလှချည်လားကွာ၊ ငါ အဲဒီလို ယုတ်ညံ့ပါ့မလားကွ"

www.burmeseclassic.com

www.burmeseclassic.com



"မပြောနိုင်ဘူးလေ၊ မင်းက ဒီအချိန်မှာ (နာခေါင်းကို တို့ပြ၍) ဒါက ငယ်ထိပ်တက်ဆောင့်နေတော့ သူငယ်ချင်းဆိုတော့ ပြောရတာပေါ့ မဟုတ်ရင် ပြီးတာပဲ"

မြင့်ဆွေစကားကို အောင့်သက်သက်ဖြင့် နေဇင်လတ် ခံလိုက်ရ၏။ သူကလဲ ဒီလိုပုံစံမျိုး ဖြစ်နေသလားမှမသိ။ သူငယ်ချင်းတွေဆိုတော့ စိတ်ဆိုးလို့လဲမရ၊ နာလည်း မနာနိုင်။

"ငါ.. နော်နော်စိုးကို ကေသီချိုနေရာမှာ အစားထိုးဖို့ မဟုတ်ပါ ဘူးကွာ...၊ သူ့ဘဝကို ငါ နားလည်ပါတယ်၊ ဒါကြောင့်မို့ ငါနဲ့ ကေသီချို ကိစ္စကိုလဲ ပြောပြမှာပါ၊ အဲဒီကျရင် သူ ဆုံးဖြတ်ပလေ့စေ၊ သူဆုံးဖြတ် တာ မှန်သမျှ ငါ နာခံမှာပါ"

.....................................

ကိုယ့်အသည်း နာကျင်ရသည့် အခါမျိုးမှာ ဒီတစ်ခါထက် ဘယ်တော့မှ မနာခဲ့။ စိတ်ထဲမှာလည်း နှလုံးသား၏ အလိုဆန္ဒကို ထာဝစဉ် ငြင်းဆန်ဖို့ အရှက်တရားက အမြဲတစေ လှုံ့ဆော်ပေးနေဆဲ။

နေဇင်လတ် မျက်လုံးကိုမှိတ်ပြီး လတ်တလောကို မေ့ဖို့ အားထုတ်ကြည့် ၏။ အတွေးထဲမှာ ကျဆုံးမှုတို့က အနေးပြရုပ်ရှင် ဇာတ်ဝင်ခန်း တစ်ခုလို၊ ဖျတ်ခနဲ ဖျတ်ခနဲ အရိပ်ထင်လာနေဆဲ။

အချစ်ဆိုတာတခါတလေကျတော့လည်း ...ခါးသက် ပါလား ...ချို..။

♥ ♥ ♥ ♥



♣ ♣

ပွဲစဉ်တစ်ခု ပြီးခါနီးလေ စိတ်က အဖြေ ကို သိချင်စိတ်နဲ့ ပိုပြီး စိတ်စောလေဝါပဲ၊ ဒါ လူတွေရဲ့ သဘောသဘာဝ တစ်ခုပါ၊ ဒါကို လူတော် တော် များများက မငြင်းဆန်နိုင်ကျဘူး.....။

လောင်းကစားသမားတွေကျတော့ အဲဒီ စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းရ ခက်ခဲတဲ့ အဲဒီအချိန် ကာလကို နှစ်ခြိုက်လွန်းလို့ ဒီအချိန်မျိုး များများရှိတဲ့ ကစားပွဲတွေနဲ့ပဲ မွေ့ပျော်နေကြတယ်....၊

ကစားဝိုင်းတစ်ခုရဲ့ အဆုံးအဖြတ်အချိန် - တစ်နည်းအားဖြင့် ဇာတ်ဝင်ခန်းရဲ့ ရေချိန်အမြင့်ဆုံး (climax)ကို ရောက်လေလေ Gaint Killer တွေဟာ ပိုပြီး သွေးအေးလေလေပါဘဲ၊ ဒါ သတိထားစရာ ပါ၊ ဒီအချိန် ဆံချည်မျှင် တစ်ခုစာတောင် မှားဖို့၊ မှားလို့ မရတော့ဘူး။

"..ဒီလိုပဲ ချစ်ခြင်းတစ်ခုရဲ့ သတ်မှတ်ထား တဲ့ dead line နီးလာရင် ......ဖြစ်ပေါ်လာသမျှ အခြေ အနေ၊ ငုံ့ညှာရမဲ့ တရားတွေ၊ လျစ်လျူပြုရမဲ့ မိတ္တူသက်ဟ ဖြစ်တည်မှုတွေကို နှလုံးသားနဲ့ မချဉ်းကပ်တဲ့ အသိဉာဏ်နဲ့ ချဉ်းကပ် ဆုံးဖြတ်ဖို့၊ ရလာတဲ့ အားသာမှုတွေကို မိမိရ လက်မရွံ့ အသုံးချနိုင်ဖို့..... ဒါ အရေးကြီးပါတယ်....."

♣ ♣

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

စား ပွဲပေါ် တင်ထားသည့် လက်ဖက်သုပ် တစ်ဇွန်းကိုခပ်စား လိုက်ပြီးမှ ကေသီချိုဘက် လှည့်၍ စိုးစိုးမြတ်မှာ-

"ဒါဆို နင်က ငါးရံ့နှစ်ကောင် ဖမ်းသလို ဖြစ်နေမှာပေါ့"

"အေးဟယ်...နင့်ဟာကလည်း မပြတ်မသားနဲ့ တော်ကြာ သိသွားရင် ပြဿနာက ကြီးလာနိုင်တယ်နော်၊ အစကတည်းက နေဇင်လတ်ကို မဖြတ်ခဲ့ရင် နင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

သန္တာ အပြစ်တင်သည့် စကားကို ကေသီချို အလေးအနက် မထားဟန်ဖြင့် ခပ်ပေါ့ပေါ့ ရယ်လိုက်ပြီး

"ပြဿနာ မရှိပါဘူး၊ ဒီလိုပဲ ကိုစိုးကို ဖြည်းဖြည်းချင်း ဖြတ်သွားမှာပေါ့၊ ခုလောလောဆယ် ငါနဲ့ ကိုဇင် ပြန်တွဲနေတာကို မသိဖို့ပဲဆိုတာ...၊တစ်ခါတလေကျတော့လည်း...ငါ့ကို ငါ ပြန်စဉ်းစား ကြည့်တယ်....ငါ ရှင့်ပစ်လိုက်တဲ့ သက်ရှိ၊ သက်မဲ့မှန်သမျှ တခြားမှ



တန်ဖိုးထားမှာ ယူသွားမှာ ငါ လက်ခံလို့မရဘူး၊ ဒီအချိန်မှာ သင့်၏ မသင့်၏ ငါ မစဉ်းစားနိုင်ဘူး၊ ငါ ခုလောလောဆယ် ကိုဇင်ကို ဟိုအမျိုး သမီးနောက် အပါမခံနိုင်ဘူး၊ ကိုဇင် ငါ့ထက် ဘယ်သူ့ကိုမှ တန်ဘိုး ထားတာ လက်မခံနိုင်ဘူး"

"ကေသီ.. နင့်အတွက် နင့်ကို ပြန်သတိပေးမယ်... နင့်စိတ်ဆိုး လဲ မတတ်နိုင်ဘူး သူငယ်ချင်းတစ်ယောက် အနေနဲ့ ပြောသင့်တဲ့စကား ကိုတော့ ပြောရမှာပဲ.... နင် ခုထိ ကလေးဆန်နေတုန်းပဲ၊ နင်လိုချင်တာ ဖြစ်ချင်တာပဲ နင်သိတယ်.... နင့်စိတ်ဆန္ဒရဲ့ စတေးခံရတဲ့ လူတွေက သက်မဲ့တွေ မဟုတ်ဘူး သက်ရှိတွေ ၊ နင်က လိုလားပြီဆိုလဲ နင်ပဲ၊ မလိုလားတော့ဘူးဆိုရင်လဲ ခါးခါးသီးသီး၊ လူဆိုတာခံစားချက်နဲ့ ဖွဲ့စည်းထားတာဟာ၊ ခံစားတတ်တယ်၊ တွေးတတ်တယ် အေး နင် လုပ်သမျှ ခံနေတယ်ဆိုတိုင်း နင်ပျော်မနေနဲ့ ၊ နင့်အပေါ်မှာ သူတို့ရဲ့ လိုအင်ဆန္ဒ မပြည့်ဝသေးလို့ သည်းညည်းခံနေကြတာ၊ နင် ဒါကို အဟုတ်ကြီး ထင်မနေနဲ့"

ချက်ကျကျ ပြောလိုက်သော စိုးစိုးမြတ်၏ စကားအဆုံးမှာ ကေသီချိုမျက်နှာ ရဲခနဲ ဖြစ်သွားသည်။

ပြန်ပြောရန် စိတ်ဆန္ဒတို့ ရှိနေ သော်လည်း မှန်နေသဖြင့် နာလိုခံခက် ဖြစ်နေလျက် ။ ဝင်းမော်နှင့် သန္တာ မှာ ဘာသိဘာသာ နေတတ်သူမို့ ကေသီချိုနဲ့ အတိုက်အခံ မဖြစ်ချင်သလို စိုးစိုးမြတ်ကို ဟန့်တားဖို့ ဝန်လေးနေဆဲ။

ဆက်ပြောနေ ကြလျှင် စားမေးပွဲရက် တစုံတခုဖြစ်ကာ ရန်ဖြစ်ရမလို ဖြစ်လာတော့ မည်။

"တော်ပါတော့ ဟယ်.. နောက်တော့မှ ဒီအကြောင်း ဆက်ပြော တော့ မနက်ဖြန် ဖြေဖို့ ဘာသာက ခက်လို့ စိတ်ညစ်နေတဲ့အထဲ နင်

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်ကလဲ တစ်မှောင့်····၊ ဟဲ့ စိုးစိုးမြတ်···· နင့်အိမ်မှာ ငါတို့ရှိတယ်ဆိုတာ နေဇင်လတ်ကို ပြောထားတယ် မဟုတ်လား ဘယ်တော့ လာမှာလဲ····"

စကားလမ်းကြောင်းပြောင်းသော သန္တာစကားကြောင့် စိုးစိုးမြတ်မှာ နေဇင်လတ်ကိုခေါ်ထားတာ သတိရသွားပြီး···

"ဟုတ်သားပဲ···· ဒီကောင် နောက်ကျလိုက်တာ ၊ အိမ်ပြန်ရေချိုးပြီးမှ ပြန်လာမယ်လို့ ငါ့ကို ပြောသွားတာပဲ····"

ကေသီချို ရင်ထဲ သောကတို့ ရစ်ဖွဲ့သိုင်းယှက်လာ၏။ သူဆီကိုနေ့တိုင်း လာနေလို့များလား ၊ ကိုဇင့်အိမ်မှာက နေခင်းနေလည်ဆို ဘယ်သူမှရှိတာမဟုတ်····။

ကိုဇင် အမေနဲ့ အမေက နေ့လည်ဘက် တရားစခန်းပုံမှန်သွားနေတာ····။ ဟိုဟိုဒီဒီ အတွေးတို့ဖြင့် စိတ်က ကယောက်ကယက် ဖြစ်နေလျှက်။ တစ်ကြောပြန် ယန်ရသော ယန်းတစ်ပွင့်က သူမကေသာထဲမှာ ကနဦး ယန်ခဲ့ရစဉ်ကထက် ပို၍ တန့်ဖိုးရှိနေသလိုပင်။

"ဟဲ့·· ကေသီချို မျက်နှာပျက်မနေနဲ့ ဟိုမှာ နင့်မောင်တော်ဘုရားက လာနေပြီ ၊ တကတည်း ခုမှ တော်တော် သဲနေတယ် "

ခပ်ထေ့ထေ့ ပြောလိုက်သည့် ဝင်းမော် စကားကြောင့် ကေသီချိုအိမ် အပြင်ဘက်သို့ ကြည့်လိုက်၏။

နေဇင်လတ်မှာ သူမတို့ဘက်သို့ ကြည့်ဖော်မရဘဲ ပုံမှန်အတိုင်းခက်အေးအေးပင် အိမ်ထဲသို့ ဝင်လာနေ သည်။ ခုရက်ပိုင်းမှပဲ ပိုပြီးသပ်သပ်ရပ်ရပ် စတိုင်ကျနေသလို သူမတို့ အုပ်စုနှင့် ဆက်ဆံရာမှာလည်း ပို၍ သတိထားလာသလားလို့။

♥ ♥ ♥ ♥



"ကိုယ်တို့ကိစ္စ ဘာပြောသေးလဲ ချိုလေး"

"အိမ်ကလား"

"မဟုတ်ဘူး ချိုလေး ပုဂ္ဂိုလ်ကို ပြောတာ"

"ဘာပြောစရာလိုလို့လဲ··၊ ချိုလေးနဲ့ ကိုဇင်ပဲ တစ်ယောက်ကိုတစ်ယောက် နားလည်ရင် ပြီးတာပဲဥစ္စာ၊ အချိန်တန်ရင် သူ့လမ်းသူသွားမယ့်ဥစ္စာ"

နေဇင်လတ် စိတ်ထဲမှနေ၍ မြေခွေးမဟု ကြိတ်ဆဲလိုက်သည်။ ယခုအချိန်ထိ မီးက မပျောက်သေး။ ဒီအချိန်မှာ သူ့စိတ်ကို ပြလို့ မဖြစ်သေး။ ဒီနေရာမှာ ပိုပြီး နားလည်တတ်ဟန် ဆောင်ရတော့မည်။

"ဒီလိုပဲ ကောင်းပါတယ်လေ ၊ နို့မို့ဆို သူ့ တော်တော်ခံစားနေရမယ်၊ အင်း ဖြစ်နိုင်ရင် အားလုံးကို ကိုယ် စိတ်ချမ်းသာစေချင်တယ်၊ ချိုလေးကို နှစ်ကိုယ်ခွဲလို့ ရလို့ရှိရင် ကောင်းမှာပဲ"

နေဇင်လတ် အရွှန်းဖောက်လိုက်သော စကားကြောင့် ကေသီချို တက်ပါက်ပက်ပက် ရယ်မောလိုက်၏။

သူမ ဒီလို မပျော်ရွှင်ခဲ့ရတာ ကြာပြီ။ ကြာပြီဆိုတာ ဆိုက်အောင်ကို ရွေးချယ်မိလိုက်သည့် အချိန် ကတည်းကပဲ။

"ဒါနဲ့ စကားမစပ် ၊ ကိုယ်နဲ့ ချိုလေး နောက်ဆုံးတွေ့တဲ့နေ့ကလေး ဘာဖြစ်လို့ သူ့ကို လက်ခံလိုက်ရတယ်ဆိုတာ ပြောလိုက်ပါလား ဘာဖြစ်လို့ ကိုယ့်ကို မပြောတာလဲ"

သူမစိတ်ထဲ မှတ်ဉာဏ်ကို မနည်းပြန်ခေါ်နေရသည်။ အဲဒီနေ့သူမ ဘာတွေ ပြောခဲ့မိသလဲ၊ ခပ်ဝါးဝါးပဲ သြော်··· မှတ်မိပြီ··· မှတ်မိပြီ။

"အဲဒီနေ့က ရှင်းပြဖို့ နေနေသာသာ ကိုဇင်က စိတ်ဆိုးပြီး သွားတာကိုး"



www.burmeseclassic.com

www.burmeseclassic.com

နေဇင်လတ် အံကို တင်းတင်းကြိတ်မိလိုက်၏ သူ မြတ်မြတ်နိုးနိုး ချစ်ခဲ့မိသည့် မိန်းကလေး တစ်ယောက်သည် ခုလိုပဲ အမှန်တရားကို ဝန်ခံရန် ရှောင်လွှဲတတ်သည့်လူမျိုးလား။

လက်ရှိအခြေအနေကို သာယာလို့ မဖြစ်၊ ဒါဟာလည်း ထောင်ချောက် တစ်ခုလည်း ဖြစ်နိုင်သည်ပဲ။ သူမအတွက် အချိန်က ကျလာတော့မည်၊ အလှည့်ကျ မနွဲ့စတမ်းပေါ့ ကေသီချိုရယ်။

"မနက်ကတောင် စာမေးပွဲခန်းထဲ ဝင်ခါနီး မနော် ကိုယ့်ကို ချိန်းသွားသေးတယ်၊ စာမေးပွဲ နောက်ဆုံးနေ့ သူတို့သူငယ်ချင်းတွေ သန်လျင်ဘက် သွားမလို့တဲ့ အဲဒါ....."

နေဇင်လတ် စကားကို ဆုံးအောင်ပင် ကေသီချို အပြောမခံတော့

"အဲဒါတွေ ဘာတွေ လုပ်မနေနဲ့ ဘယ်မှ မလိုက်သွားရဘူး အလကားရှုပ်ရှုပ်ရက်ရက် ကိုဇင်နော်၊ ခုကတည်းက ကြိုပြောထားတယ် လိုက်ရဲ လိုက်ကြည့်"

ကေသီချိုကို ကြောက်လန့်သည့်ပုံစံဖြင့် နေဇင်လတ် ပခုံးတွန့် တိုးတိုးလေး "မတရားပါဘူး" ဟု ညည်းလိုက်သည်။

စိတ်ထဲမှာတော့ သူလိုချင်သည့် နေရာသို့ ရောက်ခါနီးလာပြီဖြစ်၍ အတွေးတို့ဖြင့် ဝမ်းသာသလို ဝမ်းနည်းနေသလိုလို။ သူတို့နှစ်ယောက် ခွဲခွာဖို့ သင့်ပြီပဲ။ ယခင် အခြေအနေက ဘယ်တော့မှ ပြန်ဖြစ်လာနိုင်တော့မည်မထင်။

သူတို့နှစ်ယောက် ထိုင်စကားပြောနေသည့် နေရာ စိုးစိုးမြတ်တို့ စုပြီး စာကျက်နေကြ တွက်နေကြသည့်နေရာ အနည်းငယ်သာ ခြားသည်မို့ ခုလို လွှပ်လွှပ်လပ်လပ် ပြောခွင့်ရနေခြင်း ဖြစ်သည်။

"အပြန်တော့ လိုက်မပို့နဲ့တော့ ကိုဇင်၊ ဟိုနေ့က လာကြိုပေး





နေ့က ပြောထားတယ်..."

"အင်း"

နေဇင်လတ် အင်္ကျီအိတ်တပ်ထဲ ထည့်ထားသည့် MP3 လေးထိုကို ထုတ်ပြီး သီချင်း ရှာသလိုလိုနှင့် ရီကောဒင်းလုပ်ထားသည့် ခလုတ် ဖွင့်ထားသေးရဲ့လားလို့ ကြည့်လိုက်၏။

ရီကောဒင်း လုပ်နေဆဲ မှန်မှ အိတ်ထဲပြန်ထည့်လိုက်၏။ ကေသီချိုမှာ နေဇင်လတ်ကို ကြည့်ကာ....

"ကိုဇင် ဘယ်သူ့ MP3 လဲ၊ အရင်တုန်းက မတွေ့ပါဘူး"

"သူငယ်ချင်းတစ်ယောက်ဥစ္စာပါ၊ ခဏယူထားတာ၊ အဲဒါတ အရေးမကြီးပါဘူး၊ ချိုလေးနဲ့ စာမေးပွဲပြီးရင် လက်ထပ်မှာဆို ကိုယ်က ဘာလုပ်ရမှာလဲ...ဒီလိုပဲ ငုတ်တုတ်ထိုင်ပြီး ငိုနေရမှာလား"

"ကိုဇင်က ဘယ်လိုလုပ်ချင်လို့လဲ"

သာမန်ထက်ပိုပြီး မထူးခြားသည့်ပုံစံဖြင့် နေဇင်လတ် ပြောလိုက်သည်။

"ကိုယ်တို့ တရားရုံးမှာ ကြိုပြီး လက်ထပ်ထားရင် ကောင်းမယ်"

"ကိုဇင့် သဘောပဲလေ"

ကေသီချို ကိုယ့်စိတ်ကိုလဲ နားမလည်နိုင်တော့။ နိုးထိုက်အောင် စကားပြောလာတုန်းကတော့ ငြင်းဆန်ဖို့သာ စိတ်ကရှိနေပြီး နေဇင် လတ် ပြောသည့်အခါမှာတော့ ငြင်းဆန်ဖို့နေနေသာသာ မှုလိုက်လျှောင် ခွင့်မရတော့မှာကို စိုးရိမ်ပြီး မူတောင် မမူနိုင်ဘဲ၊ နေဇင်လတ်ကို ဆံနော်စိုး လက်ထဲပါမှာတိုပဲ မသိစိတ်က စိုးရွံ့နေခဲ့။

နေဇင်လတ် ဒီအချိန်မှာ တက်ထောင်လို့ မရသေး။ ဝန်းဝင်ဖို့ ရှိ သေးသည်။ ခေတ္တ စဉ်းစားလိုက်ပြီး....

"ဒီလိုဆို စာမေးပွဲပြီးပြီး နောက်တစ်နေ့လောက်ဆို ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဘူးလား"

ဒီအချိန်မှာ ကေသီချို ငြင်းဆန်ဖို့ နေနေသာသာ ခေါင်းညိတ်လိုက်ဖို့သာ ပို၍ အားသန်နေသည်။

"ဟိုနှစ်ယောက် ခုထိ မပြီးသေးဘူးလား၊ တွေ့ကတည်းက ပြောနေတာ ကြာနေပြီ၊ နေဖင်လတ် နင့်ကို ငါတို့ခေါ်တာ စာပြပေးဖို့နော်၊ တစ်ယောက်တည်း ကွက်ပြဖို့ မဟုတ်ဘူး၊ သတိလဲထားဦး"

လှမ်းစလိုက်သော သန္တာ့စကားကြောင့် ကေသီချိုမျက်နှာ ရဲခနဲ ဖြစ်သွားပြီး သန္တာဆီသို့ ပြေးကာ ကျောကုန်းကို ထုလျှက်

"ကောင်မ စုတ်ပဲ့လိုက်တာ ညည်းပဲကြည့်…သွား…"

အရှက်သည်းသော ကေသီချို့စကားကြောင့် အားလုံး ပိုင်းရယ်လိုက်ကြသည်။ ပြီးမှ စိုးစိုးမြတ်အစွာ အခန်းထဲမှာ အိပ်နေသည်ကို သတိရပြီး ပါးစပ်ကို လက်နှင့် အုပ်လိုက်ကြသည်။

ခုတော့လည်း နွေနေ့လယ်သည် ရယ်သံတို့ဖြင့် တန်ဆာဆင် အေးချမ်းနေပြန်၏။

………………………………॥

♥ ♥ ♥ ♥



၁၇

**နောက်**ဆုံး အပုဒ်ကို အပြီးသတ်တွက်ပြီး နာရီကို ကြည့်လိုက်တော့ ၁၁ နာရီသာ ရှိသေးသည်။

ညက သူ့အသိ ကွန်ပြူတာဆိုင်မှာ အသံသွင်းထားသည့် မှန်သမျှကို MP3 ဖိုင်လုပ်၍ စီဒီတစ်ချပ်ထဲ ထည့်ကူးနေသည်မို့ ညက အိပ်ချိန်နည်းနည်း နောက်ကျသွား၏။

ဒါလဲ ကိစ္စ မရှိ၊ နောက်ဆို သူ၏ အချိန်မှန်သမျှသည် သူတစ်ယောက်တည်းသာ ပိုင်ရတော့မည်။

ဒီနေ့သည် နောက်ဆုံးနေ့မို့ စာမေးပွဲခန်း ဖြင်ပမှာ အစောကတည်းက မဖြေနိုင်၍ ကြိုတွက်နေကြသည့် လူများနှင့် အတော်ပင် စည်နေလေပြီ။

နေဖင်လတ် အဖြေလွှာမှာ ခုံနံပါတ် တပ်မတာ် မြန်မြန်စစ်ကြည့်ပြီး အဖြေလွှာကိုအခန်းစောင့် ဝန်ထမ်းလက်သို့ အပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်းပြင် ဝရံတာမှာထားသည့် လွယ်အိတ်ဆီသို့ လျှောက်လာရင်း ကေသီချိုတို့ ဖြေနေသည့် ဘေးခန်းဘက်သို့ ဘာရယ်မဟုတ် ကြည့်လိုက်၏။

ရင်ထဲမှာ တည်ရှိနေသည့် အနာဟောင်းသည် တဆစ်ဆစ် နာလာ၏။ သူ့ကို ရှုံ့ရှာသည့် အကြည့်ဖြင့် ကြည့်လိုက်သည့် ကေသီချို၏အမေနှင့် စိုးထိုက်အောင်ကို တွဲလျှက် တွေ့လိုက်ရသည်။ ဒီအသက်အရွယ်ကြီးမှာတောင် စာမေးပွဲ နောက်ဆုံးရက်ကို လာကြိုဖို့ တကယ်ကော လိုကောလိုရဲ့လား။

ခံပြင်းစိတ်နှင့် အရွဲ့တိုက်လိုသည့်စိတ်မှာ ကုန်းရုန်းထလာ၏။ ငါ့လိုကောင် လက်ထဲပါသွားမှာ စိုးလို့ပေါ့ဟုတ်လား။

နေဇင်လတ် ကော်ရစ်ဒါတစ်လျှောက် ကေသီချိုတို့ စာမေးပွဲဖြေရာ အခန်းထိ လျှောက်လာပြီး စိုးထိုက်အောင်တို့ ရှေ့သို့ ရောက်သော် ရှုတ်တရက် ရပ်လိုက်ပြီး ကေသီချိုအမေဘက် လှည့်ကာ ခပ်တည်တည် ဖြင့်-

"အန်တီ လာကြိုတာလား ၊ဘာလဲ စာမေးပွဲ နောက်ဆုံးရက် လင်နောက်လိုက်သွားမှာ မိုလို့လား……"

သူ့စကားကြောင့် ကြောင်ပြီး တအံ့တသြ ကြည့်နေသော စိုးထိုက်အောင်နှင့် ကေသီချိုအမေကို ကြည့်ပြီး နေဇင်လတ် လှောင်သလို ရယ်လိုက်ကာ…

"ဟား…ဟား…စိတ်မပူပါနဲ့ အန်တီရာ၊ ကျောင်းမှာ ဘာမှ ပူစရာမရှိပါဘူး၊ အေးဆေးပါ"

ဟု ပြောကာ စိုးထိုက်အောင်ဘက် မသိမ်သာ မျက်စိမှိတ်ပြ၍ "အပြင်ကလူတွေ လာ မ, သွားရင်တော့သာ မပြောတတ်ဘူး"

ဟု စပ်ဖြဲဖြဲနှင့် ပြောကာ အပေါ်ထပ်ရှိ အခန်းများဆီသို့



လှေကားထစ်မှ တက်သွားလေ၏။

ဒေါ်ခြင့်မြင့်နှင့် စိုးထိုက်အောင်မှာ နေဇင်လတ်ကိုကြည့်ကာ ဒေါသအလိပ်လိပ်ထွက်၍ "တော်တော် မိုက်ရိုင်းတဲ့ကောင်၊ သမီးနဲ့ ပတ်သက်ပြီး အိမ်ကို ဝင်ထွက်ခွင့်ကို ပေးခဲ့တာ တော်တော်မှားသွားတယ်၊ တော်သေးတယ် ငါ့သမီး ဒီကောင်ကို အဆက်ဖြတ်လိုက်တာ မှန်သွားတယ်"ဟု တွေးနေသလို နောက်တစ်ယောက်မှာလဲ တော်တော်အတင့်ရဲတဲ့ ကောင်၊ ငါ့နေရာမှာသာဆို သမ တယ်၊ ဒီကောင် ကျောင်းထဲ ဖြစ်လို့ သက်သာသွားတယ်မှတ်ဟု စိတ်ထဲမှနေ၍ ဒေါမနဿ ပွားရှိ ကျန်နေခဲ့လေသည်။

ဒီအချိန်မှာတော့ နေဇင်လတ်မှာ အပေါ်ထပ်ခန်းများတွင် စာမေးပွဲဖြေနေဆဲ ရှိသော အခန်းရှေ့တွင် နော်နော်စိုးကို ရပ်စောင့်နေရင်း သူလုပ်ခဲ့သည့်လုပ်ရပ်ကို ပြန်တွေးရင်း ကျေနပ်နေ၏။

နော်နော်စိုးမှာ အခန်းပြင်မှာ စောင့်နေသော နေဇင်လတ်ကို ကြည့်ရင်း ဘာကို သဘောကျပြီး ပြုံးနေပါလိမ့်ဟု တွေးကာ ရေးလက်စ စာကို ဆက်ရေးနေလေ၏။

စိတ်ထဲမှာလည်း ကြိမ်ဖန်များစွာ ပေးခဲ့သည့် အဖြေကို ယနေ့မှ လက်တွေ့ပေးရတော့မည်မို့ စိတ်တုန်လှုပ်မှုများနှင့် လက်ကပါ တုန်ရင်နေ၏။

♣ ♣ ♣ ♣

www.burmeseclassic.com



## ၁၈

ရောက်လာတော့မည့် အခြေအနေကို စောင့်ကြည့်နေဖို့ စိတ်က ဘယ်လိုမှ မရှည်နိုင်တော့။

လုပ်ခဲ့သမျှ ကိုင်ခဲ့သမျှတို့၏အကျိုးသက်ရောက် မှုတို့သည် မနက်ဖြန်ဆို စတင်၍ အသက်ဝင်ပေတော့မည်။ ဒီနေရာရောက်မှ ဘယ်လိုမှ ပြန်လှည့်၍မရတော့။

အခါခါနှိပ်စက်ခံရဖူးသော အသည်းသည် ယခုအခါမှ သူ့အမြတ်နိုးဆုံးဖြစ်သည့် ကလဲ့စားချေ (revenge)ခြင်းနှင့် ပြန်လည်နှိပ်စက်ဖို့ အသင့်ဖြစ်နေပြီ။

ယခုအချိန်မှာတော့ နှလုံးသားမှာ တင်နေသည့် အမာရွတ်၏ အတိမ်အနက်ကို ပြန်၍ သရုပ်ခွဲ မနေချင်တော့။

အကြိမ်ကြိမ်အခါခါ ရင်ခုန်ခဲ့ဖူးသော ချစ်ခြင်းမေတ္တာကိုလည်း သတိမရချင်တော့။



အရှက်တရား သည် နှလုံးသားကို နင်းချေလျှက် သွေးကြောများတစ်လျှောက် အခါခါ ခုန်ပေါက်ခဲ့ဖူးပြီ။

နေဇင်လတ်ဆိုသော လူတစ်ယောက်၏ အနာဂတ်တွင် အချစ်ဆိုသည်ကို မယုံကြည်အပ်သော ခြပ်မှဲ့ စိတ်ခံစားမှုတွင် ထည့်သွင်း ရတော့မည် ဖြစ်သည်။

သူ့အသိတွင် အခါခါကျခဲ့ဖူးသော မာနအတွက် တစ်ခါတည်းသော ကလဲ့စားချေခြင်း ရလဒ်ဖြင့် ပြန်ထေမိရုံသာ စိတ်ကို အခါခါ ပုံသွင်းနေမိ၏။

အဲဒီအတွက် ကံကြမ္မာကိုလည်း သူ မယုံ။ အခြေအနေကိုလည်း သူ မယုံ။ ဘယ်သူ့ကိုမှ သူ မယုံတော့။

လူဆိုတာ မယုံရသော သတ္တဝါဆိုတာ ငယ်စဉ်ကတည်းက သတိထားမိခဲ့သည်။

အဲဒီတုန်းက သူ ခြောက်တန်းနှစ်၊ အတန်းထဲမှာ သူငယ်ချင်း မြင့်ဦးက အတန်းခေါင်းဆောင်။

..တစ်ရက်ကျတော့ သူတို့ အတန်းပိုင်ဆရာမ ဒေါ်မြသိန်းက စာသင်နေရင်း ကိစ္စတစ်ခုပေါ်၍ အတန်းကို အတန်းခေါင်းဆောင်ထံ အပ်ထားခဲ့သည်။

အတန်းထဲ စကားမပြောရ၊ ပြောသည့်သူ စာရင်းမှတ်ထား။ ပြန်လာလျှင် ရိုက်မည်လို့ အတန်းခေါင်းဆောင်ထံ မှာထားခဲ့သည်။

အတန်းခေါင်းဆောင် မြင့်ဦးက သူ့ကို "နေဇင်လတ် ခင်းပြောချင်သလိုပြော ငါ မမှတ်ဘူး" ဟုဆို၍ အခန်းထဲ သူငယ်ချင်းများနှင့် စိတ်ချလက်ချ စကားပြောလေ၏။

ဆရာမ ပြန်လာ၍ စကားပြောသူ စာရင်းကြော်ငြာတော့ သူ အမည် က ထိပ်ဆုံးမှာ။ အဲဒီတုန်းက ဆရာမ ရိုက်တာသက် သူ

www.burmeseclassic.com

www.burmeseclassic.com



အယုံသွင်း ခံရတာကို သူ ပိုနာခဲ့သည်။

နောက်တစ်ခါကျတော့ တော်တော်လေးဆိုးသည်။

ဆယ်တန်း ကျောင်းသားဘဝ သူငယ်ချင်းတွေ ကျောင်းပြေးရန် လိုက်သွားရင်း ပြည်သူ့ဥယျာဉ်ထဲမှာ တခြားမြို့နယ်က ကျောင်းသားတွေနှင့် ရန်ဖြစ်ကြသည်။ စဖြစ်တာ သူနှင့်မဟုတ်၊ သူ့သူငယ်ချင်း ဇော်မိုးနှင့်။

တကယ်ဖြစ် တော့ သူ့ဘက်က ဘယ်သူမှမရှိတော့ဘဲ ကိုယ်လွတ်ရုန်းပြေးကြသည်။

အဲဒီတုန်းက မသေရုံတမယ် ခံလိုက်ရသည်။ ယန်းခြံစောင့် ပုံခြံရေးတွေ အရောက်မြန်လို့၊ နို့မို့ဆို အသက်နှင့် ကိုယ် အိုးစားကွဲမည်။

.........................................

ဒီကတည်းက သူ လူတွေကို မယုံတော့။ လူဆိုတာ ကိုယ့်အတ္တနှင့် ယှဉ်လာလျှင် အရာရာကို နင်းခြေဖို့ ဘယ်သူ ဘယ်ဝါမှ ဝန်လေးမည်မဟုတ်။

ခုလဲ သူကိုးကွယ်ခဲ့သော ချစ်ခြင်းတရားက သူ့ကို အရှက်အတကွဲ အကျိုးတနည်း ဖြစ်စေခဲ့ပြီ။

အချစ်နှင့်... ပတ်သက်၍ သူ ရှုံးသွားခဲ့သည်။

သို့သော်...... သူ တကယ်ပြန်ရခဲ့တာက....။

♠ ♠ ♠ ♠



"အဆုံးအဖြတ်တစ်ခုဝေါ် ဘဝကို တင်ထားတဲ့အခါ၊ ရလာမယ့် အမြေအတွက် ကြိုပြီး စိတ်လှုပ်ရှားကြသလို၊ ရလာတဲ့ ရလဒ်အတွက် လည်း စိတ်ထိန်းချုပ်ရ ခက်တတ်ပါတယ်"

*ခု ကျွန်တော်တို့ ပိုကာကစားတယ် ဆိုကြ ပါစို့။ အကုန်လုံးက ဝင်ခေါင်း (ဝင်တာနဲ့ နိုင်ပြီဆိုတဲ့ အခြေအနေ) ဖြစ်နေပြီဆိုရင် နောက်လူကို (ကိုယ့် ပြိုင်ဘက်ကို) အခွင့်အရေးပေးလို့ မရတော့ဘူး......။*

**"... ဒီအချိန်မှာ သတ်ကွင်းထဲ ရောက်နေတဲ့ တိရစ္ဆာန် တွေလိုပဲ ခံစားချက်ကို မေ့ထားရတော့မယ်၊ နိုင်ဖို့ လှုပ်ရဲ ကိုင်ရဲ ရမယ်- လို့အပ်ရင် ဖဲနီးပြီး ခေါင်းနိုင် သလို ကိုယ့်ဖဲ မခေါင်းတော့ဘူးဆိုရင် ခပ်တည်တည် နဲ့ ခေါင်းပြီလို့ အော်ပြီး ဖဲချခင်းပြလိုက်၊ ပြီးတော့ ဖဲအထွေထွေထဲကနေ အလုံးဖဲတွေကို မြန်မြန်ထုတ်ပြီး မျက်စိရှုပ်အောင်လုပ်လိုက်၊ ဒါမှ မရတော့ဘူးဆိုရင် တော့ ဝိုင်းကို ဖျက်ပေတော့ပဲ..."**

*ဒီလိုပဲ ချစ်ခြင်းမှာ နိုင်ဖို့ အရေးကြီးလာပြီ ဆိုရင် ဘာကိုမှ မထောက်ထားဖို့ လိုတယ်၊ ဒါကို သာ တိတိကျကျ လိုက်နာနိုင်ရင် အနိုင်၊ အရှုံးရဲ့ ဆုံးဖြတ်ပေးနိုင်ခွင့်ဟာ ကိုယ့်ဆီကို ရောက်လာခဲ့မှာ ပါ။*

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

သူ နှစ်နှစ်ခြိုက်ခြိုက်စားချင်သော သစ်သီးကို စားလိုက်ရသကဲ့သို့ အားရခြင်းကို ခံစားလိုက်ပြီးပြီမို့ အတွေးနှင့် ကြည်နူးရင်း နေဇင်လတ် အိမ်ပေါ်သို့ တက်လိုက်၏။

မနက်ခင်း တစ်ချိန်လုံး မရပ်မနား ဆက်တိုက် စိတ်ပင်ပန်း လူပင်ပန်းခဲ့ရသည်မို့ ခန္ဓာကိုယ်က အနားယူဖို့ကို တောင်းဆိုနေပြီ၊ ဒီလောက်ဆို တော်ပြီ၊ သူပြန်လာသည့် အချိန်ကလည်း ည ရှစ်နာရီ ကျော်ပြီမို့ သူထပ်ပြီး ရှောင်နေဖို့ မလိုတော့။

တည်ဆောက်ပြီးသား ကွန်ကရစ် အကာအရံ တံတိုင်းသည် ခုလောက်ဆိုစတင်၍ခိုင်မာနေလောက်ပြီ၊ အိမ်ထဲမှာ မီးလင်းနေသည်မို့ ဘယ်သူတွေများ ရောက်နေပါ လိမ့်မလဲဟု စိတ်ထဲက ထင့်သွား၏။

အဖေနှင့် အမေက မနက်ကျမှ ပြန်လာ မည်လို့ ပြောသွားသည်ပဲ။ အမေ့မောင်တစ်ယောက် ဆုံးသည်မို့ မနက်ဖြန်



ရက်လည်မှာမို့ ညသွားအိပ်မည်လို့ ပြောသွားသည်ပဲ၊ သူ့ကို စိတ်မချလို့ပဲ ပြန်လာတာများလား။

အိမ်ရှေ့ ဧည့်ခန်းထဲသို့ ဝင်လိုက်စဉ် မျက်စိထဲ ရိပ်ခနဲ မြင်လိုက်ရပြီး မျက်နှာကို အရိုက်ခံလိုက်ရသလို “ခွပ်” ခနဲ မြည်ပြီး မျက်စိထဲ ကြယ်တွေ လတွေ မြင်လိုက်ရ၏။

အထိုးခံလိုက်ရသော အရှိန်ကြောင့် နောက်သို့ လန်ကျသွားပြီး သတိဝင်လာကာ ပြန်လုပ်ရန် လက်နှင့်ကာပြီး လူးလဲထလိုက်၏။

“မှတ်ထား‥အဲဒါ လူမဆန်တဲ့အတွက်”

ကျက်မိနေသော မြင့်ဆွေ၏ အသံကြောင့် ပြန်လုပ်ရန် အကြံကို လက်လျှော့လိုက်ပြီး နာကျင်နေသော မျက်နှာကို ပွတ်သပ်လိုက် ၏။ နှုတ်ခမ်းပေါ်သို့ စီးကျလာသော စေးပျစ်ပျစ် အထိအတွေ့ကြောင့် နေဇင်လတ် လျှာနှင့် သပ်လိုက်၏။

သြော်‥နှာခေါင်းရိုးကျိုးသွားပြီလား မသိ။

သွေးကတော့ ထွက်သွားပြီ ၊

“တော်တော့‥မြင့်ဆွေ၊ လက်လွန် ခြေလွန် ဖြစ်မယ်”

ထိုင်ရာက မထတဲ တားမြစ်လိုက်သော အသံကြောင့် ဝေးခင်းတွန်း ပါ ပါလာပါလားဟု တွေးရင်း အသံလာရာသို့ကြည့်လိုက်၏။ ပြီးမှ

“ဘာလူမဆန်တာလဲ မြင့်ဆွေ၊ မင်းငါ့ကို ထိုးရအောင် ငါတ ခင်းတို့ကို ဘာ လူမဆန်တာတွေ လုပ်ထားလို့လဲ”

မင်းမင်းထွန်းမှာ ထိုင်ရာမှထလာတာ ထပ်ထိုးရန်ပြင်နေသော မြင့်ဆွေကို လှမ်းဆွဲပြီး……

“မြင့်ဆွေ ငါပြောမယ် မင်းဘာမှ မပြောနဲ့”

ဟု ပြောကာ နေဇင်လတ် ဘက်သို့လှည့်၍

“ဒီနေ့ မင်း ဘာလုပ်သွားသလဲ၊ မင်း ငါတို့နှစ်ယောက်တို

www.burmeseclassic.com

www.burmeseclassic.com

အသိသက်သေ လုပ်ပေးပါ၊ မင်းနဲ့ ကေသီချိုတို့ တရားရုံးမှာ လက်မှတ်ထိုးထားမလို့ဆိုပြီး မနေ့ညက ဖုန်းဆက်ပြီး ပြောခဲ့တာလေ''

နေဗင်လတ် အင်္ကျီကို ချွတ်လိုက်ပြီး နားခေါင်းမှ စီးကျလာသော သွေးများတိတ်စေရန် သုတ်လိုက်ကာ ဧည့်ခန်း ကုလားထိုင်များဘက်သို့ လျှောက်၍ ထိုင်ချလိုက်ပြီး ဘာမှ အရေးမကြီးသည့် ဟန်ဖြင့်

''အော် ဘာများလဲလို့၊ ငါ့စိတ်ထဲ ဆန္ဒမရှိတော့လို့ မလာတော့တာဝါကွာ၊ မင်းတို့ကလဲ ဒါကိုများ ရေးကြီးခွင်ကျယ်လုပ်လို့''

အေးတိအေးစက် ပုံစံ လုပ်နေသော နေဗင်လတ် ပုံစံကြောင့် မြင့်ဆွေ ဒေါသက ထွက်လာ၏

မနေ့လယ်က မရမ်းကုန်း တရားရုံးမှာ ကေသီချိုတို့အုပ်စုရှေ့သူနှင့် မင်းမင်းထွန်း မျက်နှာပျက်ခဲ့ရတာကို မျက်စိထဲ မြင်လာတိုင်း ဒေါသတို့က အလိပ်လိပ် ထွက်လာ၏။

''ဒါ အရေးမကြီးဘူး ဟုတ်လား နေဗင်လတ်၊ မင်းပြောတော့ ငါတို့ကို အသုံးမချပါဘူးဆို၊ ခုတော့ ငါတို့နှစ်ယောက်မှာ ကေသီချိုတို့ တောင်းပန်လိုက်ရတာ၊ ဒီကြားထဲ စိုးထိုက်အောင်က ရောက်ချလာသေးတယ်၊ အဲဒါလဲ မင်းပဲလုပ်တာ မဟုတ်လား၊ မင်း ငါတို့နှစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်တာ မဟုတ်ဘူးဆို အဲဒါ ဘာလုပ်တာလဲ''

''မြင့်ဆွေ တိုးတိုးပြောစမ်း ဘေးအိမ်တွေကြားသွားရင် မကောင်းဘူး''

ဒေါသကြောင့် အသံကျယ်လာသော မြင့်ဆွေကို မင်းမင်းထွန်း လှမ်းဟန့်လိုက်၏။

မြင့်ဆွေ၏ ဒေါသတကြီး အပြစ်တင်နေသည်ကို နေဗင်လတ် သေသေချာချာ နားထောင်လိုက်ပြီးမှ စားပွဲပေါ်မှာ တင်ထားသည့် ဆေးလိပ်နှင့်မီးခြစ်ကိုယူ၍ ဆေးလိပ်ကို မီးညှိလိုက်၏ ပြီးမှ-



''မင်ပြောလို့ ဝပြီလား မြင့်ဆွေ၊ မင်းပြောလို့မဝသေးဘူးဆိုရင် ဆက်ပြော၊ ဒါမှမဟုတ် ငါ့ကို ထပ်ထိုးရမှ ကျေနပ်မယ်ဆိုရင်လဲ လာထိုးလှည့်''

နေဗင်လတ်၏ တည်ငြိမ်လွန်းသော လေသံကြောင့် မြင့်ဆွေ အနည်းငယ် တန့်သွား၏။ နေဗင်လတ်မှာ မြင့်ဆွေ ငြိမ်နေသည်ကို တွေ့မှ

''ငါ ဒီလို အခြေအနေကိုရဖို့ ငါ့မှာရှိတဲ့ အချိန်တွေ၊ တတ်သမျှ မှတ်သမျှနည်းတွေ၊ တစ်ခါမှ မလုပ်ဘူးတဲ့ မုသာဝါဒတွေ အဲဒါတွေကို ရင်းထားခဲ့ရတာ ၊အေး‥ ငါ ဘာဖြစ်လို့ ကြိုပြီး မပြောခဲ့လဲဆိုတာ မင်းတို့ ကြိုသိထားရင် ငါ့အကြံကို ဖျက်မှာစိုးလို့ပဲ''

''ဒါ ငါတို့နဲ့ ဘာဆိုင်လို့လဲကွ မင်းလုပ်တာက‥''

မြင့်ဆွေ စကားဆုံးထိ မစောင့်ဘဲ နေဗင်လတ် လက်ကာပြလိုက်ပြီး‥‥

''မင်းတို့ ကြားဖူးတယ်မဟုတ်လား သဏ္ဍာန်လုပ်‥ သရုပ်နဲ့တူအောင် ဆိုတာ. အဲဒီလိုပဲပေါ့၊ ငါ့သူငယ်ချင်းတွေ ပါတယ်ဆိုမှ ကေသီချို အတွက် ဒီပွဲကို ပိုပြီး လေးနက်မှာ၊ ပိုပြီး အရှက်ကွဲမှာပေါ့''

မင်းမင်းထွန်း နေဗင်လတ် စကားကြောင့် ကျောထဲ စိမ့်တက်လာသည်။ တော်တော် နှမသားချင်း မစာနာသည့် ကောင်ပါလား။

သူ့ကို ရွံ့ရှာသလို ကြည့်နေသော သူငယ်ချင်းနှစ်ယောက် မျက်နှာ ကို နေဗင်လတ် တစ်ချက်ကြည့်လိုက်ပြီး မသိကျိုးကျွံပြုကာ ဆက်၍

''မင်းတို့က ငါ့ကို ရက်စက်တယ်လို့ ထင်ကြတာကိုး‥ ငါ ဘယ်လို ပက်ပက်စက်စက် ခံခဲ့ရတယ်ဆိုတာကို သိမှမသိတာကိုး၊ ‥‥မြင့်ဆွေ! ငါ့ရင်ထဲ ငါ့အသည်းထဲမှာ ဘယ်လောက်တောင်
www.burmeseclassic.com

www.burmeseclassic.com



အနှာတရ ဖြစ်ခဲ့ရတယ်ဆိုတာ မင်းသိနိုင်မလား၊............

...... ငါ ခံခဲ့ရတာကို မင်းတို့ကို ပြောပြရမှာ ရှက်လွန်းလို့ ငါ အကုန်လုံး မပြောခဲ့တာ.... ငါနဲ့ ကေသီချို ရည်းစားဖြစ်တာ ဒီအေ ပထမနှစ် စာမေးပွဲ မတိုင်ခင်မှာ ဆိုတော့ မင်းတို့ သိမှာပေါ့... အဲဒီတုန်းက ငါ့သိပ်ပျော်ခဲ့တာ ၊ ငါ့အိမ်ကို သူ့ကို ခေါ်ခေါ်လာပြီး အဖေတို့ အမေတို့နဲ့ ရင်းနှီးလာ အောင်လုပ်လိုက်၊ သူ့အိမ်မှာလဲ ငါဝင်ထွက်နေပြီး သားတစ်ယောက်လို အောက်ခြေသိမ်း အကုန်လုပ်ပေးလိုက်နဲ့ ..ငါမင်းတို့ဆီကိုတောင် တစ်လနေ လို့ တစ်ခေါက် မရောက်နိုင်လောက်အောင် မ,စိတ်တွေနဲ့ မှုန်နေခဲ့တယ်၊ ငါ့စိတ်ထဲမှာ တစ်ချိန်ကျရင် ငါ့ရဲ့ အိမ်သူမယားဖြစ်လာမှာပဲဆိုတဲ့ စိတ်နဲ့ ...လမ်းထဲမှာကော ငါ့ရုံးမှာပါ ငါ့ချစ်သူဆိုပြီး မိတ်ဆက်ပေးလိုက်ရတာ အမောပဲ၊ ငါ... ကေသီချိုကို စကြိုက်ကတည်းက ...စကားတစ်ခွန်း ပြောခဲ့ဖူးတယ် "မင်း ငါ့ကို မချစ်တော့ဘူးဆိုရင်... ပွင့်ပွင့်လင်းလင်း ပြောပြီး ဖြတ်လိုက် ရတယ်၊ ဒါပေမယ့် ........ငါ့ကို မဖြတ်ဘဲ နောက်တစ်ယောက် နဲ့တော့ မတွဲပါနဲ့....." လို့ ။

နေဇင်လတ် စကား ခဏနားလိုက်သောကြောင့် မြင့်ဆွေနှင့် မင်းမင်းထွန်းတို့ နှစ်ယောက်လုံး နေဇင်လတ်ဆီမှ ထွက်လာမည့် စကားကို စောင့်ရင်း အနီးရှိ ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြ၏။

"..သူ ငါ့ကို ဖြတ်လိုက်ရင်တောင် ငါ ဒီလောက် ခံစားရမှာ မဟုတ်ဘူး၊ ခုတော့ သူက ငါ့ကို မဖြတ်သေးဘဲ စိုးထိုက်အောင်ဆိုတဲ့ ကောင်နဲ့ ငါမသိအောင် ပထမ ခိုးတွဲတယ်၊ ငါ ရုံးသွားချိန် ရုံးထဲက တွေတဲ့ လူတွေက ငါ့ကို သတိပေးတယ်၊ လမ်းထဲမှာနေရင်လည်း လမ်းထဲက သူငယ်ချင်းတွေက 'နေဇင်လတ် မင်းကောင်မလေး နောက်ဘဲတစ်ဖွဲ့နဲ့ တွဲနေတယ်၊ မင်းကတော့ ပိုက်ဘောမိတော့မယ် နေနော်' လို့ သတိပေးသလိုလိုနဲ့ ငါ့ကို စကြတယ်" မင်းတို့ စဉ်းစားကြည့် ငါ ဘယ်လို ခံစားရမလဲဆိုတာ"



သေမလိုဖြစ်နေသောမီးကို တစ်ချက်နှစ်ချက် ဆက်ဖွာလိုက်ပြီးမှ

"အဲဒီထက်ဆိုးတာ သူ့အမေပဲ ငါ့ကို လူလယ်ကောင်မှာ နှိပ်ကွပ်သွားတာ မှတ်မှတ်ရရ၊ အဲဒီနေ့က ခရစ်စမတ်နေ့......၊

..........ငါ နေ့လယ် ဘက် ကေသီချိုတို့အိမ်ကို သွားတော့ ကေသီချိုမရှိဘူး၊ ကေသီချို အမေ ဒေါ်မြင့်မြင့်နဲ့ အန်တီကြီး လေးငါးယောက်လောက် ဖဲရိုက်နေကြတာ၊ ငါရောက်သွားတော့ အဘွားကြီးက ငါ့ကိုမြင်တာနဲ့ သဘောမကျတဲ့ ပုံစံနဲ့ ဘာကိစ္စရှိလို့လဲ မေးတယ်၊ ဒါနဲ့ ငါလဲ ကေသီချို ဘယ်သွားလဲလို့ မေးတော့ ငါ့ကို မရိုးမခန့်ထေ့ပြုံးပြုံးပြီး ....ကေသီချို ..သူ့ကောင်လေး ကားနဲ့လာခေါ်လို့ ပါသွားတယ်... ကိစ္စရှိရင်ပြောခဲ့၊ ကိစ္စမရှိရင် ..နောက် မလာခဲ့နဲ့လို့ ငါ့ကိုပြောတယ်၊ ...တကယ်ဆို ငါနဲ့ ကေသီချို ဘာလဲဆိုတာ ဒီအဘွားကြီး သိပြီးသားပဲ ဥစ္စာ.......၊

......ငါလဲ ပထမတော့ ဒေါသထွက်ပြီး ပြောလိုက်ဦးမလို့ပဲ၊ ပြီးမှ ကေသီချိုမျက်နှာကို ထောက်ပြီး အိမ်ထဲကနေ လှည့်ထွက်လာတော့ နောက်ကနေ ငါ့ကို ရည်ရွယ်ပြီး ပြောလိုက်တာ နားထဲမှာ ခုထိကြားနေရသေးတယ် ဘာတဲ့ "သမီးက ဒီကောင်ကို ကျပြီး ဖြတ်ပေးပါဆိုလို့ ပြောလွှတ်လိုက်တာ၊ နို့မို့ဆို တွေ့ရည်နေဦးမယ်၊ ဒီလို ဝဲစားမျိုးသာ သမက်တော်မိရင် ငါးဝါးမှောက်ပဲ တော်ဝါသေးရဲ့၊ ငါ့သမီး အမြင်မှန် ရသွားလို့ပဲ" ဆိုတဲ့ စကားပဲ.."

သူပြောသည့်စကားကို ဘာမှ ဝင်ထောက်ခြင်း မရှိဘဲ အာရုံစူးစိုက်စွာ နားထောင်နေသည့် မြင့်ဆွေနှင့် မင်းမင်းထွန်းတို့၏

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာအရိပ်အကဲကို ကြည့်ပြီးမှ သူ့အပေါ် အထင်အမြင်လွဲနေတာ အတော်အတန် လျော့ပါးလောက်ပြီဟု နေဝင်လတ် ထင်လိုက်၏။

သူ့ မျက်စိထဲတွင်လည်း ကြုံခဲ့ရသော ဓွေအိမ်မက်ဆိုးကြီးကို ပြန်မြင်ယောင် လာ၏။

"ငါ ကေသီချိုကို ဖြောင့်ပဲ ဖွင့်မေးတယ်၊ သူကလဲ ဝန်ခံတယ်၊ ဖြောင့်ပဲ၊ ပြီးတော့ ငါ့ကို တောင်းဆိုတယ်၊ သူ့အများအတွက် တောင်းပန်တာ မဟုတ်ဘူးနော်၊ သူ့ကို ဆက်ပြီး မနေဝင့်ယှက်ပါနဲ့တဲ့၊ သူ့လမ်း သူ လျှောက်ပါရစေတဲ့၊ ပြီးတော့ သူနဲ့ ငါရည်းစားဖြစ်ခဲ့တာကို စိုးထိုက်အောင် မသိပါစေနဲ့တဲ့၊ ငါ ဘယ်လိုခံစားရမလဲ သူငယ်ချင်း ငါ ဘာကောင် ဖြစ်သွားပြီလဲ၊ နောက်ပြီး ငါ့ရှေ့မှာ သူ့လင် အားရအောင် ယုယပြတာ၊ တွဲပြတာ၊ ဒါတွေ ငါ ဘယ်လိုရင်ဆိုင်ခဲ့ရသလဲ၊ ငါ့ . . . ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ငါ အလဲကြီး လဲကျခဲ့ရတာ ဘယ်သူ ခံစားပေးနိုင်မှာလဲ၊ အဲဒီအချိန်မှာ ကေသီချိုကို မင်းငါ့ကို ထိုးသလိုမျိုး၊ ပြောသလိုမျိုး ဘယ်သူတားခဲ့ကြသလဲ . . ထိုးခဲ့ကြသလဲ . . . . . . . . . . . . ဟုတ်လား . . သူငယ်ချင်း ငါ ခုလုပ်ခဲ့တာ မှားသလား"

မြင့်ဆွေရော မင်းမင်းထွန်းပါ သက်ပြင်းရှည်ကြီး ချလိုက်ကြသည်။ ဒီလိုဆိုတော့လည်း ဟုတ်တာပဲ။ ဒါပေမယ့် ဒီလို လက်တုံ့ပြန်တာတော့ မကောင်း။ မိန်းမဆန်လွန်းလှသည်။

"ဒါနဲ့ နေဝင်နဲ့အမျှ ဆုံးရှုံးနေရတဲ့ ငါ့အရှုံးတွေအတွက် ငါ ပြန်ပြီး ထေမိဖို့ ပြင်ဆင်တယ်၊ ပြီးတော့ မြင့်ဆွေကို စိုးထိုက်အောင် ဆီ ဗူးကပ်စေခဲ့တယ် စိုးထိုက်အောင်ကို ငါ့မကောင်းကြောင်းတွေ များများရောက်အောင် ပို့ခဲ့တယ်၊ အထူးသဖြင့် ငါဟာ မိန်းမတွေ အပေါ် စည်းမရှိဘူးဆိုတာ သိအောင်လုပ်ခဲ့တယ်၊ ဒါမှ ကေသီချို



အပေါ် သံသယဝင်မှာ၊ ပြီးတော့ ကေသီချို အားနည်းချက်ကို နင်းပြီး ငါ့ ထောင်ချောက်ထဲကို ဝင်လာအောင် ငါ စာပြပေးမယ်လို့ အသံဝင် ခဲ့တယ်၊ ငါ တကယ်လဲ တချို့လူတွေကို စာပြပေးခဲ့ပါတယ်"၊

ခဏ ချောင်းဟန့်၍ လည်ချောင်းရှင်းလိုက်ပြီးမှ . . . . .

"နော်နော်စိုးကို ခုတုံးလုပ်ပြီး ကေသီချိုရဲ့ မနာလိုစိတ်ကို ရအောင် ငါ နင်းခဲ့တယ်၊ မကြာပါဘူး ကေသီချို ငါ့ဆီ ပြန်ကပ် လာခဲ့တယ်၊ အဲဒီအချိန်မှာ ငါနဲ့ နော်နော်စိုးက ရည်းစားဖြစ်နေပြီ ဆိုတာကို ကေသီချို မရိပ်မိခဲ့ဘူး"

"ဒါဆို နော်နော်စိုးကို တကယ်မကြိုက်ဘဲနဲ့ ရည်းစားထား တာပေါ့၊ သနားစရာကွာ ဘာမှမဆိုင်ဘဲနဲ့ မင်းတို့ကြားထဲမှာ"

မင်းမင်းထွန်း ကြားဖောက် ဝင်အပြစ်တင်သည်။ ဆုံးအောင် နားထောင်လိုက်ပြီး . . . . .

"အဲဒီအချိန်မှ ငါ ကေသီချိုဘက်ကို စိတ်မယိုင်ဘို့ အရေးကြီး နေတယ်လေ၊ အဲဒီအချိန်မှာ ငါ နိုင်ဖို့ဆိုရင် ဘာပဲ လုပ်ရ လုပ်ရ စိတ်က ပြင်ဆင်ပြီးသားပဲ၊ ပြီးမှ ငါနဲ့ နော်နော်စိုး အခြေအနေကို ဆက်ပြောမယ်၊ ခုန ငါ ပြောခဲ့သလို တစ်ဖက်ကလဲ စိုးထိုက်အောင်ရဲ့ သဝန်တိုစိတ်ကိုလဲ ဆွပေးရင်း၊ ဒီဖက်ကလဲ ကေသီချိုကို ငါ့ဘက် လုံးလုံး ပါလာအောင် နှုးနပ်ရတာပေါ့၊ မကောင်းတဲ့ဘက်ကို ကူသိုလ်က လိုက်ပုံ များ အဲဒီရက်တွေအတွင်း ခုထိ အဖေနဲ့ အမေက နေ့တာရှားစခန်းဖွင့်လို့ သွားနေတာနဲ့ ငါ့ အကြံအတွက် အတော်ပဲ ဖြစ်သွားတယ်၊ ငါနဲ့ ကေသီချို နှစ်ယောက်ထဲ ရှိတဲ့နေ့ဆို မြင့်ဆွေဆီက ငါ ငှားလာတဲ့ MP3 စက်ကို အသုံးပြုပြီး ကေသီချိုဆီက စိုးထိုက်အောင်ကို ရွံချဲတဲ့ စကားတွေ နှိပ်ကွပ်တဲ့ စကားတွေကို အစ်ထုတ်ပြီး အသံသွင်းထားခဲ့တယ်"

"မင်းဟာကလဲကွာ စပိုင်ဇာတ်လမ်း နားထောင်နေရသလိုပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး တစ်ယောက်ကို ပညာပေးတာများ အဲဒီလောက်တောင် လိုလို့ လားကွ''

နေဇင်လတ် မြင့်ဆွေကို လှမ်းကြည့်လိုက်ပြီး

''လိုတာပေါ့ကွာ ငါရှုံးခဲ့တဲ့ အရှုံးက ကြီးတော့ ငါပြန်ယူရမယ့် အမြတ်က ကြီးရမှာပေါ့၊ ငါရှုံးခဲ့တာ နည်းနည်းနောနောမှ မဟုတ်တာ ငါ့ရဲ့ ကိုယ်ပိုင်အမှတ်အသား ပျောက်ဆုံးတဲ့အထိ၊ ငါ့ကိုယ်ငါ ယုံကြည်မှု မရှိတော့တဲ့ အထိ ကျရှုံးခဲ့တာပဲ ဥစ္စာ''

''ထားပါတော့လေ ဆက်ပြောပါဦး''

မင်းမင်းထွန်းက ဆန့်တငံ့ငံ့ ဖြစ်နေသော ဇာတ်လမ်းကို ဆက်ပြောရန် တောင်းဆိုသဖြင့် နေဇင်လတ်မှာ ဆက်၍

''ငါ ဒီနေ့ ရောက်ဖို့ သေသေချာချာ ပြင်ဆင်ခဲ့တယ်၊ ဒီနေ့မှာသာ ကေသီချို တရားရုံးကို မလာခဲ့ရင် ငါ နှစ်ခါရှုံးပြီ ၊ ဒါကြောင့် ဒီကို မလာ လာအောင် တောခြောက်လွှတ်ရတာပေါ့ ၊ ပထမ သူ့ သူငယ်ချင်းတွေကို သက်သေလုပ်ပေးဖို့ ခေါ်တယ် ၊ မင်းတို့ကို ခေါ်တယ်၊ ပြီးတော့ မိုပြီး ယုတ္တိရှိအောင် မော်လမြိုင်ကို ခိုးပြေးမယ်ဆိုပြီး လက်မှတ်တွေ ဘာတွေ ကြိုဝယ်ပြထားပြီး စိုးစိုးမြတ်နဲ့ ထည့်ပေးလိုက်တယ်''

''ထားပါတော့ ဒါနဲ့ စိုးထိုက်အောင်က ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ''

နေဇင်လတ် ရယ်လိုက်ပြီး မြင့်ဆွေ စကားကို ဖြေလိုက်၏

''ငါ ခေါ်လိုက်တာလေ''

''ဟေ!''

နေဇင်လတ် စကားကြောင့် နှစ်ယောက်စလုံး အံ့သြသွား၏

''မင်းဟာကလည်း ရှုပ်နေတာပဲ''

''ဟုတ်တယ် ၊ ငါပဲ ဖုန်းဆက်ပြီး ပြောလိုက်တာ ၊ ဖုန်းနံပါတ်



ဘယ်ကရသလဲ မေးမလို့လား ၊ လွယ်လွယ်လေး သူ့ ကုမ္ပဏီ ဖုန်းကနေပဲ ခေါ်နိုင်းလိုက်တာ၊ ဖုန်းထဲကနေ ငါ့အသံကို မမှတ်မိအောင် လုပ်ပြီး

''ကိုစိုးထိုက်အောင် မရမ်းကုန်းတရားရုံးမှာ ကေသီချိုတို့ ပြဿနာတက် နေလို့ အမြန်လိုက်လာဝါဆိုပြီး ဆက်လိုက်တာပေါ့''

မြင့်ဆွေမှာ နေဇင်လတ်စကားကြောင့် နေ့လယ်က စိုးထိုက်အောင် ဗျာယီးဗျာယာ ဖြစ်လာတာကို ခုမှ သဘောပေါက်သလို သူနှင့် ကေသီချိုကို ပူးတွေ့လိုက်ရသဖြင့် အံ့သြသင့်သွားပုံတို့လည်း မြင်ယောင်လာ၏။

''အေး အဲဒီအချိန်မှာ ဖြစ်သွားတဲ့ ကေသီချို မျက်နှာကို မင်းကို ပြလိုက်ချင်တယ်၊ နဂိုက ဖြူတဲ့မျက်နှာ စိုးထိုင်အောင်ကို မြင်လိုက်ရတော့ မျက်နှာတစ်ခုလုံး သွေးဆုတ်သွားတာ လူသေမျက်နှာ လိုပဲ၊ အင်း သနားတော့ သနားစရာပဲ၊ တော်သေးတာပေါ့ ဒီပြဿနာတွေကို စိုးထိုက်အောင် မသိသွားတာ''

နေဇင်လတ် အားစက်စွာ ပြုံးလိုက်၏။ ဒီလိုတော့ နိဂုံးချုပ်လို့ ဘယ်ရမလဲ၊ မြွေပွေးဆိုတာ ထိလာမှတော့ ဘာသတ္တဝါကိုမှ ခြွင်းချက်ထား လို့ မရပေ။

''သူ့ရုံးကို ပြန်ရောက်ရင် သိတော့မှာပါ ၊ ငါ စာတစ်စောင်နဲ့ စီဒီတစ်ချပ် သူတို့ကုမ္ပဏီ လုံခြုံရေးကနေ တစ်ဆင့် ပေးခိုင်းခဲ့တယ်''

''ဘာ စီဒီ လဲ''

နေဇင်လတ် စကားကို မင်းမင်းထွန်း ရှင်းသဖြင့် မေးလိုက်၏

''ငါနဲ့ ကေသီချို ဒီကောင် စိုးထိုက်အောင်အကြောင်း ပြောကြတာရယ်၊ ငါနဲ့ ကေသီချို နှစ်ယောက်တည်း ပြောခဲ့ကြတဲ့ ချစ်စကားတွေ အသံသွင်းထားတာကို စုပြီး MP3 ခုတ်ထားတဲ့ စီဒီအခွေလေ''

နှစ်ယောက်စလုံး နေဇင်လတ်၏ လုပ်ရပ်ကို ထန့်ဖျပ်သွား၏ ဒီကောင် ဒီလောက်တောင် ထောင့်စေ့နေအောင် လုပ်နိုင်ပါ့လေား။

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း နေဇင်လတ်၏ ပုံမှန်မဟုတ်သော စိတ်အခြေအနေကို စိုးရွံ့လာ၏။

"မင်းဟာက…"

မြင့်ဆွေ စကားမဆုံးခင်ပင်

"ဟုတ်တယ် ငါ ဘယ်သူ့ကိုမှ အလွှတ်မပေးဘူး၊ ငါ့ဆီကထဲ လှသွားသေးတယ်၊ ငါ့ကိုလဲ သူခိုးလို့ စွပ်စွဲသေးတဲ့လူကို ငါက ဒီအတိုင်း လွှတ်ပေးလိုက်ရမှာလား မရဘူး၊ ဒီကောင် စိတ်ထဲ ဆုပ်လည်းရှုး စားလည်းရှုး ဖြစ်အောင် ငါလုပ်တာ၊ မပြီးသေးဘူး.. ကေသီချို ကုမ္ပဏီ ကိုလဲ စာတစ်စောင်နဲ့ စာချုပ် မိတ္တူတစ်စောင် ပေးထားတယ် ၊ ကေသီချို ရုံးပြန်တက်တဲ့နေ့ ပေး ပေးပါလို့"

"ဘာ! ဘာစာချုပ်လဲ"

အထိတ်တလန့် နားမလည်နိုင်စွာ မေးလိုက်သော မြင့်ဆွေ နှင့် မင်းမင်းထွန်းကို သူ ရင်နာစွာနှင့် ပြုံးလိုက်၏။

"ငါ နော်နော်ဝိုး နဲ့ မနေ့ကပဲ တရားရုံးမှာ လက်ထပ်လိုက်ပြီ"

"ဘာ!"

"မင်း ရူးနေလား နေဇင်လတ်! ၊ ဒါ ကလေး ကစားနေတာ မဟုတ်ဘူး၊ မင်းခေါင်းထဲမှာကော ဦးနှောက်မှ ရှိသေးရဲ့လား"

"ဟုတ်တယ် နေဇင်လတ်၊ မင်းလုပ်နေတာတွေက ဘာမှ အဓိပ္ပါယ် မရှိဘူး၊ မိန်းမတစ်ယောက်ကို နာကြည်းတယ်ဆို သူနဲ့ လွတ်အောင်နေပေါ့၊ ခုဟာက ဘာမှမဟုတ်တဲ့ မိန်းမတစ်ယောက် အတွက်နဲ့ ကိုယ့်ဘဝကိုယ် သတ်ရတယ်လို့"

မြင့်ဆွေ စကားကို ဝင်ထောက်ခံပေးသည့် မင်းမင်းထွန်း စကားကို ဆုံးအောင် နေဇင်လတ် သည်းခံပြီး နားထောင်ပေးလိုက်၏။

"ပြီးတော့ ခုလို လုပ်မယ်ဆိုတာလည်း ငါတို့ကို အနည်းဆုံး



တော့ ကြိုပြောသင့်တာပေါ့၊ ခုဟာက ငါတို့ကိုယ်တိုင် မင်းဆောင်ချောက် ထဲမှာ ညှပ်ပြီး ကျန်နေခဲ့တာ ၊ မင်းလုပ်တာ ပုံစံမကျဘူး နေဇင်လတ်၊ ငါမကျေနပ်ဘူး"

"လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိတယ် မင်းမင်းထွန်း၊ အဲဒီအတွက် မင်းတို့ကို ငါ ဘာပေးဆပ်ရမလဲ ၊ မင်း ငါ့ကို ထိုးဦးမလား ထိုးလေ…. ဒါမှမဟုတ် ငါ ဘာလုပ်ပေးရဦးမလဲ ပြော.."

အခန်းတွင်း ခေတ္တ တိတ်ဆိတ်သွားသည်။

"ဒီမှာ သူငယ်ချင်း မင်းတို့ ငါ့ကို စိတ်ဆိုးချင်လဲ ဆိုးကြ၊ ငါ ..ဘယ်သူ့ကိုမှ ယုံလို့မဖြစ်တော့ဘူး၊ မင်းတို့သိအောင် ငါ ပြောပြမယ်၊ ကေသီချိုကို… ငါ……ဘဝနဲ့ရင်းပြီး ချစ်ခဲ့တယ်၊ မင်းတို့ ကြားဖူးတယ် မဟုတ်လား၊ အချစ်ကြီးရင် အမျက်ကြီးတယ် ဆိုတဲ့ စကားလေ၊ ငါ သူ့အပေါ် ရိုးသားသလောက်၊ ကောင်းခဲ့သလောက် ငါ့အပေါ် ယုတ်မာခဲ့တယ်…..ဲ………

ငယ်ငယ်လေးထဲက ငါသဘောကျတဲ့ ဥပဒေတစ်ခုရှိတယ် မင်းတို့လဲ သင်ဖူးမှာပေါ့ "မျက်လုံးတစ်လုံး ဆုံးရင် မျက်လုံးတစ်လုံးချွန်း သွားတစ်ချောင်းဆုံးရင် သွားတစ်ချောင်းခြင်း" ဆိုတဲ့ ဓမ္မသတ် ကိုစ ဥပဒေ လိုလေ၊ ကေသီချိုကြောင့် ငါဘယ်လောက် အရှက်တကွဲ ဖြစ်ခဲ့ရသလဲ၊ ငါ့ရုံး ငါ့အလုပ် ငါ့နေရပ်မှာ ငါ ဘယ်လို ဖြစ်ခဲ့သလဲ… မင်းတို့သိလား၊…. ဘယ်နေရာသွားသွား သူနဲ့တတ်သတ်ပြီး.. ငါကျရှုံးခဲ့ ရတာ၊ စိုးထိုက်အောင်နဲ့တွဲပြီး ငါ့ဝတ်ဝန်းကျင်မှာ မိုးမမြင် လေမမြင် တွဲပြခဲ့တာ၊ …ငါ ဘယ်လို နေခဲ့ရသလဲဆိုတာ ဘယ်သူမှမသိဘူး၊ ငါ မလုပ်ခဲ့တဲ့ အပြစ်အတွက် ငါ မပေးဆပ်နိုင်ဘူး သူငယ်ချင်း၊ လူတွေ ငါ့ကို စိုက်ကြည့်တဲ့ အကြည့်တွေမှာ သိပ်သေးစရာ ကောင်းပါလား ဆိုတဲ့အကြည့်တွေ၊ --ငါ သူ့ကို အသွေးအသားထဲက

www.burmeseclassic.com



ချစ်ခဲ့သလို ခု အသွေးအသားထဲကကို နာတယ်…ငါ သူ့ကို နိုင်ဖို့ ပြင်းဖယ်နိုင်ခွင့်ရဖို့ ငါ ဘာနဲ့ လဲရမလဲ၊ ငါ ဘာပေးဆပ်ရမလဲ ငါ လဲမယ်၊ ငါ ဘာပဲ လုပ်ရလုပ်ရ နောက်ဘဝမှာ ငါဘာပဲဖြစ်ဖြစ် ငါ ပေးဆပ်မယ် အရေးကြီး တာ ဒီဘဝမှာ ငါ သူ့ကို ကလဲ့စားချေနိုင်ဖို့ အရေးကြီးတယ်၊ အဲဒါ ကြောင့် ငါ ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ လုပ်တာ''

အာဃာတမီး တလျှံလျှံပြီး တောက်လောင်နေသော နေဇင်လတ်ကို ကြည့်ပြီး သူငယ်ချင်း နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်၏။

ခုချိန်မှာတော့ ဘာတရားနဲ့မှ ချုပ်၍ မရနိုင်တော့၊ အရာရာ အားလုံးသည် လွန်ခဲ့လေပြီ။ ခုမှပဲ အချစ်ဆိုတာ အသွားနှစ်ဖက်ရှိသော ဓါးတစ်မျိုးပါလားဟု မသက်မသာဗင် မြင့်ဆွေ တွေးလိုက်၏။

ကေသီချို့တို့ စိုးထိုက်အောင်တို့ကို ဘယ်လို မျက်နှာပြရမှန်းပင် မသိတော့။

''မင်း နော်နော်စိုးကိုတော့ မနစ်နာပါစေနဲ့ကွာ၊ သူနဲ့ ဘာမှ မဆိုင်ဘူးနော်……''

''စိတ်ချ သူငယ်ချင်း၊ ငါ သစ္စာတရားကို ကိုးကွယ်တဲ့ကောင်ပါ၊ မိန်းမတစ်ယောက်ကို ယူတယ်ဆိုတာ ဘဝတစ်ခုကို ထူထောင်တာပဲ၊ ငါ မနော်ကို အသုံးချဖို့သက်သက် ယူတာမဟုတ်ဘူး။ မနော်နဲ့သာဆို ငါရဲ့ စိတ်ကို ပိုပြီး လုံခြုံစေမယ်ထင်လို့ ငါ အသေအချာ ဆုံးဖြတ်ပြီးမှ ယူတာပါ''

''မင်း အဖေနဲ့ အမေရော သိလား''

မြင့်ဆွေရဲ့ အမေးကို ခေါင်းခါလိုက်ရင်း

''ဟင်အင်း…မသိသေးဘူး၊ ဒါပေမယ့် ပြဿနာတော့ ရှိမှာ



ဘူး၊ အိမ်မှာက ငါ့သဘောပါ၊ ဘာသာမတူတာလေးပဲ ပြဿနာရှိတယ်၊ ခုဟာက မနော်က အဖြေပေးတဲ့ရက်မှာ ငါက ပိုပြီး လေးနက်စေချင်လို့ပါ''

မင်းမင်းထွန်းနှင့် မြင့်ဆွေ နှစ်ယောက်လုံး မရယ်ချင် ရယ်ချင်နှင့် ရယ်လိုက်၏။

''မကာကွယ်စမ်းပါနဲ့ နေဇင်လတ်ရာ၊ မင်း ခုလို အားချင်း လက်မှတ်ထိုးလိုက်တာ ကေသီချိုကို အနိုင်နဲ့ ပိုင်းချင်လို့ မဟုတ်လား၊ မင်းစိတ်ကို ငါတို့ သိပါတယ်ကွာ၊ စေတနာနဲ့တော့ ငါတို့ သတိပေးချင်တယ်၊ ခုဆို မင်း ပြောခဲ့တဲ့ ကစားပွဲက ပြီးသွားပြီလေ၊ မြန်မာစကားပုံ တစ်ခု ရှိတယ်၊ ပွဲပြီး မီးသေ ဆိုတဲ့ စကားပဲ၊ မင်းရင်ထဲက မီးသေဖို့ လိုသလို မင်းလုပ်ခဲ့တဲ့ လုပ်ရပ်ရဲ့ အကျိုးသက်ရောက်မှုကိုလည်း မင်း လက်ခံရလိမ့်မယ်၊ အဲဒီအခါ မင်း ခံနိုင်ရည် ရှိပါစေလို့ပဲ ငါ မျှော်လင့်ပါတယ်၊ ဒီလိုမှ မဟုတ်ဘူးဆိုရင်တော့……''

နေဇင်လတ် ဘာမှဆက်ပြီး မပြောလိုတော့၊ တွေးပြီး လျှောက်ခဲ့သောလမ်းအတွက် ဘာတစ်ခုမှ တွေးပြီး စိတ်မဆင်းရဲချင်တော့။

ယခုလောလောဆယ်တော့ အတိတ်ကို အ[illegible]တ်မှာပဲ ထားခဲ့ချင်တော့ သည်။ အခါခါ ချိုမြိန်ခဲ့ဖူးသော အဆိပ်သီး၏ အတ္တုပ္ပတ္တိကိုလည်း ပြန်မဖတ်ချင်တော့။

သေချာသည်ကတော့ ပျော်မည်ဟု ထင်ခဲ့သော အခြေအနေ တစ်ရပ်ကို တကယ်ရောက်ခဲ့သောအခါ ထင်သလောက် မပျော်ရပါလားဟု စိတ်က သိလိုက်၏။

ခုချိန်မှာတော့ မြင့်ဆွေ ထိုးလိုက်၍ နာနေသော နာခေါင်း၏ တစ်စစ်စစ် နာကျင်မှုကိုသာ သိနေတော့ သည်။ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုသည်မှာလည်း တဆစ်ဆစ် ကိုက်ခဲတတ် သည့် ဒဏ်ရာတစ်မျိုး ပိုးတစ်မျိုးပါလား ဟူသာ.....။

♥ ♥ ♥ ♥

သူငယ်ချင်းနှစ်ယောက် ပြန်သွားချိန်မှာတော့ သူ့စိတ်ကို လျှော့ချလိုက်၏။ မှတ်မိုတ်အိပ်ချဖို့ အခန်းတံခါးကို ပိတ်လိုက်စဉ် ခြံတွင်း ဗံဒါပင်အောက်ရှိ ခုံတန်းကို မြင်လိုက်ရစဉ် ရင်ထဲမှ ဝေဒနာတို့သည် အရည်တစ်မျိုးအဖြစ် ပြောင်းလဲထွက်ကျလာသည်။

ယောက်ျားတန်မဲ့ မျက်ရည်ကျရပါလားဟု ကိုယ့်ကိုကိုယ် အပြစ်မတင်လို့တော့၊ ဒီခုံတန်း ပေါ်မှာ...ဒီခုံတန်းပေါ် အခါခါတီးပြခဲ့သော သီချင်းတစ်ပုဒ်သည် စိတ်ထဲမှာ ယောက်ယက်ခတ်၍ သူ့ကို လှောင်ရယ်ကျီစယ်နေသလို.....။

ချို့ရှယ်... အခါခါ ကြေမွခဲ့တဲ့ နှလုံးသားဟာ ခုတော့ အသက်ပြန်ဝင်ဖို့၊ ပြန်ခံစားတတ်ဖို့ထက် မေ့တတ်ဖို့ပဲ သင်ပေးနေခဲ့ပြီလေ။

ကိုယ့်ကို ခု ပြန်ချစ်ပါတယ် ဆိုတာကိုလဲ မယုံဘူး၊ အရင်က ချစ်ခဲ့ပါတယ် ဆိုတာကိုလဲ မယုံဘူး၊ ဒါပေမယ့် အတွေ့ရှိတဲ့ လူသားပီပီ ကံကြမ္မာကိုတော့ ကိုယ်ဆုနှင့် ထပ်တူညီတဲ့အထိ ရချင်နေသေးတယ်...

တကယ်တော့ အချစ်ဆိုတာ ပေါင်းဖက်ရမှမဟုတ်ဘဲ..... ဝေးကွာသည့်တိုင်..... ထာဝစဉ် ရှင်သန်နေနိုင်သည့်အပင် တစ်မျိုး ဆိုတာ.....။

♥ ♥ ♥ ♥



## ၂၀

တွေးလိုက်တိုင်း နာကျင်ခဲ့သောစိတ်၊ ရှက်ရွံ့သောစိတ်သည် ခြေဖျားမှသည့် ဆံဖျားထိ တွန့်ထိုး ရှန်းကန်နေဆဲ။

လုပ်ရက်လေခြင်း ဟူသော အသံမဲ့စကားတို့သည် ခွန်ကိုမင် နှလုံးအိမ်အတွင်းမှာ အထပ်ထပ် ပဲ့တင်ထပ်နေလျှက်။ ဘာကြောင့် ဒီလို လုပ်သွားသလဲဆိုတာကို ပြန်စဉ်းစားကြည့်တိုင်း မရှုမလှသော အဖြေကိုသာမသိစိတ်က ညှာညှာတာတာ ပေးနေစမြဲ။

ငါ့ကို လက်စားချေလိုက်တာလား။ သူငယ်ချင်းတွေ ရှေ့မှာ အလဲလဲအကွဲကွဲ ဖြစ်ခဲ့ရတာ၊ တရားရုံးရောက်မှ သတို့သား မလာ၍ ပြန်ခဲ့ရတာ၊ ဒါ့ပြင် အိပ်မက်တစ်ခု ဖြစ်နေခဲ့ရင် သိပ်ကောင်းမှာ ပဲဟု စိတ်က မဖြစ်နိုင်မှန်းသိလျှက်နှင့် တွေးလိုက်၏။

ကိုစိုး.. အိမ်ကို ပြန်ပို့ပေးပြီးတတည်းက ဘယ်သူ့မှ စကားမပြောဘဲ အိပ်ခန်းထဲ ဝင်အိပ်နေသည်မှာ ခုထိ၊ အတွေးတို့နှင့်သာ

www.burmeseclassic.com

www.burmeseclassic.com



လုံးချာလိုက်နေဆဲ၊ ကိုစိုး… ဒီပြဿနာကို မသိသေးသည်ကိုပဲ ကျေးဇူးတင်ရမလို။

ဒါကလဲ စိုးစိုးမြတ်က မှတ်ပုံတင်ပျောက်လို့ လာကျမ်းကျိန်တာပါလို့ ဉာဏ်ကူလိုက်၍ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒီငွေကောင်ကို တွေ့အောင်ရှာပြီး မျက်နှာချင်းဆိုင် ရှင်းလိုက်ချင်သည်။

"သမီးရေ မမော် လာတယ်ဟေ့"

မာမိုအသံကြောင့် ကုတင်ပေါ်မှ လူးလဲထလိုက်ပြီး ရှုပ်ပွနေသော ဆံပင်ကို ကမန်းကတန်း ဖီးလိုက်၏။ ခုလို စိတ်ညစ်နေသည့်အချိန်၊ ဒေါသထွက်နေသည့်အချိန်မှာ ဘယ်သူနှင့်မှ မတွေ့ချင်။ ရင်ထဲကသောကကို ဟန်လုပ်ရင်း ဧည့်ခန်းထဲသို့ ထွက်လာခဲ့၏။ ခွင့်ယူထားပြီး မနက်ဖြန် ၈၌ အလုပ်ဆင်းရတော့မည့်ဥစ္စာ၊ ဘာကိစ္စများ ရှိလို့ပါလိမ့်ဟု တွေးရင်း မမော်နှင့် မာမီတို့ ရှိရာသို့ သွားလိုက်သည်။

"ဒီမှာလေ အပြင်က ပြန်ရောက်ကာတည်းက အခန်းထဲ ဝင်နေလိုက်တာ၊ ခုမှပဲ ထွက်တယ်လေ၊ အိမ်မှာက အန်တီနဲ့ ဒီသမီးပဲ ရှိတော့တာ၊ သူ့အဖေက ဒီနှစ်ကုန်မှ သင်္ဘော ပြန်ဆင်းမှာ၊ အစ်ကိုတွေ အစ်မတွေကတော့ အိမ်ထောင်တွေနဲ့ဆိုတော့ တစ်လနေလို့ တစ်ခါတောင် မလာအားကြဘူးလေ၊ ကဲ ကဲ စကားပြောကြဦး အန်တီ ရေချိုးလိုက်ဦးမယ်"

ဒေါ်မြင့်မြင့်မှာ သမီးမလာသေးခင် ဧည့်ခံ စကားပြောနေရင်းမှ သမီးဖြစ်သူ ကျေသီချို ရောက်လာမှ လွတ်လွတ်လပ်လပ် စကားပြောလို့ ရရန် ဧည့်ခန်းထဲမှ ထွက်ပေးလိုက်၏။

"မမော်..ကုမ္ပဏီက ဘာမှာလိုက်လို့လဲ မနက်ဖြန်ပဲ ကျွန်မ အလုပ်ဆင်းတော့မယ့် ဥစ္စာ"

မမော်မှာ ကျေသီချို စကားကို အဖြေမပေးနိုင်သေးဘဲ ဧည့်ခန်းထဲ လူရှိမရှိ ကြည့်ပြီးမှ လွယ်ရင်းသည်နှင့် စလင်းဘက်အိတ်ထဲမှ စာအိတ်အညိုကို ထုတ်လိုက်ရင်း…

"အရေးကြီးလို့ဟေ့.. ဒီစာအိတ်ကြောင့်ပဲ နင့်ဆီ အလုပ်က ဆင်းဆင်းချင်း လာရတာ"

မမော် ကမ်းပေးလိုက်သော စာအိတ်ကို လှမ်းယူလိုက်ပြီး နားမလည်စွာဖြင့် ….

"ဘာစာအိတ်လဲ…၊ စာအိတ်က ဖွင့်နေပါလား…၊ ဘယ်သူ လာပေးတာလဲ.."

"နင့်မေးခွန်းတွေကလဲ များလိုက်တာ..၊ နေ့ခင်းက လုံခြုံရေး ဦးသန်း …ငါ့ကို လာပေးတာ၊ လူငယ်တစ်ယောက်က နင့်နာမည်ပြောပြီး လာပေးသွားတယ် ……ပေးကတည်းက စာအိတ်က ဖွင့်နေတာ၊ ငါ ဖောက်ဖတ်တာ မဟုတ်ဘူးနော်၊ ဒါနဲ့ ငါလဲ ဘာလဲဆိုပြီး ကြည့်လိုက်တာ တော်သေးတာပေါ့၊ ငါ့လက်ထဲရောက်လို့၊ နိုမို့ နင်နဲ့ မတည့်တဲ့ မသော်တို့ဆီသာ ရောက်သွားလို့ကတော့ နင်တော့သေပြီပဲ…"

မမော်စကားကို နားထောင်ရင်း စာအိတ်ထဲမှ စာရွက်ကို ထုတ်လိုက်၏။

မိတ္တူကူးထားသည့် စာရွက်တစ်စောင်နှင့် သူမရင်းရင်းနှီးနှီး သိနေသော လက်ရေးနှင့် စာက တစ်စောင်။

မိတ္တူစာရွက်က ကလစ်နှိပ်ထားသဖြင့် စာကိုသာ အရင်ဖတ်လိုက်သည်။

ဒီတ်ခနဲ တက်လာသော နှလုံးသွေးတို့၏ ...ည်းဝါးမညီမှုကြောင့် စာရွက်ကိုင်ထားသော သူမလက်ကိုပင် သူမ ...စိုးမရတော့။

www.burmeseclassic.com

မမော် ပြောနေသော စကားတို့က နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်။ သူမ မျက်စိထဲမှာတော့ စာရွက်ဖြူဖြူထဲမှ စာသားတို့သည် မြားချက်များ သဖွယ် သူမ၏စိတ်ကို ဖျစ်ညှစ် ထိုးနှက်နေလေ၏။ . . . .

မကေသီချို . . . . . .

တော်တော်လေး ခံစားလိုက်ရပြီထင်ပါတယ် စိတ်မကောင်း ပါဘူး၊ တကယ်ပါ၊ ရည်းစားဟောင်းနဲ့ လက်မှတ်ထိုးမယ့် တရားရုံးမှာ ရည်းစားသစ်က လာလိုက်ခေါ် ရတယ်ဆိုတော့ တကယ်ဖြစ်ဖြစ် မကေသီချိုစိတ်ထဲမှာ ကျွန်တော်ဆိုတဲ့ အပစ်ပယ်ခံ ယောက်ျား တစ်ယောက်က စိုးထိုက်အောင်ဆိုတဲ့ ခင်များ မက်မက်မောမော ရွေးချယ်ခဲ့တဲ့ ယောက်ျား တစ်ယောက်ထက် တန်ဖိုးပိုရှိတယ် ဆိုတာ ပြင်းလို့ရမယ်တော့ မထင်ဘူး။

အမှန်ကတော့ ခင်များတို့နှစ်ယောက်ရှေ့မှာ ခင်များတို့ရဲ့ ကျဆုံးခန်းကို ကျွန်တော် မြန်မြန်ပျက်ပျက်ကြီး အရသာခံကြည့်ချင်ခဲ့တာ . . ။ ဒါပေမယ့် တစ်ချိန်တုန်းက ပတ်သက်ခဲ့ဖူးတဲ့ သံယောဇဉ် တစ်ခုကြောင့် ဂယ်ပေါက်တစ်ချက်ကို ဖွင့်ပေးခဲ့တာပါ၊ မကေသီချို ဒီစာကိုဖတ်ရချိန်လောက်မှာပဲ ဒီစာနဲ့ အနီးစပ်ဆုံး အဓိပ္ပါယ်တူတဲ့ စာတစ်စောင် စိုးထိုက်အောင်ဆီရောက်နေပြီ ဖြစ်သလို ခင်များနဲ့ ကျွန်တော် တစ်ယောက်ကိုတစ်ယောက် သစ္စာ အပ်နှံရေတာတွေ မြှုပ်နေတာတွေ ပါဝင်တဲ့ အသံပါတဲ့ စီဒီ တစ်ချပ် ရောက်နေလောက်ပြီ။

လောကမှာ သမင်စားလို့သောတဲ့ ကျား ဆိုတာ မရှိပါဘူး . . . ကျားစားလို့သောတဲ့ သမင်ဆိုတာပဲ ရှိတယ်၊ မကေသီချိုလဲ . . .

BURMESE CLASSIC



ထွေငေါ်သော လှောင်ပြောင်သော စကားလုံးတို့ထက် အပြီးတိုင် ခွဲခွါ လိုက်ရပြီဆိုသော အသိကရင်ကို ပို၍ နာကျင်စေ၏။

ရှူထုတ်လိုက်သော လေတို့သည် ခုတော့ ပြန်ဝင်ရန် မစွမ်းနိုင်တော့။

အရာရာတွင် အသိသည် ဝေးဝါးမှောင်ရီစွာ ကျရောက်လာ၏။

အချစ်ဆိုသည်မှာ လူ့လောက၏ အဓိက ခွန်အားတစ်ခု ဖြစ်သည်ဟု သူမ သိလိုက်သည့် အချိန်မှာတော့ သူမ နှလုံးသားတစ်ခုလုံး ကားစင်ထက်မှာ ကျန်ရစ်ခဲ့လေပြီ။

ခုချိန် နေဖင်လတ်သာ . . . သူမဘေးမှာ ရှိခဲ့လျှင် သူမ ပြောခဲ့ချင်သေးသည်။

အချစ်ဆိုတာ ဝေဒနာတွေနဲ့ နှောင်ဖွဲ့တတ်သောအရာ ဆိုတာကို . . . ။

◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

(နိဂုံး)

ရယ်ရယ်မောမောနှင့် သူငယ်ချင်းများကို နှုတ်ဆက်နေသည့် ကိုနေကို ကြည့်ပြီး သူမကိုယ် သူမ အိမ်မက်များ မက်နေသလားဟု စိတ်ထဲက ထင်မှတ်မှားမိ၏။

မြန်းစားကြီး ဒီလို အခြေအနေသို့ ရောက်ခဲ့သည့် သူမကိုယ် သူမ မယုံမရဲ ။ ကိုနေ··· စိတ်ထဲ သူမနှင့် ပတ်သက်ပြီး တစ်ခုခုတော့ ရှိချင်မှ ရှိလိမ့်မည်။ ရှိလဲ ရှိပေလိမ့်မည်။

သို့သော်လဲ ဒါကပြဿနာမရှိ။ သူမတို့ နှစ်ဦး အနက် ··တစ်ဦးဦးက ချစ်နေဖို့ သာ အရေးကြီးသည်။ သူမ ဘက်သို့လှည့်ကာ ပခုံးကို ဖက်၍ ညှစ်လိုက်သည့် ကိုနေကို သူမ ပြုံး၍ ချစ်ခြင်းများစွာဖြင့် အားကိုးတကြီး မှီနွဲ့လိုက်၏။

..............................................

နေဇင်လတ်ကို အားကိုးတကြီး ဖက်တွယ်ထားသည့် ဆော်နော်စိုးကို သူငယ်ချင်းများက ပိုရန်ကော ဟူသည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ကြသည်။

သူငယ်ချင်းတွေ မည်သို့ကြည့်ကြည့် သူမအတွက်က ဘာတစ်ခုမှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့။ ဒီအချိန်မှာ သူမနားလည် နေခဲ့တာ········။

"အချစ်ဆိုတာ သန့်စင်သော ပျော်ရွှင်ခြင်းတွေနဲ့ ဖွဲ့စည်းတတ်သော အရာဆိုတာကိုသာ"....

မိုးသက်မင်းရှင်

**Coming Soon**

# မိုးသက်မင်းရှင်

# နှလုံးသား ကျောင်းဖွင့်ရာသီ

(ကျောင်းသားဘဝအတတ်လမ်း)

စင်ငြိမ်စာပေ ရွှေထွက်ရှိမည်

www.burmeseclassic.com